# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ တနင်္ဂနွေနေ့။ Sunday, 29 January 2023 ၁၀၉၉၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ ၆၈ ဒသမ ၆ ဒီဂရီ ပင့်ထောင်ပူဇော်ပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ထောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻




မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သံမဏိမျှော်စင် ဝန်ချီစက် အသုံးပြု၍ ရတနာပလ္လင်တော်ထက်သို့ ပင့်ထောင်ပူဇော်လျက်ရှိရာ ဇန်နဝါရီ ၂၈ ရက် ည ၁၂ နာရီတိတိတွင် ၆၈ ဒသမ ၆ ဒီဂရီအထိ ရောက်ရှိနေမှုကို ဖူးတွေ့ရစဉ်။



**ယနေ့ ဖတ်စရာ**

**ဆိုဗီယက် / ရုရှားခေတ်များမှ အားကျအတုယူဖွယ်မျိုးချစ်စိတ်ဓာတ်** ဆောင်းပါး စာမျက်နှာ » ၆

**မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီစုံညီပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ** စာမျက်နှာ » ၇

**KG + 9 နှင့် အသက်မွေးဝမ်းကျောင်း ပညာရေး အလေးထားဦးစားပေး** ဆောင်းပါး စာမျက်နှာ » ၁၀





**"ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်လွှာ"**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်းမှ ကျောက်စာဓမ္မစေတီတော်များရှိ ကျောက်စာချပ်(၁၄၄၀)ချပ်အပေါ်တွင် ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ကျမ်း (၄၀)အုပ်တို့ကို ပါဠိ - မြန်မာ ( Pali-Myanmar)၊ ပါဠိ - ရိုမန် ( Pali-Roman)အက္ခရာနှစ်မျိုးတို့ဖြင့် ကျမ်းစာအုပ်တစ်အုပ်တွင် ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ ဂျပန်နိုင်ငံထုတ်(Creamy Coated Paper) တွင် သားရေအဖုံးရွှေသွင်းတို့ဖြင့် စနစ်တကျ စီစစ်ပြုစုပုံနှိပ်ပြီး ထေရဝါဒဗုဒ္ဓဘာသာ သင်ကြားပေးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ တက္ကသိုလ်ကြီးများ၊ သာသနာပြုကျောင်းများ၊ ပြည်တွင်းရှိ စာသင်တိုက်များ နှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အပြင် အလှူရှင်မှကိုယ်တိုင်ဝယ်ယူ၍ မိမိအစီအစဉ်ဖြင့်လှူဒါန်းလိုပါကလည်း ကျမ်းစာအုပ်များ၌ **အလှူရှင်၏အမည် ကမ္ပည်းမှတ်တမ်း**အား အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး **ပိဋကတ်ပါဠိတော် ၅၃ကျမ်း(၄၀)အုပ်တစ်စုံ လျှင်(၂၀ သိန်း)**ကျပ်နှုန်းဖြင့်လှူဒါန်းပူဇော်နိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် – ဦးစိုးလွင်ကျော် – ဖုန်း – ၀၉၆၉၁၀၀၀၉၆၉၊ ၀၉၄၅၀၀၇၀၀၂၉ ဒေါ်အေးအေးကြည် ၊ ဖုန်း – ၀၉၄၂၉၇၂၂၅၄၈၊ ၀၉၂၅၅၈၂၅၂၁၆

ကြေးမုံ

# လူနေမှုစနစ်ကိုမြှင့်တင် ဘဝမျှော်မှန်းချက်မြင့်မား

ဘဝတစ်ခု ရှင်သန်ရပ်တည်နေထိုင်မှုတွင် ကျန်းမာရေးသည် အရေးကြီးဆုံးအချက်ဖြစ်သည်။ ကျန်းမာမှ အသက်ရှည်ကြာနေထိုင်နိုင်ကာ ကောင်းကျိုးအဖြာဖြာတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြည်သူများ အသက်ရှည်ကျန်းမာရေးအတွက် လူနေမှုစနစ်မြှင့်တင်ပေးရန် လိုအပ်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)တွင် ရှင်းလင်းပြောကြားခဲ့သည်။

အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်သည့် လူ့ဘဝမျှော်မှန်းချက်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်သက်ဆိုင်ပေသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာအောင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် လူမှုစီးပွားစနစ်မြင့်တက်လာအောင် ကြိုးပမ်းဆောင်ရွက်နေရပေသည်။ ကျန်းမာရေးသည် အရေးကြီးဆုံးဖြစ်သည်ကို မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလက အခြေအနေများက သက်သေပြခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် ပုံမှန်အခြေအနေ၌ပင် ကျန်းမာရေးအတွက် လိုအပ်ချက်များစွာရှိခဲ့သည်။ ကျန်းမာရေးနှင့်လူမှုဘဝ လိုအပ်ချက်များစွာရှိနေသဖြင့် လူ့ဘဝမျှော်မှန်းသက်တမ်းသည် ၆၇ ဒသမ ၄ နှစ်သာရှိပြီး အိမ်နီးချင်းနိုင်ငံများတွင် အနိမ့်ဆုံးအဆင့်ဖြစ်နေသည်။

လူတိုင်းလူတိုင်းသည် အသက်ရှည်မှု၊ ကျန်းမာမှုကို အလိုရှိကြသည်။ အသက်ရှည်ကျန်းမာစွာ နေထိုင်လိုကြသည်။ သို့သော် အကြောင်းကံမပေးသဖြင့် ပြည်သူအများစုသည် အသက် (၇၀) အောက်မှာပင် သက်တမ်းမရှည်စွာ နေခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံစနစ်များ တည်ဆောက်နိုင်ရန်လိုသည်။ မျက်မှောက်ကာလတွင် စီးပွားရေးကောင်းမွန်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းတို့ လိုအပ်သဖြင့် ထိုအခြေခံကောင်းများရရှိလာအောင် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး လုပ်ကိုင်ဆောင်ရွက်ကြဖို့လိုအပ်မည်ဖြစ်သည်။ အနာဂတ်ကာလတွင် အသိပညာပြည့်ဝသည့် လူသားအရင်းအမြစ်များ ပေါ်ထွက်လာအောင် အခြေခံကျသည့်ပညာရေးကို တည်ဆောက်ရမည်ဖြစ်သည်။

အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန်အတွက် လူနေမှုစနစ်ကို မြှင့်တင်ပေးရန်လိုအပ်ပေရာ စီးပွားရေးကောင်းမွန်လာအောင် ပြုလုပ်ရမည်ဖြစ်သည်။ နိုင်ငံ့စီးပွား၊ ပြည်သူများ ကိုယ်စီကိုယ်စီ စီးပွားရေးကောင်းမွန်လာစေရန်အတွက် ကုန်သွယ်စီးပွား၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများရေးကို ဖန်တီးရမည်ဖြစ်သည်။ ငွေကြေးတန်ဖိုးတည်ငြိမ်ရေး၊ ငွေကြေးဖောင်းပွမှုမဖြစ်စေရေးအတွက် အားထုတ်ကြရမည်ဖြစ်သည်။ ပြည်သူများ ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့်အချက်များ ဖယ်ရှားပေးရမည်ဖြစ်သည်။ ပြည်သူများမှာလည်း အသိပညာနှင့်လိုက်နာမှု အားကောင်းဖို့လိုသည်။ အသိပညာဗဟုသုတသည် အခြေခံကျသဖြင့် ပညာရေးကို မြှင့်တင်ပေးလျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရည်မြင့်မားတိုးတက်အောင် ဖော်ဆောင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မျှော်မှန်းသက်တမ်း နိမ့်ကျနေခြင်းမှာ ပညာရေးနိမ့်ကျနေခြင်းနှင့်လည်း ဆက်နွှယ်ပေသည်။

အရွယ်ရောက်လာသော လူငယ်လူရွယ်များသည် ပညာရေးကို ဦးစားမပေးနိုင်တော့ကြောင်းတွေ့ရသည်။ စီးပွားဥစ္စာလိုအပ်မှုကြောင့် ပညာကို ပြီးဆုံးအောင် မသင်နိုင်တော့ဘဲ ရရာအလုပ်ကို လုပ်ကိုင်နေကြသည်။ ကိန်းဂဏန်းအချက်အလက်များအရ အသက် (၂၅ )နှစ်ကျော်ပြီဖြစ်သည့် ပြည်သူအများစု၏ ပညာအရည်အချင်းမှာ အလယ်တန်းအဆင့်အောက်၌ ရှိနေသည်ဟုသိရသည်။

အတန်းပညာများကို ပြီးဆုံးအောင် မသင်ကြားနိုင်သည့် လူငယ်လူရွယ်များအတွက် အနည်းဆုံးပညာအဆင့် KG+9 ကိုဖန်တီးထားသည်။ KG+9 ဖြစ်လာလျှင် အနိမ့်ဆုံး အသက်မွေးဝမ်းကျောင်းပညာ သင်ကြားနိုင်မည်ဖြစ်သည်။ ယခုအခါ စိုက်ပျိုးမွေးမြူရေးပညာသင်ကျောင်းများကို ခရိုင်အလိုက်ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်း ၅၀ ဖွင့်လှစ်ရန် စီစဉ်ထားသည်။ ပညာရေးအတွက် အခြေခံရင်းနှီးမြှုပ်နှံမှုကို နိုင်ငံတော်အစိုးရက မဖြစ်မနေလုပ်ကိုင်ပေးနေသည်။ နိုင်ငံတစ်ဝန်း ခရိုင်အားလုံး ဖွင့်လှစ်နိုင်ပြီးလျှင် မြို့နယ်များတွင် ဆက်လက်ဖွင့်လှစ်ခြင်းဖြင့် ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ ပေါ်ထွက်လာကာ အလုပ်အကိုင်များအဆင်ပြေမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် လူနေမှုစနစ်မြှင့်တင်နိုင်ရန် စီးပွားရေးကောင်းမွန်အောင် လုပ်ဆောင်ကြပြီး စီးပွားရေးကောင်းမွန်စေရန် အသိပညာ၊ အတတ်ပညာ မြှင့်တင်အားပေးနိုင်မည့် ရေတိုရေရှည်မျှော်မှန်းချက်များ အောင်မြင်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၂၈ ရက်ထုတ် ကြေးမုံသတင်းစာ အယ်ဒီတာ့အာဘော် ဒုတိယစာပိုဒ် ပထမစာကြောင်းပါ **Coad of Conduct** အစား **Code of Conduct** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**




## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီလက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိဉာဏဂုဏ်ရည်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာခိုနန်းကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သမ္မဒ္ဒေါဒယကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်ဟသံ္ဘာတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ဓမ္မသုခ ပရိယတ္တိစာသင်တိုက်၊ လှိုင်မြို့နယ်ရှိ ရွာမကျောင်းတိုက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ သဒ္ဓမ္မသိဒ္ဓိကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ မဟာဂန္ဓဝင်အုန်းတောကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ဘုံပျံတောရစက်တော်ရာကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ ရွှေကူကြီးကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိဇောတိကာရာမ၊အေးသာယာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ တောရကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ကြောက်ချောကျောင်း ပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - **ဦးကျော်သူရနှင့်အဖွဲ့** |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် (၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီ သွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

(က) ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း ၀၉-၂၀၁၄၄၇၀
( ခ ) ဒုတိယဗိုလ်မှူးကြီး အောင်ကို ၀၉-၂၅၉၀၉၉၈၉၉

## မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာန၌ ဒုတိယအကြိမ် ဌာပနာတော်သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဒုတိယအကြိမ် ဌာပနာတော်သွင်းလှူပူဇော်သွားမည်ဖြစ်ပါသဖြင့် ကုသိုလ်တော်ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် (၃၀-၁-၂၀၂၃)ရက်နေ့မှ (၈-၂-၂၀၂၃)ရက်နေ့ထိ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်**
၁။ ဦးမင်းမင်းထွန်း၊ ၀၉-၄၂၂၅၁၁၈၈၈
၂။ ဒုတိယဗိုလ်မှူးကြီးစိုးမင်းအောင်၊ ၀၉-၄၉၅၈၇၁၅၇
၃။ ဦးသက်နိုင်၊ ၀၉-၆၉၃၀၁၉၄၉၅

**မန္တလေး**
၁။ ဦးတင်မောင်စိုး၊ ၀၉-၂၅၀၈၆၂၁၅၈
၂။ ဒုတိယဗိုလ်မှူးကြီးဟန်ဝင်းထွန်း၊ ၀၉-၂၀၉၉၀၇၉
၃။ ဦးစိုးဟိန်းနောင်၊ ၀၉-၆၉၅၀၀၈၆၈၀

* ရှေ့ဖုံးမှ

ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော စေတနာရှင်၊ အလှူရှင်များဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

**ပင့်ထောင်ပူဇော်**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ သံမဏိမျှော်စင်ဝန်ချီစက် အသုံးပြု၍ ပင့်ထောင်လျက်ရှိရာ ယနေ့ည ၁၂ နာရီအထိ ရတနာပလ္လင်တော်ထက်သို့ ၆၈ ဒသမ ၆ ဒီဂရီ ပင့်ထောင်ပူဇော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သံမဏိမျှော်စင်ဝန်ချီစက် အသုံးပြု၍ ရတနာပလ္လင်တော်ထက်သို့ ပင့်ထောင်ပူဇော်လျက်ရှိရာ ဇန်နဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီတိတိတွင် ၅၄ ဒသမ ၆ ဒီဂရီအထိ ရောက်ရှိနေမှုကို ဖူးတွေ့ရစဉ်။

## မော်လမြိုင်ကျွန်းမြို့နယ်၌ အတွင်းအောင်ခြင်း ရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါး ပါဠိတော်၊ မြန်မာပြန်နှင့် ဓဇဂ္ဂသုတ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်



**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၈**

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များက သက်ဆိုင်ရာကျောင်းတိုက် အသီးသီးနှင့် မြို့နယ်ဌာနဆိုင်ရာများရှိ ဝတ်အသင်းများနှင့် ပြည်သူများက အတွင်းအောင်ခြင်း ရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါး ပါဠိတော်၊ မြန်မာပြန်နှင့် ဓဇဂ္ဂသုတ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မော်ရောအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ရာတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ပုညဝပုနကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇောတိကနှင့် သံဃာတော်များ၊ မဟာဝတ္ထုကံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝိလာသနှင့် သံဃာတော်များ၊ စွန်းလွန်းကျောင်းတိုက်ဦးစီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တ အာသဘနှင့် သံဃာတော်များက သက်ဆိုင်ရာ ကျောင်းတိုက် အသီးသီး၌ ရွတ်ဖတ်ပူဇော်ခဲ့ပြီး မြို့နယ်ဌာနဆိုင်ရာများရှိ ဝတ်အသင်းများနှင့် ပြည်သူများမှ အတွင်းအောင်ခြင်း ရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါး ပါဠိတော်၊ မြန်မာပြန်နှင့် ဓဇဂ္ဂသုတ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**

■

## မြောင်းမြခရိုင် ဘုရားစေတီများတွင် စုပေါင်းကုသိုလ်ယူ ဆောင်ရွက်

**မြောင်းမြ ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အတွင်းရှိ သမိုင်းဝင်ဘုရားစေတီပုထိုးများနှင့် ရပ်ကွက်၊ ကျေးရွာများတွင် တည်ထားကိုးကွယ်လျက်ရှိသော ဘုရားစေတီပုထိုးများအား ရောင်တော်ဖွင့်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို ယမန်နေ့ နံနက်ပိုင်းတွင် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြောင်းမြခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက ဦးဆောင်ကာ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းဆောင်ရွက်လျက်ရှိရာ မြောင်းမြမြို့နယ်တွင် စကြာသီဟ၊ စကြာနန္ဒ စေတီတော်၊ ရွှေဗုဒ္ဓေါစေတီတော်နှင့် မြောင်းမြမြို့ပေါ်ရှိ ဘုရားစေတီများ၊ ဆင်းတုတော်များကို ရောင်တော်ဖွင့်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်း၊ စေတီတော်ရင်ပြင်များအား တံမြက်စည်းလှဲကုသိုလ်ယူခြင်း၊ ဘုရားပရိဝုဏ်အတွင်းရှိ ချုံနွယ်များနှင့် ပေါင်းမြက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ အိမ်မဲ၊ ဝါးခယ်မ မြို့နယ်များတွင်လည်း ဘုရားစေတီပုထိုးများအား ဌာနဆိုင်ရာများ စုပေါင်း၍ ရေသပ္ပာယ်ခြင်း၊ ရောင်တော်ဖွင့်ထုံးသင်္ကန်းကပ်လှူခြင်းနှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် သန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဒုတိယအကြိမ် လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဒုတိယအကြိမ် လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် သက်ဆိုင်ရာဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများသည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် တရားမျှတမှုအတွက် ဥပဒေဝန်ဆောင်မှုဟူသည့် မဟာဗျူဟာစီမံကိန်းပါ မူဝါဒများနှင့်အညီ ဥပဒေဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ဥပဒေဝန်ဆောင်မှုပေးနေကြောင်း၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးကဏ္ဍကြီး သုံးရပ်စလုံးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့တွင် ဥပဒေရေးရာများ အထောက်အကူပြုခြင်းဖြင့် အရေးပါသောလုပ်ငန်းတာဝန်များကိုထမ်းဆောင်နေသော အဖွဲ့အစည်းလည်းဖြစ်ကြောင်း။

### တိုက်ရိုက်ကြီးကြပ်မှုဖြင့်

ယခုလိုဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ စီမံအုပ်ချုပ်မှုနှင့် လုပ်ငန်းလည်ပတ်မှုခိုင်မာအားကောင်းစေရေးအတွက် ဝန်ကြီးရုံးသည် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဝန်ကြီးရုံးကို ဦးစီးရုံးဌာနခွဲ၊ ဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ၊ မူဝါဒဥပဒေလုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းများ စစ်ဆေးရေးဌာနခွဲ၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲတို့ဖြင့် ဖွဲ့စည်းထားသည့်အပြင် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ ရုံးလုပ်ငန်းများကိုလည်း တာဝန်ယူဆောင်ရွက်နေကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေအရ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌတာဝန်ကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အစိုးရ၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာမူဝါဒများ ပိုမိုခိုင်မာအားကောင်းလာစေရန် တရားမမှု၊ ပြစ်မှုများတွင် မျှတသော တရားစီရင်ရေး ရရှိစေရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ အစရှိသည့် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအား ဥပဒေ၊ နည်းဥပဒေများ၊ ကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁)နှင့် အမှတ်စဉ်(၂)တို့ကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ သင်တန်းများကို ဆက်လက်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေသင်တန်းကျောင်း(Legal Advocacy Center)ကို ဖွင့်လှစ်တည်ထောင်နိုင်ရန် သင်တန်းကျောင်း စတင်တည်ဆောက်နေပြီဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍ သုံးရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကသာ ကျင့်သုံးဆောင်ရွက်ခွင့်ရှိပြီး ပြည်နယ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်စားဆောင်ရွက်ခြင်းသာဖြစ်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ တင်ပြဆောင်ရွက်၍ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်သင့်ကြောင်း၊ တင်ပြတိုင်ကြားစာများအရ မြို့နယ်ဥပဒေရုံးများ၏ ဆောင်ရွက်ချက်နှင့် သက်ဆိုင်သည့်ကိစ္စက အများဆုံးဖြစ်ကြောင်း၊ တင်ပြစာ၊ တိုင်ကြားစာများအရ စိစစ်ကြည့်ရှုသောအခါမှ မှားယွင်းသည်ကိုတွေ့ရှိ၍ ပြင်ဆင်ခဲ့ရသကဲ့သို့ မြို့နယ်ဥပဒေရုံး၏ အကြံပြုချက်ကို ပြင်ဆင်သည့်အတွက် တင်ပြ၊ တိုင်ကြား၍ စိစစ်ပြီးပြင်ဆင်ခဲ့ရသည်များလည်း ရှိကြောင်း၊ စိစစ်ကြီးကြပ်ရန် တာဝန်ရှိသူများ၏ ပေါ့လျော့၊ လွဲမှားဆောင်ရွက်မှုကြောင့်ဖြစ်သည်ဟု သုံးသပ်နိုင်ကြောင်း၊ စိစစ်ကြီးကြပ်ရန် တာဝန်ရှိသူ အဆင့်ဆင့်က မှန်မှန်ကန်ကန်နှင့် ရာထူးအဆင့်နှင့် လျော်ညီသော တာဝန်ကျေပွန်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံးများက ထိန်းကျောင်းတည့်မတ်ရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြပြီး ရုံးလုပ်ငန်းကိစ္စများကို ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း ပေါင်မြို့နယ်၌ နွေစပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေး တောင်သူများထံ ဓာတ်မြေဩဇာများထောက်ပံ့ပေးအပ်

ပေါင် ဇန်နဝါရီ ၂၈

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ပေါင်မြို့နယ်အတွင်းသို့ ရောက်ရှိပြီး နွေစပါး တစ်ဧကအထွက်နှုန်းတိုးတက်ရေး တောင်သူများထံ ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ကာ နှီးစားနွားနှင့် နွားအလှမွေးမြူရေး လုပ်ငန်းကို ကြည့်ရှုအားပေးခဲ့သည်။



### လမ်းညွှန်မှာကြား

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပေါင်မြို့နယ် ဖြူဘကျေးရွာအုပ်စုရှိ နွေစပါးတစ်ဧက တင်း ၁၂၀ ထွက်ရှိရေးဧက ၁၀၀ စံပြစိုက်ကွက်မှ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ ရောက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ပေါင်မြို့နယ်အတွင်း နွေစပါး တစ်ဧကတင်း ၁၂၀ ထွက်ရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က မြေလွတ်၊ မြေလပ်နှင့် မစိုက်ပျိုးနိုင်သည့်မြေများကို ရှာဖွေဖော်ထုတ်ပြီး စိုက်ဧကတိုးမြှင့် စိုက်ပျိုးရန်၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးနှင့် အထွက်နှုန်း လျာထားချက်ထက် ပြည့်မီကျော်လွန်စေရေး အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တောင်သူများ၏ စိုက်ပျိုးရေရရှိရေး ရေနုတ်မြောင်းများ တူးဖော်ပေးနိုင်ရေး၊ စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်နိုင်ရေး တင်ပြတောင်းခံခဲ့မှု အပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပေါင်မြို့နယ် သဲဖြူကုန်း ကျေးရွာအုပ်စု နန်းတော် နှီးစားနွားနှင့် နွားအလှမွေးမြူရေးခြံသို့ ရောက်ရှိကြပြီး နှီးစားနွားနှင့် နွားအလှမွေးမြူရေး လုပ်ငန်းအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပေါက်ခေါင်းမြို့ အမှတ်(၁)အထက်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ပေါက်ခေါင်း ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ ဖလှယ်တတ်စေရန်အတွက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် မြို့နယ်ပညာရေးမှူး ဆရာကြီးဦးအေးလှိုင်တို့က အမှာစကားများ ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးပွဲကျင်းပရာ Grade-10 မှ မောင်အောင်မျိုးမင်းက လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-9 မှ မသက်ဆုကေဇင်က လူငယ်နှင့် မူးယစ်ဆေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-8(A)မှ မလှိုင်ယမင်းထွဋ်က လူငယ်နှင့် ပညာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-8(A)မှ မောင်ဝေဖြိုးအောင်က လူငယ်နှင့် ကိုယ်ကျင့်တရားခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-7(A)မှ မသံစဉ်ဖူးဝေက လူငယ်နှင့် ခွန်အားခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-6 မှ မောင်ဇော်ထက်အောင်က လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် လည်းကောင်း ဦးဆောင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သန်းထွန်းအောင်(ပြန်/ဆက်)



# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဆုချီးမြှင့်ပွဲ၊ ပိတ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဘောလုံးပြိုင်ပွဲ(အမျိုးသမီး)တွင် ဆုရရှိခဲ့ကြသည့် အသင်းများကို ဆုများချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၈**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဆုချီးမြှင့်ပွဲ၊ ပိတ်ပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Social Zone ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် ဒေါက်တာဇော်မြင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားနည်းအလိုက်အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များ အနေဖြင့် ယခု ရရှိထားသည့် အားကစားဆုတံဆိပ်များ၊ စံချိန်များအပေါ် အသိအမှတ်ပြု ဂုဏ်ပြု မှတ်တမ်းတင်ပါကြောင်း၊ မိမိဒေသသို့ ပြန်ရောက်သည့်အခါ အားကစားတွင်သာမက စာပေပညာရပ်တွင်လည်း လစ်ဟင်းမှုမရှိရအောင်၊ ထူးချွန်ထက်မြက်အောင် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း၊ လာမည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အခြေခံပညာကျောင်းသား အားကစားပွဲတော်တွင် ယခုကျင်းပပေးသည့် အားကစားနည်းအပြင် ရေကူး၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်နှင့် ဘတ်စကက်ဘော ပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်၍ ကြိုတင်လေ့ကျင့်ထားရန် မှာကြားလိုပါကြောင်း၊ အားကစားပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေး ပံ့ပိုးကူညီပေးသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း၊ လာမည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ကိုလည်း ယခုထက် ပိုမိုပြည့်စုံကောင်းမွန်စွာ ကျင်းပနိုင်ရေး တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ အားကစားအဖွဲ့ ခေါင်းဆောင်များအနေဖြင့် ကျောင်းသား ကျောင်းသူများ အိမ်အပြန်ခရီးတွင် အန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်ရောက်ရှိအောင် ဂရုစိုက်စောင့်ရှောက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုချီးမြှင့်ပေးအပ်သည့် ဆုငွေများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကျောင်းသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းများကို တစ်သင်းလျှင် ငွေကျပ်သိန်း ၅၀ စီ ပေးအပ်သည်။

ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အသင်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ဆုရရှိကြသည့်အသင်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဘော်လီဘောပြိုင်ပွဲ (အမျိုးသား)တွင် ဆုရရှိကြသည့် အသင်းများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ဘောလုံးပြိုင်ပွဲ(အမျိုးသမီး)တွင် ဆုရရှိခဲ့ကြသည့် အသင်းများကိုလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်က လက်ခံရယူသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်အား ပိတ်သိမ်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်တက်ရောက်လာသူများက ဂုဏ်ပြုညစာကို အတူတကွ ပျော်ရွှင်စွာသုံးဆောင်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကပြကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်တံတားသစ် ဖွင့်လှစ်

**ကျောင်းကုန်း ဇန်နဝါရီ ၂၈**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်သို့ ဆက်သွယ်မည့် ကျုံလမုကွန်ကရစ် တံတားသစ်ကို ယမန်နေ့က ဖွင့်လှစ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးတင်ဇော်ထွန်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ညွှန်ကြားရေးမှူး ဦးမင်းသိန်းတို့က တံတားသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကာ ကွန်ကရစ်တံတားအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျုံတာ-သရွတ်ကြီးလမ်း (၁/၀) မိုင်၊ ခွဲကျောက် အမာခံလမ်းခင်းခြင်းလုပ်ငန်းနှင့် ယင်း လမ်းပေါ်ရှိ ပေ ၁၀၀ တံတား၏ မြေပြင်အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါလမ်းနှင့် တံတားတည်ဆောက်ပြီးစီးပါက ကျေးရွာ ၃၀ ရှိ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာပြီး ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်စီးဆင်းမှု အတွက်များစွာ အကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# တောင်ကြီးမြို့အတွင်းလမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ဆောင်ရွက်ထားရှိမှု၊ ပြုပြင်မွမ်းမံမှုနှင့် အသစ်တိုးချဲ့ရေးဆွဲစိုက်ထူထားရှိမှုများ မြေပြင်ကွင်းဆင်းစစ်ဆေး



**တောင်ကြီး ဇန်နဝါရီ ၂၈**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများတစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည့် ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ရှမ်းပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့်အတူ ရှမ်းပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် တင်ကိုကိုနှင့် ပြည်နယ်ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးနှင့် Road Safety Audit အဖွဲ့တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ပြည့်စုံမှန်ကန်ညီညွတ်စေရေးလုပ်ငန်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်၍ သက်ဆိုင်ရာဌာနများနှင့် ပြည်နယ်ကြီးကြပ်ရေး အဖွဲ့တို့အနေဖြင့် အထူးအလေးထားဆောင်ရွက်ရန်၊ ရှမ်းပြည်နယ်သည် နယ်မြေဧရိယာ ကြီးမားကျယ်ပြန့်သည့်အပြင် တောင်ပေါ်ဒေသဖြစ်သည့်အတွက် အနိမ့်အမြင့်၊ အတက်အဆင်း၊ အကွေ့အကောက်များပြားခြင်းကြောင့် ခရိုင်/ မြို့နယ်အလိုက် ပူးပေါင်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန်၊ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအပေါ်အခြေခံ၍ လိုအပ်သည့်ပြုပြင်မွမ်းမံမှု၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူမှုများ ညွှန်ကြားချက်နှင့် အညီ ပြည့်စုံညီညွတ်မှန်ကန်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်သွားလာမှု အင်ဂျင်နီယာ ဌာနခွဲမှ အင်ဂျင်နီယာမှူးကြီးက ယင်းမာပင်-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ယာဉ်တိုက်ခိုက်မှုဆိုင်ရာစိစစ်တွေ့ရှိချက်နှင့် ကလော၊ အောင်ပန်း၊ ရွှေညောင်မြို့နယ်များ၌ Road Safety Audit ဆောင်ရွက်မှု၊ စစ်ဆေးတွေ့ရှိမှုနှင့် သုံးသပ်အကြံပြုချက်များကိုလည်းကောင်း၊ ရှမ်းပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ရှမ်းပြည်နယ်အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆောင်ရွက်ထားရှိမှု၊ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန် ကျန်လုပ်ငန်းများ၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ သုံးသပ်ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌသည် ရှမ်းပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ရေးဆွဲစိုက်ထူဆောင်ရွက်ထားရှိမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး တွေ့ရှိချက်များ အပေါ် သုံးသပ်အကြံပြုမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး

# ဆိုဗီယက်/ ရုရှားခေတ်များမှ အားကျအတုယူဖွယ်မျိုးချစ်စိတ်ဓာတ်

ဒေါက်တာမြတ်မိုး

**လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က အကျပ်အတည်းမျိုးစုံအောက်မှာ ပြိုကွဲခဲ့ရသည့် ဆိုဗီယက်ယူနီယံကြီး တစ်ဖြစ်လဲ ယနေ့မျက်မှောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကြီးကား သမ္မတ ဗလာဒီမာပူတင် ဦးဆောင်တာဝန်ယူခဲ့သည့်ကာလတစ်လျှောက် ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးတစ်နိုင်ငံအဖြစ် ထင်ထင်ရှားရှား ရပ်တည်လျက်ရှိနေပေပြီ။**



နာဇီဂျာမနီကို အောင်နိုင်ခြင်းအထိမ်းအမှတ်စစ်ရေးပြအခမ်းအနားတွင် ချီတက်နေသည့် ရုရှားစစ်သည်များ။

ကမ္ဘာ့ရေးရာများနှင့်ပတ်သက်၍ ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံ၏ ရပ်တည်မှုဆိုသည်မှာ နိုင်ငံကြီးတစ်နိုင်ငံဖြစ်သည်နှင့်အညီ အလေးအနက်ထားရသည့်သာဖြစ်သည်။ အင်အားကြီးနိုင်ငံအဖြစ် ထင်ရှားသည့်သာဓကများဖြစ်သော ခေတ်မီမှု၊ နိုင်ငံရေး၊ စီးပွားရေးတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှု၊ နိုင်ငံသားများ၏ ပညာရေးနှင့်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှု၊ စစ်အင်အားတောင့်တင်းမှု စသည်များအားလုံး ယနေ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံကြီးက ပိုင်ဆိုင်ထားသည်။ ပြိုကွဲပြိုလဲခဲ့ရသည့် ယခင် ဆိုဗီယက်နိုင်ငံတော်ကြီး နှစ် ၃၀ အတွင်း ရုရှားနိုင်ငံတော်ကြီးအဖြစ် တစ်ဖန်ပြန်လည်ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်း၏ လျှို့ဝှက်သော့ချက်များကား အဘယ်နည်း။ ဖွံ့ဖြိုးဆဲနိုင်ငံဘဝတွင် ရုန်းကန်နေရသည့် နိုင်ငံများအနေဖြင့်ရောဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်လိုသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့်ပါ ကောင်းစွာလေ့လာစေလိုပါသည်။

## မတူကွဲပြားကြသော်လည်း နိုင်ငံအရေးကို ပိုမိုအလေးထားကြသူများ

ပထဝီအနေအထားအရ အာရှတိုက်နှင့် ဥရောပတိုက်နှစ်ခုကို လွှမ်းခြုံတည်ရှိနေသည့် ကမ္ဘာ့အကြီးမားအကျယ်ဝန်းဆုံးသော နိုင်ငံကြီးက နိုင်ငံ ၁၅ နိုင်ငံမျှနှင့် နယ်နိမိတ်ချင်းထိစပ်နေသည်။ ထိစပ်နေသည့်နိုင်ငံများတွင် ဂျပန်၊ တရုတ်နှင့် အမေရိကန်ကဲ့သို့သော နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအရ မဟာဗျူဟာကျသော နိုင်ငံများပါဝင်သည်။ စံတော်ချိန်ဇုန် ၁၁ ခု၊ ဘာသာစကား ၂၇ မျိုးနှင့် လူဦးရေအရ ကမ္ဘာ့အဆင့် ၉ ဖြင့်လူဦးရေများပြားပြီး သယံဇာတပေါကြွယ်ဝသောနိုင်ငံဖြစ်သည်။

ယနေ့ရုရှားနိုင်ငံတော်ကြီးသည် ယဉ်ကျေးမှုအနုပညာအမွေအနှစ်များစွာဖြင့် အင်ပါယာအဆက်ဆက်ကို ဆက်ခံခဲ့ရသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ရှေး ဆလပ်ဗ်လူမျိုးများက စတင်ခဲ့သည့် ယနေ့ရုရှားလူမျိုးများ၏ အင်ပါယာအစသည် ရုရှားအင်ပါယာအမည်ဖြင့်ပင် စတင်ခဲ့သည်ကို လေ့လာမိသည်။ အင်ပါယာအဆက်ဆက်နှင့်အတူ ပထဝီအနေအထား ၂၀၀ ခန့်ရှိသည့် ကွဲပြားခြားနားသော တိုင်းရင်းသားလူမျိုး များစွာနေထိုင်ကြသည်။ ယဉ်ကျေးမှု၊ ဘာသာ၊ အယူအဆ၊ ဓလေ့ထုံးစံများ မတူကွဲပြားသည်။

သို့သော် ထိုသို့မတူကွဲပြားသည့် ကိုယ်ပိုင်ဟန်ပန်လက္ခဏာများစွာနှင့် သူတို့၏ သီးခြားဝိသေသလက္ခဏာများအပေါ် သစ္စာမပျက်ကြသော်လည်း တိုင်းပြည်အပေါ် သစ္စာစောင့်သိမှုတွင်မူ ပိုမိုပြင်းထန်ကြသည်ဟု မှတ်သားဖူးသည်။ မိမိလူမျိုးစုအရေး ဦးစားပေးကြသည့်နည်းတူ နိုင်ငံအရေးနှင့်ယှဉ်လာလျှင် နိုင်ငံချစ်စိတ်အပြည့်ဖြင့် အလေးထားမှု ဘယ်ခါမှ မလျော့တတ်ကြသည့် ရုရှားလူမျိုးများအနေဖြင့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ရဲဘော်ရဲဘက်စိတ်ကြီးမားကြသည်မှာ မဆန်းပါ။ ကိုယ့်အမျိုးသားရေးစရိုက်ကို ထိန်းသိမ်းလျက် နိုင်ငံတော်၏ အမျိုးဂုဏ်ကိုလည်း မြှင့်တင်ရန် အဆင်သင့်ဖြစ်နေတတ်ကြသည်မှာ အားကျအတုယူဖွယ်ရာဖြစ်သည်။

ရုရှားလူမျိုးများ ကိုယ့်အမျိုးကိုယ် အလွန်အမင်းချစ်ကြသည်ဆိုရာဝယ် သူတို့နေထိုင်ရာ ဇာတိရပ်ရွာနှင့် ရိုးရာဓလေ့တန်ဖိုးများကို သံယောဇဉ်ကြီးလွန်းခြင်းကြောင့်လည်း ပါမည်ထင်သည်။ အမျိုးစုံလှသည့် တိုင်းရင်းသားလူနည်းစုများ၏ ရုရှားနိုင်ငံတော်ကြီးအပေါ် သစ္စာစောင့်သိမှုကို သမိုင်းတစ်လျှောက်နယ်ချဲ့တို့၏ ကျူးကျော်စစ်အားလုံးကို တိုက်ခိုက်အနိုင်ယူတွန်းလှန်နိုင်ခဲ့ခြင်းနှင့်ဆက်စပ်၍ နားလည်သဘောပေါက်မိပါသည်။

## ပြိုကွဲပျက်စီးမှုအရှုံးမှ စနစ်သစ်ကို မွေးဖွားနိုင်ခဲ့သည့်ရလဒ်ကောင်းများဖြင့်

ပထဝီအနေအထား လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုပုံစံ ကွဲပြားခြားနားသည့်နိုင်ငံတိုင်းသည် စည်းလုံးညီညွတ်မှုနှင့် အချုပ်အခြာပိုင်မှုတွင် စိန်ခေါ်ချက်များစွာရှိသည်မှာ ဓမ္မတာပင်ဖြစ်သည်။ တိုင်းပြည်အုပ်ချုပ်မှုပုံစံနှင့် ခေါင်းဆောင်တို့၏ ခေါင်းဆောင်မှုနှင့် အမြော်အမြင် ဆင်ခြင်တုံတရားသည် ထိုစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် များစွာသက်ရောက်မှုရှိသည်။ တင်းကျပ်လွန်းသည့် ဆိုဗီယက်ခေတ်တွင် ပြန်လည်တည်ဆောက်ရေးပီရက်စ်ထရွိုင်ကာနှင့် ဂလပ်စနော့ပွင့်လင်းမှု မူဝါဒများကြောင့် အချိန်မတန်ခင် အဆောတလျင်ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ရပြီး ပြောင်းလဲမှုတိုင်းတွင် အသင့်မဖြစ်နိုင်သေးသည့် ဆိုဗီယက်ပြည်သူများနှင့် ဆိုဗီယက်ပြည်ထောင်စုကြီးမှာ နိုင်ငံ ၁၅ နိုင်ငံ ခွဲထွက်သွားသည်အထိ အစိတ်စိတ်အမွှာမွှာပြိုကွဲပျက်စီးသွားခဲ့ရသည်။

ဤကာလသည် ၁၉၉၀–၁၉၉၁ ခုနှစ်ကာလများဖြစ်ပြီး ၁၉၉၁ တွင် သမ္မတဂေါ်ဘာချော့ နုတ်ထွက်ခဲ့ရပြီး အရှေ့ဥရောပကွန်မြူနစ်နိုင်ငံများလည်း ကျဆုံးခဲ့ရကာ ဆိုဗီယက်ဦးဆောင်သည့် အရှေ့ဥရောပကွန်မြူနစ်တစ်ခေတ် ဇာတ်သိမ်းခဲ့ရသည်။ သို့သော်လည်း ထိုသို့ကျဆုံးမှုများသည်ပင် စနစ်သစ်ကို မွေးဖွားသလိုဖြစ်ခဲ့သည်။ ယခင် ကွန်မြူနစ်နိုင်ငံများ ဒီမိုကရေစီနိုင်ငံများဖြစ်လာခဲ့ကြပြီး ဒီမိုကရေစီကို မှန်ကန်စွာ ကျင့်သုံးနိုင်မှုနှင့်အတူ ဈေးကွက်စီးပွားရေးစနစ်၏ အသီးအပွင့်ရလဒ်ကောင်းများကို ရရှိခံစားနေကြသည့်နိုင်ငံများကို တွေ့မြင်လာရသည်။ ထိုနိုင်ငံများတွင် ယနေ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံလည်း ပါဝင်နေပြီး မျက်မှောက်ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်နေသည်မှာ အရှုံးထဲက အမြတ်ပင်ဖြစ်သည်။

## ဆုံးရှုံးမှု၏အကြောင်းတရားများကို ယနေ့ အောင်မြင်မှု၏အားသာချက်များအဖြစ် အသုံးချခဲ့

တိုးတက်မှု၏ အကြောင်းတရားကိုသိလိုလျှင် ဆုတ်ယုတ်မှု၏အကြောင်းတရားကို ရှေးဦးသိရန်လိုသည်။ ဆုံးရှုံးမှုအခြေခံအကြောင်းတရားများကို သိရှိထားမှ အောင်မြင်မှုအပေါ် လွှမ်းမိုးသောအကြောင်းတရားများကို အလွယ်တကူရှာဖွေနိုင်ပါမည်။ ရုရှားနိုင်ငံကြီး၏ တိုးတက်အောင်မြင်မှုများသည် ယခင်ဆိုဗီယက်ယူနီယံကြီး၏ ဆုံးရှုံးမှုများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုဘဝမှာ ဖြစ်ခဲ့မှုများသည် ယနေ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံတော်အတွက် အားသာချက်များအဖြစ် အရေးပါခဲ့သည်။ မိမိနိုင်ငံအချုပ်အခြာရေရှည်တည်တံ့ခိုင်မြဲရန်နှင့် ငြိမ်းချမ်းသာယာဝပြောရန်၊ မှန်ကန်သော ဖွံ့ဖြိုးတိုးတက်ရေးဟူသည် မိမိနိုင်ငံ မိမိလူမျိုးသမိုင်းကြောင်းနှင့် သဘောသဘာဝများအပေါ်တွင် များစွာအခြေခံသည်။ သမ္မတဗလာဒီမာပူတင်အပါအဝင် ယနေ့ရုရှားနိုင်ငံ ခေါင်းဆောင်များသည် ဆိုဗီယက်ခေတ်က အမှားများနှင့် ဆိုဗီယက်ပြိုကွဲခြင်း၏ အကြောင်းတရားများကို ကောင်းစွာကြေညက်ဟန်တူသည်။

သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ဆိုဗီယက်ခေတ် အမျိုးသားရေးအတွေးအခေါ်များကို အခြေခံသည့် ယနေ့ရုရှားခေတ်အမျိုးသားရေးအယူအဆများက ခေတ်နှင့်အညီ ဆန်းသစ်လာသည်ကို တွေ့ရသည်။ ရုရှားနိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်လာသည်။ ဤသည်ပင် ဆိုဗီယက်ကွန်မြူနစ်တစ်ပါတီစနစ်မှ အလှမ်းကွာသွားခြင်းဖြစ်ပြီး ယနေ့ခေတ်ပုံစံသည် ရုရှားအမျိုးသားရေးနှင့် မျိုးချစ်စိတ်ကို အခြေခံအလေးပေးထားသော ဒီမိုကရေစီမော်ဒယ်လ်တစ်ခုဖြစ်လာသည်။

## အတိတ်သမိုင်းကိုမမေ့၊ ဂုဏ်ယူကြသည့် မျိုးချစ်စိတ်

ရုရှားနိုင်ငံကြီးသည် နိုင်ငံခြားတပ်များ၏ ခေတ်အဆက်ဆက် ကျူးကျော်တိုက်ခိုက်ခံခဲ့ရသည့်အတွက် သူတို့ရုရှားများတွင် ခါးသီးလှသည့် သမိုင်းကြောင်းများစွာရှိခဲ့သည်။ ၁၈ ရာစုနှစ်က ဆွီဒင်၊ ၁၉ ရာစုနှစ်က ပြင်သစ်၊ ၂၀ ရာစုနှစ်တွင် ဂျာမန်တို့၏ ရုရှားနယ်နိမိတ်အတွင်းပိုင်းအထိဝင်ရောက်ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခြင်း ခံခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးမည့်အနေအထားထိ ရောက်ခဲ့ရသည်။ သမိုင်းကြောင်းအရ သူတို့နယ်နိမိတ်၊ သူတို့အချုပ်အခြာမဆုံးရှုံးရန် ဖိအားများစွာသည် ယနေ့ရုရှားခေါင်းဆောင်များနှင့် ရုရှားပြည်သူများတွင် ကိန်းအောင်းနေသည်။ ဤသည်ကပင် ထက်သန်အားကောင်းသည့် မျိုးချစ်စိတ်ကို မွေးဖွားစေခြင်းဖြစ်သည့်အတွက် ထိုကဲ့သို့မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးအတွေးအခေါ်များကို ရုရှားလူမျိုးများက များစွာဂုဏ်ယူကြသည်။ နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်တက်စေသည်ဟု ခံယူကြသည်။

တည်ရှိမှု ရပ်တည်မှု အခြိမ်းခြောက်ခံရသည့် နိုင်ငံတိုင်းသည် မိမိ၏ အချုပ်အခြာအတွက် အစဉ်သတိထားရမြဲဖြစ်သည်။ ယနေ့ ရုရှားလူငယ်များအပါအဝင် ရုရှားလူမျိုးများသည် သူတို့၏ အတိတ်သမိုင်းကြောင်းနှင့် နီးစပ်မှုရှိကြသည်။ သူတို့၏ သမိုင်းကို ဘယ်တော့မှ မေ့လျော့မထားကြ။ နယ်ချဲ့စနစ်နှင့် နယ်ချဲ့ကို ဘယ်လိုတွန်းလှန် ဖြိုလှဲခဲ့ကြသလဲ.. ရှေးသူရဲကောင်းများထံမှသင်ယူရန် စိတ်အားထက်သန်ကြသူများ ဖြစ်သည်။ နောက်တစ်ချက်မှာ ရုရှားလူမျိုးအများစုသည် အလွယ်တကူမယုံတတ်ကြဘဲ ရှေးရိုးဆန်ကြခြင်း ဖြစ်သည်။

အပြောင်းအလဲကို တွန့်ဆုတ်တတ်ကြပြီး ပြောင်းလဲမှုတစ်ခုခုကိုပြုလုပ်ရန် ဝန်လေးတတ်ကြသည်ဟုဆိုသည်။ ထို့ကြောင့်လည်း မကြာမကြာဖြစ်ပေါ်တတ်သည့် ပြည်တွင်းဆူပူအုံကြွမှုများသည် လူထုအားလုံး၏အမြင်ကို မထင်ဟပ်ဘဲ လွယ်လွယ်နှင့် ပြီးသွားသည်ကများသည်။

စာမျက်နှာ ၇ သို့ ◆

> **ရုရှားနိုင်ငံကြီးသည် နိုင်ငံခြားတပ်များ၏ခေတ်အဆက်ဆက် ကျူးကျော်တိုက်ခိုက်ခံခဲ့ရသည့်အတွက် သူတို့ရုရှားများတွင် ခါးသီးလှသည့်သမိုင်းကြောင်းများစွာရှိခဲ့သည်။သမိုင်းကြောင်းအရ သူတို့နယ်နိမိတ်၊ သူတို့အချုပ်အခြာမဆုံးရှုံးရန် ဖိအားများစွာသည် ယနေ့ရုရှားခေါင်းဆောင်များနှင့် ရုရှားပြည်သူများတွင် ကိန်းအောင်းနေသည်။ ဤသည်ကပင် ထက်သန်အားကောင်းသည့် မျိုးချစ်စိတ်ကို မွေးဖွားစေခြင်းဖြစ်သည့်အတွက် ထိုကဲ့သို့မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးအတွေးအခေါ်များကို ရုရှားလူမျိုးများက များစွာဂုဏ်ယူကြသည်။ နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်တက်စေသည်ဟုခံယူကြ**

# မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီစုံညီပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၈**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုခြင်းနှင့် နိုင်ငံတော်မှ ကျင်းပလျက်ရှိသော တစ်နိုင်ငံလုံး ပစ်ခတ်မှုရပ်စဲရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုဆိုထောက်ခံသောအားဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော လူငယ်ရေးရာကော်မတီစုံညီပွဲတော်ကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်း၌ ကျင်းပရာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၅၀၀၀ ကျော်နှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စာရေးဆရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအသင်းအဖွဲ့များ၊ လူမှုအသင်းအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း အင်အား ၃၀၀၀၀ ခန့် တက်ရောက်ကြသည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တက္ကသိုလ်/အခြေခံပညာကျောင်းများမှ ထူးချွန်တိုင်းရင်းသား ကျောင်းသား ကျောင်းသူများက မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ စုံညီပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

လူငယ်ရေးရာကော်မတီစုံညီပွဲတော်ကို လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု စာပေတို့ကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးလာစေရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် လူငယ်များက စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်စေရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကျင်းပခဲ့ခြင်းဖြစ်သည်။

ဦးစွာ စုံညီပွဲတော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တက္ကသိုလ်/အခြေခံပညာကျောင်းများမှ ထူးချွန်တိုင်းရင်းသား ကျောင်းသား ကျောင်းသူများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက ကမ္ဘာတစ်ဝန်း စစ်မီးများကြောင့် လူမမည်ကလေးငယ်များနှင့် တိုင်းပြည်၏ အနာဂတ်စွမ်းအားရှင်များ၊ ခေါင်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူများ၊ တိုင်းပြည်ကို ထုဆစ်ပုံဖော်ကြမည့် လူငယ်များ သေကြရသလို၊ တိုင်းပြည်၏ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအဆောက်အအုံများ ပျက်စီးကာ စီးပွားရေးများကျဆင်းပြီး ပြည်သူလူထုဒုက္ခရောက်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး နိုင်ငံရေး၊ လူမှုရေးနှင့် အယူအဆပုံစံအမျိုးမျိုးကြောင့် ပြည်တွင်းစစ်မီးတောက်လောင်၍ ယနေ့ထက်တိုင် မငြိမ်းသတ်နိုင်သေးကြောင်း၊ နိုင်ငံသမိုင်းတစ်လျှောက် အစိုးရအဆက်ဆက်အနေဖြင့် ပြည်တွင်းစစ်ပြဿနာကို ဖြေရှင်းနိုင်ရန် အကြိမ်ကြိမ်နှစ်ဖက် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုအလှမ်းဝေးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရန်၊ ရေရှည်တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ဆွေးနွေးခဲ့ကြောင်း၊ မျိုးဆက်သစ်လူငယ်များက ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် ကျရာအခန်းကဏ္ဍကနေ ပါဝင်ကြရန် တိုက်တွန်းနှိုးဆော်ကြောင်း ပြောကြားခဲ့သည်။

**ကပြဖျော်ဖြေ တင်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်အသီးသီး၌ အသိပညာ၊ အတတ်ပညာများ သင်ယူနေကြသည့် တိုင်းရင်းသား တိုင်းရင်းသူ၊ ကျောင်းသား ကျောင်းသူများက ၎င်းတို့ပြည်နယ်နှင့် နိုင်ငံမတိုးတက်ခြင်းသည် ငြိမ်းချမ်းမှု မရရှိခြင်းကြောင့်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးရရှိပါက ခံစားရမည့်အသီးအပွင့်များ၊ အကျိုးကျေးဇူးများကို တိုင်းရင်းသားလူမျိုးအလိုက် ဆွေးနွေးပြောကြား၍ ၎င်းတို့၏တိုင်းရင်းသားရိုးရာအကများဖြင့် အဖွဲ့လိုက် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်များ တက်ရောက်ရာတွင် မှန်ကန်စွာ ရွေးချယ်တက်ရောက်နိုင်ရန်နှင့် ဗဟုသုတကြွယ်ဝစေရန်အတွက် ဖွင့်လှစ်ထားသော ဆေးတက္ကသိုလ်နှင့် ဆေးဘက်နီးနွယ်တက္ကသိုလ်များ၊ သိပ္ပံနည်းပညာဆိုင်ရာ နီးနွယ်တက္ကသိုလ်များ၊ အဆင့်မြင့်ပညာ တက္ကသိုလ်များမှ ပြခန်းများကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုမေးမြန်းကြရာ သက်ဆိုင်ရာပြခန်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် မြို့မတေးဂီတအဖွဲ့မဏ္ဍပ်၊ ဆေးဘက်ဆိုင်ရာနီးနွယ်တက္ကသိုလ်များမဏ္ဍပ်၊ နည်းပညာဆိုင်ရာ နီးနွယ်တက္ကသိုလ်များမဏ္ဍပ်၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များမဏ္ဍပ်၊ အခြေခံပညာမဏ္ဍပ်များမှ ကျောင်းသား ကျောင်းသူများက အငြိမ့်၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး မြို့မိမြို့ဖများနှင့် ပြည်သူများက စတုဒိသာမဏ္ဍပ်များထားရှိ၍ ကျောင်းသား ကျောင်းသူများအား ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော လူငယ်ရေးရာကော်မတီစုံညီပွဲတော်သို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

---

◆ စာမျက်နှာ ၆ မှ

ယနေ့ ရုရှားလူငယ်များသည် ၁၉၉၀ မတိုင်ခင်က ဖြစ်ပျက်ခဲ့သည့် နိုင်ငံရေးဖြစ်စဉ်များနှင့် ဆင်းဆင်းရဲရဲ နေထိုင်ခဲ့ရသည့် စီးပွားရေးအခြေအနေများကို သင်ခန်းစာယူရုံကလွဲပြီး လျစ်လျူရှုနိုင်နေကြပြီဖြစ်သည်။ သို့သော် သူတို့အနာဂတ်အတွက် စိတ်ပျက်အားလျော့မှု မဖြစ်ကြသည်ကို မကြာမီက သမ္မတဗလာဒီမာပူတင် တက်ရောက်စကားပြောခဲ့သည့် လူထုအစည်းအဝေးကြီးတွင် တက်ကြွအားမာန်ပါသည့် ရုရှားလူထုကြီးကို ကြည့်၍မှန်းဆနိုင်ပါသည်။

## ရုရှားလူမျိုးတိုင်းက ဂုဏ်ယူကြသည့် ကမ္ဘာစစ်အောင်နိုင်မှု

ဆင်းရဲနွမ်းပါးသည့် ရုရှားလူမျိုးများသည် တစ်ဖန်ပြန်၍ဆင်းရဲသွားမှာ ကြောက်ကြသည်။ ပြည်သူ့အသက်ပေါင်း သန်းနှင့်ချီ၍ ပေးဆပ်ခဲ့ရသည့် စစ်ပွဲအနိဋ္ဌာရုံများကို အခြားနိုင်ငံများထက် ပိုခံစားခဲ့ရ၊ ပိုသိခဲ့ရသည့်အတွက် ကမ္ဘာပေါ်တွင် ကြောက်မက်ဖွယ်ရာ နောက်ထပ်ကမ္ဘာစစ်ကြီးများ ဖြစ်ပွားမည်ကို မလိုလားဆုံးမှာ ရုရှားလူမျိုးပင် ဖြစ်လိမ့်မည်ဟု ဆိုချင်ပါသည်။ ဒုတိယကမ္ဘာစစ် နယ်ချဲ့ဖက်ဆစ်နာဇီတို့ကို တွန်းလှန်သည့် မဟာမျိုးချစ်စစ်ပွဲအတွင်း ဆိုဗီယက်ရုရှားစစ်သည် အရပ်သားပေါင်း ၂၇ သန်းအထိ သေဆုံးခဲ့သည့် အရေအတွက်သည် ကမ္ဘာပေါ်တွင် အမေရိကန်နှင့် အင်္ဂလိပ်မဟာမိတ်များ သေဆုံးမှုအရေအတွက်ထက် ပိုမိုများပြားလွန်းသည့်အတွက် စစ်ကြောင့် သေဆုံးမှု အများဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။ ဒုတိယကမ္ဘာစစ်၏ အထင်ကရတိုက်ပွဲကြီးများဆိုလျှင် ရုရှားမြေပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့သမိုင်းတစ်လျှောက် အသေအပျောက်အများဆုံးနှင့် အပြင်းထန်ဆုံးစစ်ပွဲအဖြစ် တင်စားခံရသည့် စတာလင်ဂရက်တိုက်ပွဲကို ရုရှားပြည်သူအားလုံး အသက်စွန့်လွှတ်စိတ်ဓာတ်ဖြင့် ဆင်နွှဲအနိုင်ယူခဲ့ကြသည်မှာ သမိုင်းတွင်ထင်ရှားလှသည်။ ဒုတိယကမ္ဘာစစ်အနိုင်အရှုံးကို အဆုံးအဖြတ်ပေးခဲ့သည့် ထိုကမ္ဘာစစ်အောင်နိုင်မှုကို ဘယ်ရုရှားလူမျိုးနှင့်မျှ ကင်း၍မရလောက်အောင် ရုရှားလူမျိုးတိုင်းက အလေးအနက်ထား ဂုဏ်ယူကြသည်။ ထိုစိတ်ဓာတ်ကို အနှစ်သာရရှိရှိဖြင့် မျိုးဆက်အဆက်ဆက် လက်ဆင့်ကမ်း သယ်ဆောင်သွားနိုင်ခဲ့ကြသည်ကို တွေ့ရသည်မှာ ဂုဏ်ယူအားကျဖွယ်ဖြစ်သည်။

ဤနေရာတွင် ရုရှားနှင့် မြန်မာနှစ်နိုင်ငံလုံးက ပထဝီနိုင်ငံရေးအနေအထားအရ အမျိုးသားလုံခြုံရေးကို အာရုံစိုက်၍ ကာကွယ်စောင့်ရှောက်ရန် အရေးကြီးသည်ဟု ခံယူထားကြသည်မှာ သဘာဝကျပါသည်။ ရုရှားနယ်နိမိတ်ကို အစဉ်အဆက်ကာရံပေးထားသော ယူကရိန်းကဲ့သို့သော ယခင်ဆိုဗီယက်နိုင်ငံဟောင်းများသည် ရုရှားကို အင်အားချည့်နဲ့သွားစေလိုသောနိုင်ငံများနှင့် ရုရှားနိုင်ငံအကြား အသုံးချကြားခံနိုင်ငံများ ဖြစ်လာသည်။ ဤသည်ပင် ရုရှားနိုင်ငံတည်ရှိမှု ခြိမ်းခြောက်ခံရသည့် အနေအထားသို့ ရောက်ရှိသွားခဲ့သည့်အခါ အားလုံးသိကြသည့်အတိုင်း ယခုကဲ့သို့သော ယူကရိန်းပြဿနာကြီး ဖြစ်ပေါ်လာခဲ့ရပြီး ထိုသို့ဖြစ်ပေါ်လာရခြင်းသည်ပင် နိုင်ငံငယ်များစွာအတွက် သင်ခန်းစာယူစရာတစ်ခုအဖြစ် အလေးထားသင့်ပါသည်။

အမှန်တော့ ဆိုဗီယက်ခေတ်မှ ယနေ့ရုရှားခေတ်အထိ ခေါင်းဆောင်များ၊ ပြည်သူများသည် သမိုင်း၏ အဆိုးအကောင်း၊ အနိမ့်အမြင့်ကို ကောင်းစွာခံယူ၍ ခါးသီးလှသည့် သင်ခန်းစာများကို အကောင်းဆုံးအသုံးချကာ ယနေ့ခေတ်မီ ရုရှားဖက်ဒရေးရှင်းနိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိကြသည်ဟု ယူဆပါသည်။ အရေးကြီးသည်မှာ မျိုးဆက်အလိုက် လက်ဆင့်ကမ်းနိုင်ခဲ့သော မျိုးချစ်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်များကို အခြေခံ၍ ပညာဉာဏ်အမြော်အမြင်ဖြင့် စိတ်ဓာတ်ခွန်အားများရယူနိုင်၍သာ ယနေ့ အားလုံးမြင်တွေ့နေရသည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံကို ယုံကြည်ချက်အပြည့်ဖြင့် တည်ဆောက်နိုင်ခဲ့ကြသည်ဟု မှတ်သားမိပါသည်။

နာမည်ကျော် ကဗျာဆရာတစ်ဦး၏ မှတ်ချက်တစ်ခုကို ဖတ်ရှုဖူးပါသည်။ လိုရင်းက **"ရုရှားလူမျိုးများ၏ စိတ်ဝိညာဉ်ကို နားလည်ရခက်နိုင်ပါသည်။ သို့သော် သူတို့ကို နှလုံးသားနှင့် ယုံကြည်လိုက်စမ်းပါ"** ဟူသော မှတ်ချက်အတိုင်းပင် နှလုံးသားချင်းနီးစပ်နေသမျှ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုနားလည်မှုက အစဉ်ခိုင်မာနေမည်သာ ဖြစ်သည်။ သူတို့၏ စိတ်ခံစားချက်နှင့် မျိုးချစ်စိတ်ဓာတ်၊ ထိုမှတစ်ဆင့် နိုင်ငံတော်အပေါ်ခံယူပုံနှင့် တည်ဆောက်မှုစွမ်းရည်များကို မိမိနိုင်ငံတော်အတွက် သင်ခန်းစာယူကာ အကောင်းဆုံးအသုံးချခြင်းဖြင့် နှစ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများအကြား ကာလရှည်မဟာမိတ်များအဖြစ် အစဉ်ထာဝရချစ်ကြည်ရင်းနှီးခိုင်မာမှုကို ရယူရမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော လူငယ်ငြိမ်းချမ်းရေးစကားဝိုင်း ကျင်းပ



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တာဝန်ရှိသူများ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော လူငယ်ရေးရာ ကော်မတီစုံညီပွဲတော် အခမ်းအနားကို တက်ရောက်အားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၈**

"သွေးချင်းညီနောင်၊ ကောင်းကျိုးဆောင်၊ ပြည်သစ်အောင်ဖို့ ဆွေးနွေးစို့" ဟူသည့် ဆောင်ပုဒ်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော လူငယ်ငြိမ်းချမ်းရေးစကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်း၌ ကျင်းပသည်။

**ဆွေးနွေးတင်ပြ**

လူငယ်ငြိမ်းချမ်းရေးစကားဝိုင်း၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်အသီးသီး၌ အသိပညာ၊ အတတ်ပညာများကို သင်ယူနေကြသည့် တိုင်းရင်းသား တိုင်းရင်းသူ ကျောင်းသား ကျောင်းသူများက ၎င်းတို့၏ ပြည်နယ်နှင့် နိုင်ငံ မတိုးတက်ခြင်းသည် ငြိမ်းချမ်းမှု မရရှိခြင်းကြောင့်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးရရှိပါက ခံစားရမည့် အသီးအပွင့်များ အကျိုးကျေးဇူးများကို တိုင်းရင်းသားလူမျိုးများ အလိုက် ကျောင်းသား ကျောင်းသူများက ၎င်းတို့၏အမြင်နှင့် သဘောထားများကို ဆွေးနွေးတင်ပြကြခြင်းဖြစ်သည်။

ထိုသို့ ဆွေးနွေးတင်ပြကြရာတွင် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်မှ ဂျပန်ဘာသာအထူးပြု ပထမနှစ်ကျောင်းသူ ကချင်တိုင်းရင်းသူ ဆိုင်းနူးနူးအောင်က "ကောင်းမွန်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တကယ်လိုချင်တယ်ဆိုရင် ကျွန်မတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ အားလုံး ပညာတတ်ဖို့လိုပါတယ်။ ပရဟိတစိတ်ရှိဖို့ လိုပါတယ်။ ပညာလည်းတတ်၊ ပရဟိတစိတ်လည်းရှိပြီဆိုရင် ကျွန်မတို့နိုင်ငံမှာ စွဲကပ်နေတဲ့ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဘာသာစွဲ ဆိုတဲ့ အစွဲလေးမျိုးကင်းမှာ ဖြစ်ပါတယ်။ ဒီအစွဲ လေးမျိုးကင်းရင် မိမိတတ်ထားတဲ့ အသိပညာ၊ အတတ်ပညာတွေနဲ့ ကဏ္ဍအသီးသီးမှာ မခိုမကပ်ဘဲ လုပ်ဆောင်ကြမယ်ဆိုရင် ကျွန်မတို့ရဲ့ ကချင်ပြည်နယ်ဟာ သဘာဝအလှနဲ့ လူတွေရဲ့ မနောအလှ ထပ်တူကျလို့ ပြည်နယ်ရဲ့ အလှပုံရိပ်က တိုင်းပြည်ရဲ့ဂုဏ်ကို တင့်စေမယ်လို့ ယုံကြည်မိပါတယ်"ဟု ဆွေးနွေးတင်ပြပြီး ရတနာပုံ တက္ကသိုလ်မှ ကချင်တိုင်းရင်းသား တိုင်းရင်းသူ ကျောင်းသား ကျောင်းသူများက "ကမ္ဘာ့မနောမြေ တေးသီချင်း"အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



**ဖျော်ဖြေတင်ဆက်**

ဆက်လက်၍ မန္တလေးပညာရေးဒီဂရီကောလိပ်မှ ပထမနှစ် ကျောင်းသား ကယားတိုင်းရင်းသား မောင်ဖွဲ့မင်းခန့်က "ကျွန်တော်တို့ ကယားပြည်နယ်ထဲက လောပိတရေအားလျှပ်စစ်ကနေ မြန်မာတစ်နိုင်ငံလုံးကို အလင်းရောင်ပေးနိုင်တဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဘာကြောင့်လဲဆိုရင် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လျှပ်စစ်မီးက အခြေခံအကျဆုံး ဖြစ်လို့ပါပဲ။ ဒါပေမဲ့ ခြုံပြောရင် ကယားပြည်နယ်က ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေဆဲပဲ ဖြစ်ပါတယ်။ ဒါကဘာဖြစ်လို့လဲဆိုရင် အတိုင်းအတာတစ်ခုအထိ ငြိမ်းချမ်းမှုမရှိခဲ့လို့ လို့ပဲ ပြောရပါမယ်။ ငြိမ်းချမ်းမှုမရှိရတာ ဘာကြောင့်ပါလဲ၊ ငြိမ်းချမ်းမှုရှိအောင် ကျွန်တော်တို့ ဆောင်ရွက်လို့ မရနိုင်ဘူးလား ရနိုင်ပါတယ်။ တကယ်တော့ ကျွန်တော်တို့တွေ တစ်ယောက်နဲ့ တစ်ယောက်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုတွေနဲ့ အေးတူပူအမျှ နေထိုင်လုပ်ကိုင်စားသောက်ကြမယ်ဆိုရင် ငြိမ်းချမ်းရေးက အလိုလိုရသွားမှာ ဖြစ်ပါတယ်။ အေးချမ်းပျော်ရွှင်စွာနဲ့ နေထိုင်ကြပြီး ဒေသဖွံ့ဖြိုးဖို့ဆိုရင် ငြိမ်းချမ်းရေးက အရေးကြီးသလို ပညာရေးကလည်း အရေးပါလှပါတယ်။ ပညာရေးနဲ့ ကျန်းမာရေး နိမ့်ကျပြီဆိုရင် အခြားလူများကို ကူညီဖို့ဆိုတဲ့ ပရဟိတစိတ်လည်း နည်းပါးလာပါမယ်။ ဒါဆိုရင် လူအချင်းချင်း၊ လူ့အဖွဲ့အစည်းအချင်းချင်း ချစ်ခင်ရင်းနှီးမှုတွေ လျော့ကျပြီး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းတွေကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငြိမ်းချမ်းရေးနဲ့ ပညာရည်မြင့်မားဖို့ ဝိုင်းဝန်းဆောင်ရွက်ကြဖို့လိုပါတယ်" ဟု ဆွေးနွေးတင်ပြပြီး မန္တလေး တက္ကသိုလ်မှ ကယားတိုင်းရင်းသား တိုင်းရင်းသူ ကျောင်းသား ကျောင်းသူများက ကယားတိုင်းရင်းသားရိုးရာ "ဖားစည်သံ တေးသီချင်း"အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**မငြိမ်းချမ်းမှုတွေကြောင့်**

ထို့အတူ မန္တလေးသွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ပထမနှစ်ကျောင်းသူ ကရင်တိုင်းရင်းသူ မနော်သက်ပန်က "ကရင်ပြည်နယ်က လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တဲ့အပြင် ပညာတတ်များ ပေါ်များသော်လည်း ဘာကြောင့် တိုးတက်သင့်သလောက် မတိုးတက်သလဲလို့ မကြာခဏ တွေးမိပါတယ်။ ဒါက မငြိမ်းချမ်းမှုတွေကြောင့် ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတဲ့ ဝေါဟာရကို မြန်မာအဘိဓာန်မှာ ဆူပူလှုပ်ရှားထကြွခြင်း၊ စစ်မက် စသည်တို့ကင်းမဲ့သောအဖြစ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ငြိမ်းချမ်းရေးရဲ့အနှစ်သာရဆိုတာ တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ စည်းလုံးခြင်းနဲ့ တရားဥပဒေစိုးမိုးခြင်း ဖြစ်ပါတယ်။ ဒီလိုအနှစ်သာရကို လူသားတိုင်း အစဉ်အမြဲ လိုအပ်တောင့်တကြပါတယ်။ ငြိမ်းချမ်းမှသာ လူမှုစီးပွားဘဝများ အဆင်ပြေတိုးတက်အောင် လုပ်ကိုင်နိုင်ပြီး ဘဝ၏အနှစ်သာရများ ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကရင်ပြည်နယ်နဲ့ အမိနိုင်ငံတော်ကြီး တိုးတက်ဖို့အတွက် ထာဝရငြိမ်းချမ်းရေးသည်သာ အလိုအပ်ဆုံးနဲ့ အရေးပါဆုံးလို့ ဆွေးနွေးပြောကြားလိုပါတယ်။ ဒါကြောင့် ကရင်ပြည်နယ်ကြီး ငြိမ်းချမ်းဖို့အတွက် ပြည်နယ်အတွင်း နေထိုင်ကြတဲ့ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးအနေနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ငြိမ်းချမ်းသော ပြည်နယ်ကြီးကို တည်ဆောက်ဖို့ လိုတယ်လို့ ကျွန်မအနေနဲ့ ဆန္ဒပြုပါတယ်"ဟု ဆွေးနွေးတင်ပြပြီး ရတနာပုံတက္ကသိုလ်မှ ကရင်တိုင်းရင်းသား တိုင်းရင်းသူ ကျောင်းသား ကျောင်းသူများက "အိုက်ဟူး အိုက်ဖောတေးသီချင်း" အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့ပြင် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်မှ ရုရှားဘာသာအထူးပြု ပထမနှစ်ကျောင်းသား ချင်းတိုင်းရင်းသား အဲလီဆားဗန်နွန်ထန်းက "ငြိမ်းချမ်းမှုဆိုတာ လူ့အဖွဲ့အစည်း အားလုံးအတွက် တုန်လှုပ်ချောက်ချားမှု မရှိစေရန်၊ အငြင်းပွားမှုများကို လျော့နည်းစေရန်နဲ့ စီမံခန့်ခွဲရန်၊ ပတ်ဝန်းကျင်အပြောင်းအလဲများကို လိုက်လျောညီထွေမှုရှိစေရန်၊ လိုအပ်သော ယုံကြည်မှုရှိခြင်း စတဲ့ အရာအားလုံး ပူးပေါင်းဆောင်ရွက်မှသာ တိုးတက်အောင်မြင်ခြင်းရဲ့ အဓိကအုတ်မြစ်ဖြစ်တဲ့ ငြိမ်းချမ်းရေး အသီးအပွင့်ကို ရရှိခံစားရမှာဖြစ်ပါတယ်။ **စာမျက်နှာ ၉ သို့** ✪




မန္တလေးတိုင်းဒေသကြီး လူငယ်ငြိမ်းချမ်းရေးစကားဝိုင်းတွင် ကျောင်းသား ကျောင်းသူများ ဆွေးနွေးကြစဉ်။

✪ စာမျက်နှာ ၈ မှ

ဒါကြောင့် ငြိမ်းချမ်းရေး ဆောင်ရွက်တဲ့အခါမှာ လူတစ်ဦးတစ်ယောက်ထဲက လုပ်ဆောင်၍ မရပါဘူး။ တိုင်းရင်းသားအားလုံး နိုင်ငံကြီးသားစိတ်ဓာတ် မွေးမြူနိုင်မှသာလျှင် တစ်နိုင်ငံလုံး နေရာဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လက်ငါးချောင်းတန်ဖိုးကို သိကြသလို မတူကွဲပြားတဲ့ တိုင်းရင်းသားအားလုံးရဲ့ စည်းလုံးညီညွတ်မှုရဲ့ တန်ဖိုးကို သိကြစေလိုပါတယ်” ဟု ဆွေးနွေးတင်ပြပြီး မန္တလေး ပညာရေးဒီဂရီကောလိပ်မှ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူ ကျောင်းသား ကျောင်းသူများက “မင်းဘမ်ပရမ်နာဇုန်ဂမ် တေးသီချင်း”အကဖြင့် ဖျော်ဖြေ



လူငယ်ရေးရာကော်မတီစုံညီပွဲတော်တွင် ကျောင်းသား ကျောင်းသူများ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာကြစဉ်။



သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)ပြခန်းတွင် ကြည့်ရှုလေ့လာနေသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

တင်ဆက်ကြသည်။

**တိုင်းရင်းသားအားလုံးအတွက်**

အလားတူ နည်းပညာတက္ကသိုလ်(မန္တလေး)မှ စက်မှုအင်ဂျင်နီယာဘာသာရပ် ဆဋ္ဌမနှစ်ကျောင်းသား ဗမာတိုင်းရင်းသား မောင်အောင်သူရဇော်က “ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ တိုင်းရင်းသားတွေက တစ်နေရာတည်း တစ်စုတည်းနေကြတာ မဟုတ်ပါဘူး။ အားလုံးရောနှော ပူးပေါင်းနေထိုင်ကြတာဖြစ်ပါတယ်။ ဒီတော့ တစ်နေရာတည်း တစ်ဖျာတစ်ကွက် တစ်လက်မတည်း တိုးတက်နေလို့ မဖြစ်နိုင်ပါဘူး။ မဖြစ်သင့်ပါဘူး။ ဗမာတိုင်းရင်းသားတို့ ဒေသတွေမှာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအင်၊ ဆက်သွယ်ရေးစတာတွေ အလုံးစုံကောင်းပါပြီလို့ မဆိုနိုင်ပါဘူး။ လိုအပ်ချက်တွေ များစွာရှိနေပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း တော်တော်ကြီးကို ကြိုးစားကြ၊ ဖန်တီးကြရပါဦးမယ်။ အားလုံးဝိုင်းဝန်းပြီး ကြိုးစားတည်ဆောက်ကြရပါဦးမယ်။ ဒီလိုပြောဆိုဆွေးနွေးခြင်းက ဗမာတိုင်းရင်းသားတွေ အတွက်သာမက မြန်မာပြည်အရပ်ရပ်မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံးအတွက် ထည့်သွင်းစဉ်းစားတွေးခေါ် ပြောဆိုခြင်းဖြစ်ပါတယ်။ ပတ်ဝန်းကျင်နိုင်ငံတွေ ခြေတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က ဆယ်လှမ်းစာမက ပြေးကြရမယ်လို့ တွေးမိပါတယ်။ ဒီလို နိုင်ငံတော်တည်ဆောက်ရေးမှာ တိုးတက်ချင်ရင်၊ အဆင်ပြေ ချောမွေ့ချင်ရင် တိုင်းရင်းသားတွေ တညီတညွတ်တည်း စည်းစည်းလုံးလုံးနဲ့ ကြိုးစားမှရပါလိမ့်မယ်။ ကြိုးစားဖို့ကလည်း ငြိမ်းချမ်းမှ ဖြစ်နိုင်ပါလိမ့်မယ်။ ငြိမ်းချမ်းမှ ခရီးရောက်ပါလိမ့်မယ်။ ငြိမ်းချမ်းရင် လှမ်းသလောက် ခရီးရောက်မယ်လို့ ဆွေးနွေးလိုပါတယ်”ဟု ဆွေးနွေးတင်ပြပြီး မန္တလေးပညာရေးဒီဂရီကောလိပ်မှ ဗမာတိုင်းရင်းသား၊ တိုင်းရင်းသူ ကျောင်းသား ကျောင်းသူများက “ပျော်ရွှင်ပါစေ မြန်မာပြည် တေးသီချင်း”အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မန္တလေး တက္ကသိုလ်မှ ဇီဝဓာတုအထူးပြု မဟာသိပ္ပံ ပထမနှစ်ကျောင်းသူ မွန်တိုင်းရင်းသူ မချောစုစန္ဒာလှိုင်က “ငြိမ်းချမ်းရေးနဲ့ဆက်စပ်ပြီး ပြောလိုတာက မတူကွဲပြားတဲ့ လူမျိုးစုတွေအကြား ငြိမ်းချမ်းမှု ရှိပြီး အတူလက်တွဲ စည်းလုံးစွာ ဆောင်ရွက်နိုင်ကြမယ် ဆိုရင် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းတိုးတက်မှုမှတစ်ဆင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ စုပေါင်းထားတဲ့ မြန်မာနိုင်ငံကြီးကလည်း တိုးတက်ဖွံ့ဖြိုးလာပြီး ငြိမ်းချမ်းချစ်ကြည် ရွှေပြည်သစ်ဆီသို့ အရောက်လှမ်းနိုင်မှာ မလွဲကေန်ဖြစ်ပါတယ်”ဟု ဆွေးနွေးတင်ပြပြီး မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှ မွန်တိုင်းရင်းသား၊ တိုင်းရင်းသူ ကျောင်းသား ကျောင်းသူများက “မွန်ဟသာ်မင်းယိမ်းအက”ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့ပြင် ရတနာပုံတက္ကသိုလ်မှ ဥပဒေပညာအထူးပြု ပထမနှစ်ကျောင်းသား ရခိုင်တိုင်းရင်းသား မောင်ဘုန်းမြတ်ထွဋ်က “ခေတ်မီဖွံ့ဖြိုးတဲ့၊ ငြိမ်းချမ်းသာယာတဲ့နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ကြမယ်ဆိုရင် လူတိုင်း၊ လူတိုင်း အသိပညာကိုအခြေခံပြီး တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးကြရမယ်၊ တရားမျှတကြရမယ်၊ လွတ်လပ်ကြရမယ်၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံပြီး အများသဘောကို လိုက်နာသလို အနည်းသဘောကို လေးစားပြီး ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြမယ် ဆိုရင် ကျွန်တော်တို့ မျှော်လင့်တဲ့ ရွှေပြည်သစ်ကြီးက အလှမ်းမဝေးဘူးလို့ ပြောကြားလိုပါတယ်” ဟု ဆွေးနွေးတင်ပြပြီး ရတနာပုံတက္ကသိုလ်မှ ရခိုင်တိုင်းရင်းသား၊ တိုင်းရင်းသူကျောင်းသား ကျောင်းသူများက “ညီညွတ်ကြမယ် တေးသီချင်း”အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ပင်လုံစိတ်ဓာတ်ကို အခြေခံ**

ထို့အတူ မန္တလေးတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပညာ အထူးပြု ပထမနှစ်ကျောင်းသား ရှမ်းတိုင်းရင်းသား မောင်ခန့်မြတ်သူက “ပြည်တွင်း ငြိမ်းချမ်းရေး၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို



လူငယ်ရေးရာကော်မတီစုံညီပွဲတော်တွင် တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

## ပညာရေးစုံညီပွဲတော်

❖ ကျောင်းနေအရွယ် မောင်မယ်များက
နောင်ဝယ်အား ရတနာ၊
အနာဂတ်ကို ပိုင်တည်စိုးလို့
ဆောင်ပိုးဖို့ရာ၊
ခုကာလ နုစဉ်ခါ
ပြုပြင်ကာ သင်ကြား။
ဗလငါးတန် ခိုင်တည်ခံ့တဲ့
နိုင်ငံ့ရဲ့အား။

❖ နိုင်ငံ့အား မောင်မယ်တွေ၊
အခြေခံပညာကျောင်းတွေက
ပညာအခြေခံကောင်းတွေနဲ့
ပေါင်းကူးစို့လေ၊
သတိမလပ်ပါဘူး
အသိအတတ်ပညာတွေ
သင်ကာနေ စွမ်းရည်မြှင့်။
အဓိကအညာရဲ့
မိဘဆရာ လက်ချင်းတွဲတော့
ပွဲလယ်ဂုဏ်တင့်။

❖ ပညာရေး စုံညီပွဲတဲ့
ဆင်နွဲလို့ ကျင်းပရာ၊
ဘက်စုံပညာ စွမ်းရည်ပြတယ်
အားရလိုက်တာ၊
စံပြကောင်းပါပေ့
မြန်မာ့ကျောင်း တေးသံသာ
ပြည်မြန်မာ သီဆိုကြွေး။
မိဘဆရာ တပည့်များရယ်နဲ့
စည်ကားတယ်လေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

တည်ထောင်ဖို့နှင့် ငြိမ်းချမ်းရေးအသီးအပွင့်များကို ခံစားနိုင်ဖို့ ပင်လုံစိတ်ဓာတ်ကို အခြေခံပြီး တည်ဆောက်ဖို့ လိုအပ်ပါတယ်။ ဒီလိုတည်ဆောက်ရာမှာ ကျွန်တော်တို့အနေနဲ့ Unity in Diversity ဆိုတဲ့အတိုင်း မတူကွဲပြားမှုများကြားမှ စည်းလုံးညီညွတ်မှုရရှိအောင် အချင်းချင်း အပြန်အလှန်လေးစားမှုနဲ့ ငြိမ်းချမ်းစွာ အတူတကွ စည်းလုံးညီညွတ်မှုရရှိအောင် အချင်းချင်း အပြန်အလှန်လေးစားမှုနဲ့ ငြိမ်းချမ်းစွာအတူတကွ စုပေါင်းနေထိုင်သွားကြရပါမယ်။ Unity is Strength ဆိုတဲ့ စည်းလုံးခြင်းသည် အင်အားကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါက ဖက်ဒရယ်ရဲ့ အနှစ်သာရဖြစ်ပါတယ်။ ငြိမ်းချမ်းမှ ပြည်သာမည်ဆိုတဲ့အတိုင်း ငြိမ်းချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်မှု ရှိပါမယ်။ ငြိမ်းချမ်းမှသာ ပညာသင်ကြားရေးမှာ စိုးရိမ်ပူပန်ကြောင့်ကြမှုကင်းစွာ သင်ယူနိုင်ပါမယ်။ ဒါကြောင့် ငြိမ်းချမ်းရေးက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်သာယာဝပြောရေးအတွက် အထူးအရေးကြီးပါတယ်” ဟု ဆွေးနွေးတင်ပြပြီး ရတနာပုံတက္ကသိုလ်မှ ရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသူ ကျောင်းသား ကျောင်းသူများက “ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် တေးသီချင်း”အကဖြင့် ဖျော်ဖြေတင်ဆက်ကြကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

မိုးယံ

# KG + 9 နှင့် အသက်မွေးဝမ်းကျောင်းပညာရေး အလေးထားဦးစားပေး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် "ကျောင်းနေရွယ်ကလေးတိုင်း (KG + 9) အခြေခံပညာ အလယ်တန်းအဆင့် ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း" မကြာခဏ လမ်းညွှန်မှာကြားလေ့ရှိပါသည်။**

မြန်မာနိုင်ငံတွင် အသက် (၁၅) နှစ်မှ (၂၄)နှစ်အတွင်း လူငယ်အရေအတွက်သည် ကိုးသန်းကျော်ရှိပြီး အသက်(၁၅) နှစ်အောက် ကလေးအရေအတွက်သည် ၁၄ သန်းကျော် ရှိပါသည်။ ထိုလူငယ်တို့၏ ပညာရေးသည် များစွာအရေးကြီးပါသည်။ ထိုလူငယ်များသည် အသက်မွေးဝမ်းကျောင်းပညာ ပြည့်ဝစွာဖြင့် နိုင်ငံတော်၏ လုပ်ငန်းအသီးသီးတွင် တစ်ချိန်ချိန်၌ တာဝန်ထမ်းဆောင်နိုင်ရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ် ပေါများသကဲ့သို့ နိုင်ငံ၏ မြေပေါ်မြေအောက် သယံဇာတများလည်း ပေါကြွယ်ပါသည်။ အရေးကြီးသည်မှာ ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းထွက်မှုနည်းပါးစေရန်နှင့် လုပ်ငန်းခွင်ဝင်ရောက်ရန် အသင့်ဖြစ်စေမည့် အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်စေရန် လိုအပ်ပါသည်။

၂၀၁၈ ခုနှစ် မတ်လတွင် ထုတ်ဝေသော ပညာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများ အခြေအနေကို လေ့လာဆန်းစစ်ချက် စာအုပ်တွင် **"နိုင်ငံတော်အဆင့် အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်းမှာ ၁၅ ဒသမ ၈ ရာခိုင်နှုန်း ဖြစ်၍ မူလတန်းထက်ပိုမိုမြင့်မားလာသည်။ ဤအညွှန်းကိန်းတွင်လည်း ယောကျ်ားလေးများသည် မိန်းကလေးများထက်သော်လည်းကောင်း၊ ကျေးလက်ဒေသသည် မြို့ပြဒေသထက်သော်လည်းကောင်း ရာခိုင်နှုန်းပိုမိုမြင့်မားသည်"**ဟု ဖော်ပြထားပါသည်။ (စာ - ၂၂)

### တာဝန်ယူဆောင်ရွက်ပေးနေ

အကြောင်းအမျိုးမျိုးကြောင့် KG +9 အထိ ပညာသင်ကြားပြီးသူများအတွက် လိုအပ်သည့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားနိုင်ရန်အတွက် တာဝန်ယူ ဆောင်ရွက်ပေးနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စသည်တို့အနက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများကို လေ့လာကာ ယခုဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း (၂၀၂၂ - ၂၀၂၇) စာအုပ်ကို လေ့လာကြည့်ရာတွင် လူငယ်များအတွက် ပညာသင်ကြားမှု အခွင့်အလမ်းများစွာကို ဖွင့်လှစ်ထားကြောင်း တွေ့ရပါသည်။ စာအုပ်၏ ဥယျောဇဉ်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က **"ဝန်ကြီးဌာန၏ အဓိကအခန်းကဏ္ဍအနေဖြင့် နိုင်ငံအကျိုးပြုလုပ်ငန်းခွင်များတွင် ကျွမ်းကျင်သူများ ဖြည့်ဆည်းပေးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ တစ်ဦးချင်းဝင်ငွေ မြင့်မားရေးတို့အတွက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာကဏ္ဍတို့၏ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူမှုများနှင့် လေ့ကျင့်မှုစနစ်များမှတစ်ဆင့် ကျွမ်းကျင်လုပ်သားများ၊ အင်ဂျင်နီယာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် သုတေသီများ ပြုစုပျိုးထောင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်"** ဟု ဖော်ပြထားပါသည်။



အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ ကျောင်းသား ကျောင်းသူများ ဘာသာရပ်အလိုက် လက်တွေ့သင်ကြားနေစဉ်။

### ဆက်လက်ပညာသင်ယူနိုင်ရန် လမ်းဖွင့်ပေးထား

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတွင် ဦးစီးဌာန ခုနစ်ခုရှိပြီး နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်တွင် အသက်မွေးဝမ်းကျောင်းပညာရပ်များကို တက်ရောက်သင်ကြားနိုင်ရန် ဆောင်ရွက်ထားသည်။ အခြေခံပညာအလယ်တန်း (KG + 9) ပြီးမြောက်အောင်မြင်ပြီးပါက အစိုးရနည်းပညာအထက်တန်းကျောင်း (GTHS) များသို့ တက်ရောက်ရန် လျှောက်ထားနိုင်ပြီး တက်ရောက်ခွင့်ရပါက သင်တန်းကာလ သုံးနှစ် တက်ရောက်သင်ကြားရပါသည်။ သင်တန်းအောင်မြင်ပြီးဆုံးပါက GTHS Certificate ချီးမြှင့်ပါသည်။ ပညာသင်ကြားနေစဉ်ကာလအတွင်း ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလာပါက တစ်ဦးလျှင် တစ်လသုံးသောင်းကျပ်နှုန်းဖြင့် နိုင်ငံတော်က ပံ့ပိုးချီးမြှင့်ပေးထားပါသည်။ ထိုကျောင်းများမှသင်တန်းပြီးဆုံးအောင်မြင်ပြီး ပညာထူးချွန်သူများကို အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာကောလိပ်နှင့် နည်းပညာတက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ပညာသင်ယူနိုင်ရန် လမ်းဖွင့်ပေးထားပါသည်။

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း (GTHS ) ပေါင်း ၃၅ ကျောင်း ဖွင့်လှစ်သင်ကြားပေးနေပြီး ပထမနှစ်သင်တန်းတွင် ကျောင်းသား ကျောင်းသူ ၁၉၃၁ဦးနှင့်ဒုတိယနှစ်တွင် ၂၉၉ ဦး စုစုပေါင်း ၂၂၃၀ တက်ရောက်ပညာသင်ကြားနေပါသည်။ ထိုကျောင်းများတွင် အဆောက်အဦးနည်းပညာသင်တန်း၊ အီလက်ထရွန်နစ်နည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်း၊ မော်တော်ယာဉ်နည်းပညာသင်တန်း၊ စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာသင်တန်း၊ အဆောက်အဦးပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်း၊ သတ္တုပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းနှင့် သုတနည်းပညာသင်တန်း စသည်တို့ကို ဖွင့်လှစ်သင်ကြားပေးနေပါသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(AGTI) ကျောင်းပေါင်း ၂၈ ကျောင်း၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၉၈၀ တက်ရောက် ပညာသင်ကြားနေကြပါသည်။ သင်တန်းကာလမှာသုံးနှစ်ဖြစ်ပြီး အောင်မြင်ပြီးစီးပါက AGTI Diploma ချီးမြှင့်ပေးအပ်သည်။ သင်ကြားပေးသည့်ဘာသာရပ်များမှာ မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ သုတနည်းပညာ၊ စက်မှုလုပ်ငန်းအင်ဂျင်နီယာ၊ စက်မှုလယ်ယာနည်းပညာ၊ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းမှုနည်းပညာနှင့် စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာ ဘာသာရပ်များကို သင်ကြားပေးပါသည်။



အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ ကျောင်းသား ကျောင်းသူများ ဘာသာရပ်အလိုက် စာတွေ့သင်ကြားနေစဉ်။

> **"အခြေခံပညာအလယ်တန်း (KG+9) ပြီးမြောက်အောင်မြင်ပြီးပါက အစိုးရနည်းပညာအထက်တန်းကျောင်း (GTHS) များသို့ တက်ရောက်ရန် လျှောက်ထားနိုင်ပြီး တက်ရောက်ခွင့်ရပါက သင်တန်းကာလ သုံးနှစ် တက်ရောက်သင်ကြားရပါသည်။ သင်တန်းအောင်မြင်ပြီးဆုံးပါကGTHS Certificate ချီးမြှင့်ပါသည်။ ထိုကျောင်းများမှ သင်တန်းပြီးဆုံးအောင်မြင်ပြီး ပညာထူးချွန်သူများကို အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာကောလိပ်နှင့် နည်းပညာတက္ကသိုလ်များသို့ ဆက်လက် တက်ရောက်ပညာသင်ယူနိုင်ရန် လမ်းဖွင့်ပေးထား"**

**တက္ကသိုလ်ဆရာတစ်ဦး**

### အင်္ဂလိပ်စာ၊ သင်္ချာ ရမှတ်ပေါ်မူတည်၍ရွေးချယ်

သင်တန်းအောင်မြင်ပြီး ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအား အစိုးရနည်းပညာကောလိပ် တတိယနှစ်သင်တန်းသို့လည်းကောင်း၊ နည်းပညာတက္ကသိုလ် တတိယနှစ်သင်တန်းသို့ လည်းကောင်း ဆက်လက်တက်ရောက်ခွင့်ရရန် လမ်းဖွင့်ပေးထားပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာတွဲများပါဝင်သော ဘာသာတွဲများဖြင့် အောင်မြင်ပြီးသူများကို အင်္ဂလိပ်စာ၊ သင်္ချာရမှတ်ပေါ်မူတည်၍ ရွေးချယ်ခေါ်ယူပါသည်။ လျှောက်ထားလိုသည့် ကျောင်းသား ကျောင်းသူများသည် မိမိတက်ရောက်လိုသော အစိုးရစက်မှုလက်မှုသိပ္ပံသို့ တိုက်ရိုက်လျှောက်ထားရသည်။ ထိုကျောင်းများတွင်လည်း ပညာသင်ကြားနေစဉ် ကာလအတွင်း ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလာပါက တစ်ဦးလျှင် တစ်လ သုံးသောင်းကျပ် ချီးမြှင့်သည့်အစီအစဉ် ထားရှိပါသည်။

စာမျက်နှာ ၁၁ သို့ ❐

## မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်ပထမပိုင်းတွင် စာအုပ်လှူဒါန်းပွဲ ပြုလုပ်ရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြည်သူများ အသိဉာဏ်ပညာ ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာနှင့်ရပ်ကွက်များတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ဆောက်၍ စာပေများ ဖတ်နိုင်ရန် စာအုပ်စာစောင်များ ဖြန့်ဝေပေးပို့လျက်ရှိကြောင်း၊ ဖောင်ဒေးရှင်းအနေဖြင့် စာအုပ်များဝယ်ယူထောက်ပံ့ပေးသကဲ့သို့ အလှူရှင်များလှူဒါန်းသည့် စာအုပ်များကိုလည်း ပေးပို့လှူဒါန်းပေးကြောင်း၊ စာကြည့်တိုက်များ၏ အသက်မှာ စာအုပ်များဖြစ်ပါကြောင်း၊ စာအုပ်များရှိမှသာ စာဖတ်ရှုသူများ ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပါကြောင်း၊ အလှူရှင်များတိုးပွားလာသည်နှင့်အမျှ စာအုပ်များ များများလှူနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာအုပ်အလှူရှင်များ တိုးပွားရေးအတွက် စည်းရုံးပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ ကိုယ်စား ဦးမြကျော်နှင့် ဒေါက်တာဦးလှသောင်းတို့က စာအုပ်များ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး စာအုပ်များ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ဇန်နဝါရီ ၂၇ ရက် လှူဒါန်းမှုတွင် စာအုပ်ပေါင်း ၁၀၂၀၊ တန်ဖိုးကျပ် ၁၅၀၆၀၀၀ ဖြစ်ပြီး အစီအစဉ် ဒုတိယပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို ပြုလုပ်၍ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး ညှိနှိုင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖလမ်းမြို့၌ လူငယ်စကားဝိုင်း ဆွေးနွေးပွဲနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ဖလမ်း ဇန်နဝါရီ ၂၈

ချင်းပြည်နယ် ဖလမ်းမြို့၌ လူငယ်စကားဝိုင်း ဆွေးနွေးပွဲနှင့် ကလေးအလုပ်သမားပပျောက်ရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းက အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ဦးဗန်ကြီးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီတွင် စတင်ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးရှိန်းတမ် ဦးဆောင်မှုဖြင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ မငွန်ရှုန်းပါရ်နှင့် မကျုံးစင်မွေး၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား မောင်ခန့်စည်သူနိုင်နှင့် ကျောင်းသူ မချောနဒီ၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ မဗန်အဲမ်းမွေဟုန်းတို့က ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပရာ ဖလမ်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရှိန်းတမ်က အမှာစကားပြောကြား၍ ဖလမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဝင်းနှင့် မြို့နယ်ပညာရေးမှူး ဦးဟုမ်ဇထန်းတို့က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြော ဆွေးနွေးကြသည်။ **ရဲမြင့်အောင်**



## မုံရွာမြို့ အထက(၃)ကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

မုံရွာ ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ အထက (၃)ကျောင်း၌ လူငယ်စကားဝိုင်းများကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မုံရွာခရိုင် ပညာရေးမှူး ဦးမြင့်ဆွေက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်စိုးနှင့် မုံရွာမြို့ အထက(၃)ကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်မာမာဌေးနှင့်အတူ Grade-11 အတန်းမှ ကျောင်းသား မောင်လမင်းသွင်က "လူငယ်နှင့်အားကစား"၊ ကျောင်းသူ မမေသဲစုက "လူငယ်နှင့် ဆိုရှယ်မီဒီယာ"၊ Grade-10 အတန်းမှ ကျောင်းသား မောင်အောင်ပြည့်ဖြိုးက "လူငယ်နှင့်ပညာရေး"၊ ကျောင်းသူ မနှင်းဝတ်ရည်ထွန်းက "လူငယ်နှင့် ကျန်းမာရေး" စသည့် ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို အပြန်အလှန် ဆွေးနွေးဖြေကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



## လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးနှင့် ဗို့အားပြည့်ဝစွာရရှိရေးတို့အတွက် ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲထိ တာမွေမြို့နယ် လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှ ဦးစီး၍ ဝန်ထမ်းများက ကန်ပတ်လမ်းနှင့် ကျိုက္ကဆံလမ်းတစ်လျှောက်ရှိ 6.6kV ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

❐ စာမျက်နှာ ၁၀ မှ

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်တွင် B.Tech သင်တန်း စတင်ဖွင့်လှစ်ခဲ့သော အစိုးရနည်းပညာကောလိပ်လေးကျောင်း၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၁ ဦး တက်ရောက်ပညာသင်ကြားနေပါသည်။ သင်တန်းကာလမှာ လေးနှစ်ဖြစ်ပြီး အောင်မြင်ပြီးပါက B.Tech ဘွဲ့ ချီးမြှင့်ပေးအပ်ပါသည်။ လျှောက်ထားလိုသူသည် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပါက ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားခွင့်နှင့်အတူ လျှောက်ထားနိုင်ပါသည်။ သင်ကြားပေးသည့် ဘာသာရပ်များမှာ မြို့ပြအင်ဂျင်နီယာ (Civil)၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ (Electrical Power)၊ စက်မှုအင်ဂျင်နီယာ (Mechanical) တို့ ဖြစ်ပါသည်။

ထို့ပြင် အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ကာလတိုနည်းပညာနှင့် သက်မွေးပညာသင်တန်းအမျိုးအစား ၆၀ ကို ဒေသလိုအပ်ချက်နှင့် ဒေသမှ တောင်းဆိုမှုများပေါ်မူတည်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

### သွားရောက်လေ့လာ

စာရေးသူသည် ရန်ကုန်မြို့ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)နှင့် အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ) တို့သို့ သွားရောက်လေ့လာကြည့်ပါသည်။ သက်ဆိုင်ရာကျောင်းများ၏ ကျောင်းအုပ်ကြီးများမှ ကျောင်းအလိုက် သင်ကြားပေးနေမှုများကို ခင်မင်ရင်းနှီးစွာ လိုက်လံရှင်းပြသည်။ သင်ကြားရေးဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများကို ဘာသာရပ်အလိုက် စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိသည်။ ပြင်ပစက်မှုလက်မှု ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စက်ရုံအလုပ်ရုံများမှ တာဝန်ရှိသူများကိုလည်း ထိုကျောင်းများတွင် လာရောက်လေ့လာပြီး ပူးပေါင်းကူညီဆောင်ရွက်ရန် ကြိုဆိုလျက်ရှိသည်။

ခေတ်မီတိုးတက်နေသော နိုင်ငံတိုင်းတွင်ပင် အသက်မွေးဝမ်းကျောင်း ကောလိပ်များသို့ တက်ရောက်ပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်ကာ အလုပ်လုပ်ကိုင်ကြပြီးမှ သင့်လျော်သည့်အချိန်တွင် တက္ကသိုလ်ပညာကို ပြီးဆုံးအောင် သင်ကြားသူအရေအတွက် များပြားကြောင်းသိရသည်။ ထိုသို့ တက်ရောက်ရခြင်းမှာ သင်တန်းကာလ တိုတောင်းသဖြင့် ကုန်ကျစရိတ်နှင့်အချိန် သက်သာပြီး အလုပ်ခွင်ကို ဝင်ရောက်ပြီး မိမိဝင်ငွေဖြင့် တက္ကသိုလ်သို့ ဆက်လက်တက်ရောက်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနတို့ ညှိနှိုင်း၍လုပ်ငန်းလိုအပ်ချက်ရှိသော ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်သွားရန်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းဆင်း လူငယ်များကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန် စုပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။

### အစိုးရ နည်းပညာ အထက်တန်းကျောင်းများသို့လည်း ရွေးချယ်သင်ယူနိုင်

ထို့ပြင် အခြေခံပညာအလယ်တန်းအဆင့် (Grade-9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများကို အခြေခံပညာအထက်တန်းအဆင့်သာမက အစိုးရနည်းပညာ အထက်တန်းကျောင်းများသို့လည်း ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများရှိကြောင်း အသိပေးပြောကြားသည့်သတင်းများ မျှဝေပေးသင့်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ ကူညီမှုဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံနှင့်အစိုးရနည်းပညာ အထက်တန်းကျောင်းများ၏ အောင်မြင်မှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများတွင် မကြာခဏ ထုတ်လွှင့်သင့်ပါသည်။

နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးကဏ္ဍ တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ လူမှုစီးပွားဘဝသည်လည်း အဆင့်မြင့်ပြောင်းလဲလာမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာရေးကို ဂရုတစိုက်အားပေးကူညီပေးနေမှု၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲမှုကို တွေ့မြင်ကြရတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်အပ်နှင်း

လွိုင်ကော် ဇန်နဝါရီ ၂၈

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ယမန်နေ့မွန်းလွဲ ၁ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြောကြားသည်။



**စွမ်းစွမ်းတမံ**

ကယားပြည်နယ် ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှတာဝန်ယူ၊ တာဝန်ခံမှုပြည့်ဝစွာဖြင့် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ်ဂုဏ်ကိုမြှင့်တင်နိုင်ခဲ့သော အားကစားသမားများနှင့် အခြားကဏ္ဍများတွင် ထူးချွန်သူများကို ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်အပ်နှင်းခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ် အစိုးရအဖွဲ့ဝင်များက (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများကို ဂုဏ်ပြုဆုချီးမြှင့်ခံရသူများအားလည်းကောင်း၊ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းများတွင်ဆုရရှိသည့် ပြခန်းတာဝန်ခံများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)



# (၇၆)နှစ်မြောက်ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် MSMEs ပြခန်းများ ပြသမည်

တောင်ကြီး ဇန်နဝါရီ ၂၈

ပြခန်းများခင်းကျင်းပြသရာတွင်လည်း MSMEs ပြခန်းများကို စနစ်တကျသေချာစွာ စီစဉ်ဆောင်ရွက်ထားရှိရန်လိုအပ်ကြောင်း ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၃)တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်းက ပြောကြားသည်။

**လစ်ဟင်းမှုမရှိစေရေး**

(၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် ပြခန်းများခင်းကျင်းပြသမည့် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ခင်းကျင်းပြသမည့် ပစ္စည်းများကို အချိန်မီပြသနိုင်ရေးနှင့် လစ်ဟင်းမှုမရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော လုပ်ငန်းကော်မတီများဖြစ်သည့် အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ သတင်းမှတ်တမ်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ ဆုချီးမြှင့်ရေးကော်မတီ၊ ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ညစာစားပွဲနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီ၊ ဖျော်ဖြေရေးလုပ်ငန်းကော်မတီတို့ကဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ကသောင်-လက္ခဏ-ခလောက်ထောင်-လဆန်း-နောင်တုတ်-တမောစိန်-နော်ထူးဒီလမ်း ကတ္တရာလမ်းသစ်ဖွင့်လှစ်

ဘားအံ ဇန်နဝါရီ ၂၈

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်ကော့ကသောင်-လက္ခဏ-ခလောက်ထောင်-လဆန်း-နောင်တုတ်-တမောစိန်-နော်ထူးဒီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခန့်က လဆန်းကျေးရွာရှိအဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်မရှိစေရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်ပေါင်းစုံက အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**အမြန်ဆုံးသွားလာနိုင်**

ကရင်ပြည်နယ်ဝန်ကြီးချုပ်က ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသထုတ်ကုန်များကုန်ကျစရိတ်သက်သာစွာဖြင့်ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိစေမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအတွက် လမ်းကွန်ရက်များကိုအသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့်လမ်းသည် ခွင့်ပြုရန်ပုံငွေကျပ် ၆၂၁ ဒသမ ၈၃၉ သန်းဖြင့် အကျယ် ၁၂ ပေရှိကတ္တရာလမ်း နှစ်မိုင်နှင့် Box Culvert သုံးစင်းတို့ကိုဆောင်ရွက်ပြီးစီးဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မူလမြေသားလမ်းအရှည် ၁၀ မိုင် ၅ ဖာလုံအနက် စုစုပေါင်းလမ်းအရှည် ၆ မိုင် ၅ ဖာလုံကို ကတ္တရာလမ်းအဖြစ် ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်နိုင်ခဲ့ကာ ကျန်ရှိသည့်လမ်း လေးမိုင်အနက် ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းတစ်မိုင်နှင့် ၁၀ ပေ ကွန်ကရစ်တံတားတစ်စင်းတို့ကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မဲဘောင်-နောင်ပလိန်လမ်း၊ ဘားအံ-အိန္ဒူ-ကော့ကရိတ်-မြဝတီအာရှလမ်းမကြီးတို့နှင့် ဆက်သွယ်ပေးထားသော အဓိကလမ်းမကြီးဖြစ်သည့်အပြင် ကော့ကသောင်ဂူ၊ ဣန္ဒာသယသဘာဝလိုဏ်ဂူတော်နှင့် ဗုဒ္ဓဂါယာသို့ ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များလာရောက်လည်ပတ်ဖူးမြော်ကြခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး ခရီးသွားပြည်သူများအတွက်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေကာ ခရီးသွားလုပ်ငန်းများတိုးတက်လာစေရန် အထောက်အကူပြုသည့် လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





# ဝါးခယ်မမြို့နယ် ပဆငမှ အူကျွန်း - ရေလိန် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

ဝါးခယ်မ ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပဆငမှ အူကျွန်း – ရေလိန် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီကကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးတင်ဇော်ထွန်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသိန်းတို့ တက်ရောက်ခဲ့ကြသည်။

**ကြည့်ရှုစစ်ဆေး**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဝါးခယ်မမြို့နယ် ပဆငမှအူကျွန်း–ရေလိန် ကွန်ကရစ်လမ်းသည် အကျယ် ၁၂ ပေ၊ ထုထည် ခုနစ်လက်မ၊ အရှည် ၅၅၄၄ ပေရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၃၅၅ ဒသမ ၃၂၅ သန်းဖြင့် ဝါးခယ်မမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် မေလ ၂၃ ရက်တွင် စတင်တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တရုတ်နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးကဏ္ဍသည် ကမ္ဘာတစ်ဝန်းရှိ သင်္ဘောတည်ဆောက်ရေးဈေးကွက်ကို ဆက်လက်ဦးဆောင်လျက်ရှိ



ပေကျင်း ဇန်နဝါရီ ၂၈

တရုတ်နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးကဏ္ဍသည် အကြီးမားဆုံးဈေးကွက်ရရှိထားသည့်အပြင် ၂၀၂၂ ခုနှစ်နှောင်းပိုင်းအထိ သင်္ဘောထုတ်လုပ်မှုဆိုင်ရာ အမှာစာအများဆုံး ရရှိထားသည့်အတွက် ကမ္ဘာတစ်ဝန်းရှိသင်္ဘောတည်ဆောက်ရေးဈေးကွက်ကို ဆက်လက်ဦးဆောင်လျက်ရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

နိုင်ငံ၏သင်္ဘောတည်ဆောက်ထုတ်လုပ်မှုသည် ယမန်နှစ်တွင် အလေးချိန် တန်ချိန် ၃၇ ဒသမ ၈၆ သန်းအထိရှိခဲ့ပြီး ကမ္ဘာတစ်ဝန်း၌သင်္ဘောထုတ်လုပ်မှုစုစုပေါင်းတန်ချိန်၏ ၄၇ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း တရုတ်နိုင်ငံ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းအဖွဲ့က ပြောကြားသည်။

၂၀၂၂ ခုနှစ်အတွင်း သင်္ဘောတည်ဆောက်ထုတ်လုပ်ရန် အမှာစာသစ်များအရ တန်ချိန်ပေါင်း ၄၅ ဒသမ ၅၂ သန်း ထုတ်လုပ်ရမည်ဖြစ်ပြီး အဆိုပါပမာဏသည် ကမ္ဘာ့ဈေးကွက်ပမာဏ၏ ၅၅ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

သင်္ဘောတည်ဆောက် ထုတ်လုပ်မှုကဏ္ဍ၏ ဝယ်လိုအားသည် စုစုပေါင်း တန်ချိန် ၁၀၅ ဒသမ ၅၇ သန်းရှိပြီး နှစ်စဉ် ၁၀ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာကာ ကမ္ဘာ့ဈေးကွက်ဝယ်လိုအား၏ ၄၉ ရာခိုင်နှုန်းကို ရယူပိုင်ဆိုင်ထားကြောင်း သိရသည်။

ထို့ပြင် တရုတ်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းခြောက်ခုသည် ကမ္ဘာ့ထိပ်တန်းအဆင့် ၁၀ အတွင်း သတ်မှတ်ခံရကြောင်း တရုတ်နိုင်ငံ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းအဖွဲ့က ပြောကြားဆိုသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

## အာဖဂန်နစ္စတန်နိုင်ငံ၌ အအေးလွန်ကဲမှုကြောင့် ယခုနှစ်အတွင်း ၁၀၀ ကျော် သေဆုံး

ကဘူးလ် ဇန်နဝါရီ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ၌ ဆောင်းရာသီ အအေးလွန်ကဲမှုကြောင့် ယခုနှစ်အတွင်း လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း တာလီဘန်အစိုးရအဖွဲ့ အရာရှိများက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံတစ်ဝန်း၌ အအေးလွန်ကဲမှုသည် ဆယ်စုနှစ်တစ်ခုအတွင်း အပြင်းထန်ဆုံးဖြစ်ကြောင်း သိရသည်။

ပြင်းထန်သော အအေးဓာတ်လွန်ကဲမှုကြောင့် အပူချိန် ပုံမှန်ထက် နိမ့်ကျလျက်ရှိသည်။ မြို့တော်ကဘူးလ်တစ်ဝိုက်ရှိ ဒေသများတွင် ယခုလအတွင်း အပူချိန်သည် အနုတ် ၂၀ ဒီဂရီစင်တီဂရိတ်အောက် ကျဆင်းခဲ့ကြောင်း သိရသည်။

ကလေးငယ်များအပါအဝင် ဒေသခံပြည်သူအများအပြားသည် အအေးဒဏ်ကို ခံစားရကာ သေဆုံးခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် နာဂျီဘာအမည်ရှိ အမျိုးသမီးတစ်ဦးသည် ၎င်း၏တစ်နှစ်အရွယ် မြေးမလေးတစ်ဦးကို အအေးဒဏ်လွန်ကဲမှုကြောင့် ဆုံးရှုံးခဲ့ရကြောင်း ပြောကြားသည်။

သေဆုံးသူ မိန်းကလေး၏ဖခင်သည် နေ့စားအလုပ်သမားတစ်ဦးဖြစ်သည့်အတွက် ၎င်း၏မိသားစုအား အအေးဒဏ်မှ ကာကွယ်ပေးရန် အစားအစာ၊ ခေတ်ငွေ့ သို့မဟုတ် ထင်းအလုံအလောက်ဝယ်ရန် ပိုက်ဆံလုံလောက်မှုမရှိကြောင်း နာဂျီဘာက ဆိုသည်။

တာလီဘန်အစိုးရသည် နိုင်ငံအတွင်း အအေးဒဏ်လွန်ကဲမှုပြဿနာကို ဖြေရှင်းနိုင်ရန် ကုလသမဂ္ဂအဖွဲ့နှင့် အခြားသောနိုင်ငံများထံမှ အကူအညီများ တောင်းခံလျက်ရှိသည်။

အာဖဂန်နစ္စတန်လူဦးရေ၏ သုံးပုံနှစ်ပုံသည် ဆင်းရဲမွဲတေမှုနှင့် စားနပ်ရိက္ခာပြတ်လပ်မှုဒဏ်ကို ခံစားနေရပြီး အရေးပေါ်လူသားချင်း စာနာထောက်ထားမှု အကူအညီလိုအပ်သူ ၂၈ သန်းခန့်ရှိကြောင်း ကုလသမဂ္ဂအဖွဲ့က ခန့်မှန်းထားကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**



## အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းမှာ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူများဖြစ်

ဝါရှင်တန် ဇန်နဝါရီ ၂၈

အမေရိကန်နိုင်ငံ၌ တွေ့ရှိရသည့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းမှာ XBB.1.5 အမျိုးအစား အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူများဖြစ်ကြောင်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ထုတ်ပြန်သည့်နောက်ဆုံးခန့်မှန်းချက်က ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ ဇန်နဝါရီ ၂၈ ရက်အထိ ပါဝင်သည့် သီတင်းတစ်ပတ်အတွင်း အမေရိကန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ ၆၁ ဒသမ ၃ ရာခိုင်နှုန်းသည် အဆိုပါ ကူးစက်မြန် XBB.1.5 အမျိုးအစား အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

အဆိုပါအရေအတွက်သည် လွန်ခဲ့သည့်သီတင်းပတ်အတွင်း တွေ့ရှိရသည့် XBB.1.5 အမျိုးအစား အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက်ထက် ၁၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ လက်ရှိတွင် နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် ၄၂၀၀၀ ခန့်ရှိကြောင်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အလင်းသစ်**





## ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၃၈ ဦး ထပ်မံသေဆုံး

တိုကျို ဇန်နဝါရီ ၂၈

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၃၈ ဦး သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၇၃၈၈ ဦးရှိကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၅၄၇၈၂ ဦးထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၂၄၁၉၆၃၂ ဦးရှိကြောင်း သိရသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၅၁၅ ဦးသည် မြို့တော် တိုကျိုမှဖြစ်ကြောင်း သိရသည်။

အလားတူ အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူများအနက် ၂၅ ဦးသည် မြို့တော်တိုကျိုမှဖြစ်သည်။

မြို့တော်အတွင်း ရောဂါကူးစက်ခံရသူ အရေအတွက်သည် လွန်ခဲ့သော ရက်သတ္တပတ်ကထက် ၂၀၉၂ ဦးလျော့ကျသွားကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

■

# တရားမဝင် သစ်၊ သီးနှံများ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ အင်ဂျင်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်တွင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ် ကျွဲခြံကျေးရွာ မော်လမြိုင် ကားလမ်းမဘေးတွင် ပိုင်ရှင်မဲ့စုပုံထားသော အေးခဲငါးမျိုးစုံ ၇၀၀ ကီလိုဂရမ်၊ ထိုင်းနိုင်ငံထွက် ပဲသီး ၃၁၅ ကီလိုဂရမ်နှင့် ထိုင်းနိုင်ငံထုတ် အကြော်မုန့် ရှစ်ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၄၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပေါင်မြို့နယ် ကျွဲခြံကျေးရွာ မော်လမြိုင်ကားလမ်းမဘေးတွင် သိမ်းဆည်းရမိသည့် စုပုံထားသော အေးခဲငါးမျိုးစုံနှင့် ထိုင်းနိုင်ငံထွက် ပဲသီးများကို တွေ့ရစဉ်။

အလားတူ ဇန်နဝါရီ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော Solid Bearing ၂၂၇၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၁၅၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်း မရှိသော ဒိုင်ယာရီစာအုပ် ၁၆၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈၇၂၀၀) ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၂၂၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

### သိမ်းဆည်းရမိ

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီခရိုင် တရားမဝင်ကုန်သွယ်မှုတားဆီး/ထိန်းချုပ်ရေးအဖွဲ့နှင့် မြဝတီမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတို့မှ ပူးပေါင်းအဖွဲ့များက သဃာန်းညီနောင်ကျေးရွာ (AK)ဂိတ်အနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယာဉ်ရှစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပြောင်းအိတ် ၁၈၅၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၄၀၀၀၀၀၀)နှင့် အဆိုပါ ပြောင်းများ တင်ဆောင်သော ယာဉ် ရှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ အနောက်ပိုင်းခရိုင် လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေး အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းကုန်းမြို့နယ် ပြည်လမ်းပေါ်၌ နီးဘုရားရှေ့တွင် လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀)ကို စစ်ဆေးတွေ့ရှိသဖြင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဇန်နဝါရီ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မုံရွာမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ပိတောက်သစ်ခွဲသားသုည ဒသမ ၅၅၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၄၃၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဖြူးမြို့နယ်သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးကွန်းကြိုးပြင်ကာကွယ်တောအတွင်း၌ တရားမဝင် ကညင်သစ်ခွဲသား ၄ ဒသမ ၅၄၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၁၄၈၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၂၅ ရက်၊ ၂၆ ရက် နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၅၈၈၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ သိရသည်။

**သတင်းစဉ်**

# ပင်လုံမြို့နှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပင်လုံမြို့နှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ပြည့်စုံအောင်(ခ)မျိုးကျော်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် လွိုင်လင်မြို့နယ် ပင်လုံမြို့ ရပ်ကွက်(၄)အတွင်းတွင် အိုက်စိုင်း မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် လွိုင်လင်မြို့နယ် လွိုင်လင်အရှေ့ကျေးရွာအုပ်စု နောင်ဟမ်းကျေးရွာရှိ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကိုလည်းကောင်း၊ အလားတူ ဇန်နဝါရီ ၂၆ ရက် ညနေ ၅ နာရီခွဲတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဝမ်းကောင်း(၂) ကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ ပြည့်စုံအောင်(ခ) မျိုးကျော်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၁-၂၀၂၃ တနင်္ဂနွေနေ့

**MRTV HD**

- ၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(**မင်္ဂလသုတ်**)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ "ARSA အကြမ်းဖက်အဖွဲ့ရဲ့လုပ်ရပ်"
- ၀၉:၁၀ ပြည်ထောင်စုနေ့ဝတ်ပြုအစီအစဉ် "အလှပြာဝေ...ဟားစည်မြေ" (စကောကရင်)
- ၀၉:၂၅ ပြည်ထောင်စုနေ့ဝတ်ပြုတေးသီချင်း
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၃၀ "ညီညွတ်ရေးသံစဉ်တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်"
- ၁၁:၃၅ အသိပညာနှင့်အမှန်တရား
- ၁၂:၃၀ This Week's Special Interest
- ၁၃:၁၅ Weekly Local News Highlights
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် "**နေကျောက်ခဲ**" (ဒါရိုက်တာ–သင်းသင်းယု)
- ၁၆:၃၅ ပြည်ထောင်စုနေ့ဝတ်ပြုအစီအစဉ် "နှစ်သစ်ဦးရဲ့ကောက်သစ်ထမင်းဝိုင်း"
- ၁၆:၄၅ "Sports Diary"
- ၁၇:၁၅ ပြည်ထောင်စုနေ့ဝတ်ပြုအစီအစဉ်
- ၁၇:၂၅ Economic Review
- ၁၇:၄၀ "အနာကြီးရောဂါကင်းဝေးဖို့ စိတ်ခွန်အားတွေပေးကြစို့"
- ၁၇:၄၅ မြန်မာ–ရုရှားဆက်ဆံရေးမှသည် ထိရောက်သည့်အမျိုးသားအကျိုးစီးပွားသို့ရည်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ 'သုတဝေဖြာ...သိရိဂေဟာ'
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ '**ပိန်းကြာပက်၌တင်သောရေ**' (အပိုင်း–၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ "**ချစ်သောဝါဝါ**" (အကယ်ဒမီဝါဝါဝင်းရွှေ)(အပိုင်း–၃)
- ၂၁:၂၅ ဆေးရောင်စုံရုပ်ရှင် "**လက်တွဲဖော်**" (ဒါရိုက်တာ–ခင်မောင်ဦး၊ စိုးသိမ်းထွန်း)

**mitv**

- 07:01 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
- 07:10 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
- 07:36 Myanmar Traditional Thatched Roofs: IN-LEAF
- 07:53 Ngapali Beach: Fishing Villages
- 08:01 News
- 08:29 Paper Flower
- 09:34 Buddha - Dhita (Buddhist Nuns)
- 09:01 His Life and His Art: Myanmarpyi Thein Tan- The Legendary Musician (Epi-6) 1989~Up to Now
- 09:36 Today Myanmar
- 09:49 Sarus Crane in Myanmar
- 10:01 News
- 10:28 Reconservation Thatbyinnyu Temple
- 10:45 Perspectives: Growth Policies on the Dying?
- 11:02 Kay Tu Mar Lar "The Family"

**MRTV NRC**

- **ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)** နာနတ်သီးနှင့်ကျန်းမာရေး
- **ချင်း(ချို) (၀၇:၀၀ မှ ၀၈:၀၀)** စွန်တောင်ရွာမှလက်မှုပညာ
- **မွန် (၀၈:၀၀ မှ ၁၀:၀၀)** ဒူးရင်းသီးနှင့်ကျန်းမာရေးအကျိုးကျေးဇူး
- **ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)** ရွှေတံခါးမြို့သို့ အလည်တစ်ခေါက်
- **ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)** ရှမ်းခေါက်ဆွဲချက်နည်း
- **ဝ (၁၄:၀၀ မှ ၁၆:၀၀)** "ဝ"ရိုးရာဝက်သားဆန်ပြုတ်ချက်နည်း
- **ကချင် (၁၆:၀၀ မှ ၁၈:၀၀)** ဗိုင်ဝါးရိုးရာဝတ်စားဆင်ယင်ပုံ
- **ကယား (၁၈:၀၀ မှ ၂၀:၀၀)** ကယားရိုးရာ တူရိယာပြုလုပ်ခြင်း
- **ပကာကရင် (၂၀:၀၀ မှ ၂၁:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း–၉)
- **အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)** သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်
- **အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ဖားပုတောင်ပေါ်မှလှပသောမြင်ကွင်းတစ်ခွင်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၄၅ မန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ စုံညီပွဲတော်အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၁၀:၁၅ Weekly International News
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၁၅ နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးသတင်း
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**လင်နဲ့မယား လျှာနဲ့သွားဆိုပေမယ့်**"
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း – အပိုင်း(၆)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇလန်နိုင်ငံ)
- ၁၁:၃၀ "အတွေးအမြင်" – အပိုင်း(၆)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၆:၃၅ ဟင်းသီးဟင်းရွက်ပွဲတော်မှသည် တောင်သူဆီသို့
- ၀၇:၀၀ စိုက်ပျိုးရေးရာအဖြေရှာ
- ၀၇:၂၅ ရွှေဘိုပေါ်ဆန်း
- ၀၈:၁၅ စာသင်ခန်းမှသည်လယ်တောဆီ (ဇာတ်လမ်းတို)
- ၀၈:၄၅ သုတဝေစည်တောင်သူဆီ
- ၀၉:၂၅ ကုန်ကြမ်းဆီမှကုန်ချောဆီသို့
- ၀၉:၀၀ ကမ္ဘာ့အလှမြန်မာ့တော်ဝင်သစ်ခွ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သလဲဘာကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးပြီး ကျေးရွာအတွင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဆင်ခြင်တုံတရားမဲ့စွာပစ်ခတ်မှုကြောင့် ဘုန်းတော်ကြီးတစ်ပါး ပျံလွန်တော်မူ ကျေးရွာနေ အပြစ်မဲ့ အမျိုးသားငါးဦးနှင့် အမျိုးသမီးသုံးဦး သေဆုံး၊ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် CRPH ၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ပြည်သူများ၏နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

**အမျိုးသားငါးဦး၊ အမျိုးသမီးသုံးဦးသေဆုံး**

ထိုသို့ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သလဲဘာကျေးရွာအနီး နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ဇန်နဝါရီ ၂၇ ရက် ည ၉ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏အရှေ့ဘက်နှင့် တောင်ဘက်တို့မှနေ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် ကျေးရွာ၏တောင်ဘက်ရှိ လူနေအိမ်များအား ဝင်ရောက်မီးရှို့ဖျက်ဆီးပြီးပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ အဆိုပါအကြမ်းဖက်သမားများ၏ မီးရှို့မှုကြောင့် နေအိမ် အလုံး ၈၀ မီးကူးစက်လောင်ကျွမ်းပျက်စီးခဲ့ရကြောင်း၊ ဆင်ခြင်တုံတရားမဲ့စွာ ကျေးရွာအတွင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သက်တော် ၈၃ နှစ် ဝါတော် ၁၀ ဝါရှိဘုန်းတော်ကြီးတစ်ပါး ပျံလွန်တော်မူခဲ့ပြီး ကျေးရွာနေ အပြစ်မဲ့ အမျိုးသားငါးဦးနှင့် အမျိုးသမီးသုံးဦး သေဆုံးခဲ့ကာ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။


အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည့် မီးဘေးသင့်ပြည်သူများသည် နီးစပ်ရာကျေးရွာဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆွေမျိုးများ၏ နေအိမ်များ၌ နေထိုင်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များ




PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးပြီး ကျေးရွာအတွင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် အရာတော်မြို့နယ် သလဲဘာကျေးရွာနေရာပြပုံ။

က စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲခဲ့သည့် ဒါလီချောင်းသံကူကွန်ကရစ်တံတား နေရာပြပုံ။

# ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းဆိပ်ကြီး-မော်လမြိုင်သွား ကားလမ်းပေါ်ရှိ ဒါလီချောင်းသံကူကွန်ကရစ်တံတားကိုKNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းဆိပ်ကြီး-မော်လမြိုင်သွား ကားလမ်းပေါ် အရှည် ပေ ၁၈၀၊ အကျယ် ၁၄ ပေရှိ ဒါလီချောင်းသံကူကွန်ကရစ်တံတားအား KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက် ၇ နာရီခွဲခန့်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

မိုင်းဖောက်ခွဲမှုကြောင့် တံတား၏တောင်ဘက်ခြမ်း ကမ်းကပ်ခုံအနီးမှ အထက်ပိုင်းကျိုးကျပျက်စီးခဲ့ပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်းနှင့် အဆိုပါတံတားပျက်စီးခဲ့မှုအား တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲခဲ့သည့် ဒါလီချောင်း သံကူကွန်ကရစ်တံတားပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အဝိုင်းရွာမကျေးရွာနေ ဝမ်စီသည် ၎င်းအသုံးပြုသည့် “Wan Si” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက်တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့CRPH၊ NUGနှင့်ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကျောင်းကုန်းမြို့၌ ဆရာတော်၊ သံဃာတော်များနှင့် ဝတ်အသင်းများက အောင်ခြင်းရှစ်ပါး ပါဠိနှင့် ဇေဂ္ဂသုတ်များ ရွတ်ပွားပူဇော်

ကျောင်းကုန်း ဇန်နဝါရီ ၂၈

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ ဒက္ခိဏာရာမ (ရွှေကျင်) ပရိယတ္တိစာသင်တိုက်၌ ယမန်နေ့ နံနက် ၈ နာရီတွင် ဆရာတော်၊ သံဃာတော်များက အောင်ခြင်း ရှစ်ပါး ပါဠိနှင့် ဓဇဂ္ဂသုတ် ပရိတ်တော်မြတ်ကို ရွတ်ပွားပူဇော်ခဲ့ကြသည်။



အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော်၊ သံဃာတော်များက အတွင်းအောင်ခြင်း ရှစ်ပါးနှင့် အပြင်အောင်ခြင်း ရှစ်ပါး ပါဠိကို ရွတ်ပွားခဲ့ကြပြီး ဝတ်အသင်းသူများက ဓဇဂ္ဂသုတ်ကို ရွတ်ပွားပူဇော်ခဲ့ကြကာ အခမ်းအနားကို ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ထို့အတူ အမှတ်(၁)ရပ်ကွက် မိုးဃ်းကောင်းပရိယတ္တိစာသင်တိုက်၌ ရွတ်ပွားပူဇော်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## မအူပင်မြို့နယ်၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မအူပင် ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် အတွင်းအောင်ခြင်း ရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါး အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဘုရား၊ စေတီ၊ ပုထိုးများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ရပ်ကွက်/ ကျေးရွာများအလိုက် ယမန်နေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ရွတ်ဖတ်ပူဇော်ရာတွင် မအူပင်မြို့နယ်အတွင်းရှိ ခရိုင်သာသနာ့ဗိမာန်တော်ကြီး၊ ညောင်ဝိုင်းကျေးရွာရှိ ဓမ္မဒီပကျောင်းတိုက်၊ အိုင်ဝိုင်းကျေးရွာရှိ သုခရိပ်ကျောင်းတိုက်၊ အမှတ် (၄) ရပ်ကွက်အတွင်းရှိ ဒီပဲယင်းကျောင်းတိုက် စသည့် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာကျောင်းတိုက်များမှ ဆရာတော်သံဃာတော်များက အတွင်းအောင်ခြင်း ရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါး ပါဠိတော်နှင့် ဓဇဂ္ဂသုတ်တို့ကို ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းတို့က ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။



ထို့နောက် ဝတ်ရွတ်အသင်းအဖွဲ့များကလည်း ဘုရားစေတီပုထိုးများ၊ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် အတွင်းအောင်ခြင်း ရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါး အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး ဘုရားစေတီပုထိုးများတွင်လည်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ညောင်တုန်းမြို့ နိုင်ငံအေးဘုရားကြီး၌ ကုသိုလ်ယူစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဓဇဂ္ဂသုတ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်

ညောင်တုန်း ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ နိုင်ငံအေးဘုရားကြီး၌ ကုသိုလ်ယူစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့်အတွင်းအောင်ခြင်း ရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါး ပါဠိတော်၊ မြန်မာပြန်နှင့် ဓဇဂ္ဂသုတ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ စုပေါင်း၍ ဘုရားဝင်းအတွင်း တံမြက်စည်းလှဲခြင်း၊ ရေညှိများတိုက်ချွတ်ဆေးကြောခြင်း၊ အမှိုက်ကောက်ယူခြင်းများကို ကုသိုလ်ယူဆောင်ရွက်ကြသည်။

ထို့နောက် တောင်ညိုပရိယတ္တိစာသင်တိုက် သံဃာတော်များထံမှ ငါးပါးသီလကို ခံယူဆောက်တည်၍ အတွင်းအောင်ခြင်း ရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါး ပါဠိတော်ကို နာယူခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဝတ်ရွတ်အသင်းက အပြင်အောင်ခြင်း ရှစ်ပါး မြန်မာပြန်နှင့် ဓဇဂ္ဂသုတ်တော်ကို ရွတ်ဆိုပူဇော်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

## ကျောက်တံတားမြို့နယ်၌ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

ကျောက်တံတား ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၂)ရပ်ကွက် ဆူးလေဘုရားလမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော ဆူးလေဘုရား စေတီတော်ရင်ပြင်၌ နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့စတင်ပင့်ဆောင် ပူဇော်ချိန်တွင် သံဃာတော်များနှင့် ဝတ်အသင်းအဖွဲ့များက ရွတ်ဖတ်ပူဇော်သည့် အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာအခမ်းအနားကို “နမောတဿ” သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး သံဃာတော်များက အတွင်းအောင်ခြင်း ရှစ်ပါးနှင့် အပြင်အောင်ခြင်း ရှစ်ပါး ပါဠိတော်များအား ရွတ်ဖတ်ပူဇော်ခြင်း၊ အပြင်အောင်ခြင်း ရှစ်ပါး လင်္ကာအား ဝတ်အသင်းအဖွဲ့က ရွတ်ဖတ်ပူဇော်ခြင်း၊ ဓဇဂ္ဂသုတ် ပရိတ်တော်မြတ်ကို သံဃာတော်များနှင့် ဝတ်အသင်းသူ အသင်းသားများက ရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်ခဲ့သည်။ ထို့နောက် ကျောက်တံတားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်စိန်ကြီးမှူး၍ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ကျောက်တံတားမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော ဆူးလေဘုရားစေတီတော်ကြီးသည် ယခုအခါ ပြုပြင်မွမ်းမံလျက်ရှိပြီး ဘုရားဖူးပြည်သူများ လာရောက်ကုသိုလ်ယူလှူဒါန်းနိုင်ကြောင်းနှင့် ဘုရားကြီး၏မြောက်ဘက်မုခ်တွင် ဘုရားဖူးလာပြည်သူများ ကားရပ်နားနိုင်ရန် ကားပါကင်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ချောင်းသာမြို့ မဟာဝိဇယစေတီတော်မြတ်ကြီးတွင် ရေသပ္ပာယ်ခြင်းနှင့် ရောင်တော်ဖွင့်ခြင်းကုသိုလ်များ စုပေါင်းဆောင်ရွက်



ချောင်းသာ ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ရှိ ချောင်းသာ ရွာသစ် ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် မဟာဝိဇယစေတီတော်မြတ်ကြီးတွင် မြို့အဆင့် ဌာနဆိုင်ရာများနှင့် ဘုရားကြီး ဂေါပကအဖွဲ့များ ပူးပေါင်းပြီး ယမန်နေ့ နံနက် ၈ နာရီက ရေသပ္ပာယ်ခြင်းနှင့် ရောင်တော်ဖွင့်ခြင်း ကုသိုလ်များ စုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်မှုဖြင့် မြို့အဆင့် ဌာနဆိုင်ရာများ၊ မြို့စည်ပင်သာယာရေးအဖွဲ့၊ နယ်မြေခံ မီးသတ်တပ်ဖွဲ့နှင့် ဘုရားကြီးဂေါပကအဖွဲ့များကဘုရားကြီးအားရေသပ္ပာယ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ရင်ပြင်တော်နှင့် ကုန်းတော်ပေါ်တွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်များအား စနစ်တကျ သယ်ယူစွန့်ပစ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ကြပြီး အမှိုက်များကို မြို့စည်ပင်သာယာရေးအဖွဲ့က အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျ သယ်ယူစွန့်ပစ်ခဲ့ကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၂၆ ရက်က ချောင်းသာမြို့ရှိထူးမြတ်သာခေါင်၊ စကားဝါ တောင်ကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ဒီပါအေးမြ မဟာနဂါးရုံဘုရားကြီးတွင်လည်း ရေသပ္ပာယ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း ကုသိုလ်များကိုလည်း ဌာနဆိုင်ရာအဖွဲ့များ၊ မြို့နေဒေသခံများ၊ သက်ဆိုင်ရာ ဂေါပကအဖွဲ့များက စုပေါင်းကုသိုလ်ပြု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချောင်းသာ(ပြန်/ဆက်)



# ပေါင်မြို့နယ် မုတ္တမကျေးရွာရှိ ရွှေဂူကြီး၊ ရွှေဂူလေး ရှေးဟောင်းစေတီတော်တွင် စုပေါင်းထုံးသက်န်း ကပ်လှူခြင်း ဆောင်ရွက်

ပေါင် ဇန်နဝါရီ ၂၈

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ယမန်နေ့နံနက်ပိုင်းက မုတ္တမကျေးရွာ တောင်ရိုးတန်းပေါ်ရှိ ရွှေဂူကြီး၊ ရွှေဂူလေး ရှေးဟောင်းစေတီတော်တို့အား ထုံးသက်န်းကပ်လှူ ရောင်တော်ဖွင့်ခြင်း၊ စေတီတော်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်၏ ဦးဆောင်မှုဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းကာ ရှေးဟောင်းစေတီပုထိုးများအား သန့်ရှင်းရေးပြုလုပ်ခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ထုံးသက်န်းကပ်လှူ ရောင်တော်ဖွင့်ခြင်း၊ စေတီဝန်းကျင်စိမ်းလန်းစိုပြည်ရေး ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ပန်းရေချမ်းဆီမီးများ ကပ်လှူပူဇော်ခြင်းတို့ကို တပျော်တပါး ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ပုသိမ်မြို့၌ ဆရာတော်သံဃာတော်များနှင့် ဝတ်ရွတ်အသင်းများမှ အန္တရာယ်ကင်းပရိတ်ဂါထာတော်များ ရွတ်ပွားပူဇော်

ပုသိမ် ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဆရာတော်သံဃာတော်များနှင့် ဝတ်ရွတ်အသင်းများက အပြင်အောင်ခြင်းရှစ်ပါးနှင့် ဓဇဂ္ဂသုတ်



ပရိတ်တော်များ ရွတ်ပွားပူဇော်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ရပ်ကွက်နှင့် ကျေးရွာအုပ်စုအသီးသီးတို့တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပုသိမ်မြို့နယ်အတွင်းရှိ ပြည်သူများ အေးချမ်းသာယာပြီး ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ လေးမျက်နှာကျောင်း၊ ရွှေမစိုးရိမ်ကျောင်း၊ န.တ.ခ တပ်ဦးကျောင်းအပါအဝင် ရပ်ကွက်(၁၅)ရပ်ကွက်နှင့် ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆရာတော်သံဃာတော်များကလည်းကောင်း၊ ရွှေစည်းခုံဘုရား၊ ရေကြည်ဦးဘုရား၊ ရွှေဝက်လူးဘုရား၊ ကုသိနာရုံတန်ဆောင်း အပါအဝင် ရပ်ကွက်/ကျေးရွာများရှိ တန်ခိုးကြီး ဘုရားစေတီများ၊တန်ဆောင်းများနှင့် ဓမ္မာရုံများတွင် ဝတ်ရွတ်အသင်းအဖွဲ့များကလည်းကောင်း အပြင်အောင်ခြင်းရှစ်ပါးနှင့် ဓဇဂ္ဂသုတ် ပရိတ်တော်များအား တစ်ပြိုင်တည်း ရွတ်ပွားပူဇော်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သန့်ရှင်းသာယာသောမြို့ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၈

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့် အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌လည်းကောင်း၊ ကချင်ပြည်နယ်မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်၊ လူရွယ်များစုစည်း၍ မြို့ရွာသန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်းစာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၈၂ လမ်း ၃၅ လမ်းမှ ၃၈ လမ်းအတွင်းနှင့် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းတို့၌ အမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာကို ကျပ် ၁၀၀ ဖြင့် ဝယ်ယူပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၃၁၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၁-၂၀၂၃)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၁၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃ ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၃၁,၄၀၂) အား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၈၁၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၄,၂၇၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# လှည်းကူးမြို့နယ်၌ ကွန်ကရစ်လမ်းဖွင့်လှစ်

**လှည်းကူး ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ဆားတလင်းကျေးရွာအုပ်စု နပဲပင်ကျေးရွာရှိ အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ရှေးဦးစွာ လှည်းကူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွန်ကရစ်လမ်းသစ်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နန်းထက်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါရွာတွင်းကွန်ကရစ်လမ်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (VDP)စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လမ်းအရှည် ၅၃၅ ပေ၊ လမ်းအကျယ် ၁၀ ပေနှင့် ဒုခြောက်လက်မရှိပြီး အဆိုပါ ကွန်ကရစ်လမ်း ဆောင်ရွက်ပေးခြင်းဖြင့် ဒေသနေပြည်သူများ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မှော်ဘီမြို့နယ်၌ Judo in School သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်နှင့် မှော်ဘီအထက(၂)တို့ ပူးပေါင်းဖွင့်လှစ်သော Judo in School သင်တန်းဆင်း လက်မှတ်ပေးအပ်ပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်(အထက-၂) ကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်ပေးအပ်သည်။

Judo in School ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများ ကိုယ်လက်စွမ်းအား ကြံ့ခိုင်မှုများ တိုးတက်လာပြီး ပျော်ပျော်ပါးပါးနှင့်ပညာသင်ကြားရေးကို အထောက်အကူရရှိရေး ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် စိတ်လေလွင့်မှုနည်းပါးလာမည်ဖြစ်သည်။ သင်ကြားရမည့်သင်ခန်းစာများကိုလည်း စိတ်ပါဝင်စားစွာသင်ယူနိုင်ပြီး ဉာဏ်ရည်တိုးတက်ထက်မြက်မှု ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခု သင်တန်းဖွင့်လှစ်နိုင်ရန်အတွက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာဂျူဒိုအဖွဲ့ချုပ်၏ အကြံပြုအစီအစဉ်အရ ဖွင့်လှစ်ခြင်းဖြစ်သော်လည်း MoU လက်မှတ်မထိုးမီကာလအတွင်း သင်တန်းများအတွက် အခက်အခဲမဖြစ်စေရန် သင်တန်းအထောက်အကူပြုပစ္စည်းအားလုံးကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း သိရသည်။ အဆိုပါသင်တန်းကာလမှာ လေးလကြာမြင့်ပြီး သင်တန်းသား သင်တန်းသူ ၁၀၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စောသိန်းဝင်း**



# လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း



**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် ဓာတ်အားပြတ်တောက်မှုမရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၇) ရပ်ကွက် ပုဏ္ဏမီလမ်းနှင့် ရတနာသိင်္ခလမ်းသွယ်တစ်လျှောက်ရှိ 11kV မြနန္ဒာဖီဒါဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **၀၃၁**

# ကျိုက်ထိုမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဆင်း

**ကျိုက်ထို ဇန်နဝါရီ ၂၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျိုက်ထိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် အဖွဲ့ဝင်များက ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် သင်တန်းတွင်ပို့ချသင်ကြားခဲ့သည့် မီးငြိမ်းသတ်ယာဉ်ဖြင့် ဆီမီးလောင်မှုငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံ၊ HNE Water Mist Gun သုံးပြုပုံ၊ Hydraulic Rescue Tools အသုံးပြုပုံများကို သရုပ်ပြသခဲ့သည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၂ ခုနှစ် YBS စံပြယာဉ်မောင်းဆုနှင့် တာဝန်သိယာဉ်မောင်းဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသည့် YBS ခရီးသည်တင်ယာဉ်လိုင်းကုမ္ပဏီများမှ စည်းကမ်းလိုက်နာပြီး ကိုယ်ကျင့်တရားကောင်းမွန်သော YBS ယာဉ်မောင်းများအား ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)က ၂၀၂၂ ခုနှစ် YBS စံပြယာဉ်မောင်းဆုနှင့် တာဝန်သိယာဉ်မောင်းဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ YRTC ရုံးချုပ်၌ ကျင်းပကြောင်း သိရသည်။



အခမ်းအနား ၌ YRTC ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး YBS စံပြယာဉ်မောင်းဆုနှင့် တာဝန်သိယာဉ်မောင်းဆုရရှိသူများအား YRTC မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကာ သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျလိုက်နာခြင်း၊ ခရီးသည်များအပေါ် ဝန်ဆောင်မှုကောင်းမွန်ခြင်း၊ အရက်သေစာသောက်စားမောင်းနှင်မှုမရှိခြင်း၊ ပျက်ရက်မရှိမောင်းနှင်နိုင်ခြင်းနှင့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်း စသည့်သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် YBS ယာဉ်မောင်းများကိုရွေးချယ်ပြီး ဆုများပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနား၌ ၂၀၂၂ ခုနှစ်အတွက် YBS စံပြယာဉ်မောင်းဆုရရှိသည့် ယာဉ်မောင်း ၅၃ ဦးကို တစ်ဦးလျှင် ငွေကျပ် လေးသိန်းနှင့် တာဝန်သိယာဉ်မောင်းဆုရရှိသူ ၃၀ ကို တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း – ပွင့်သစ္စာ၊ ဓာတ်ပုံ – စိုးမြင့်အောင်**

# အိမ်မဲမြို့နယ် ရေငံကွင်းကျေးရွာ၌ ကိုယ်ထူကိုယ်ထကျောက်ခင်းလမ်း ဆောင်ရွက်လျက်ရှိ

အိမ်မဲ ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရေငံကွင်းကျေးရွာတွင် ဇန်နဝါရီ ၂၆ ရက်က ဝီရိယမဏ္ဍိုင်ကျောင်းတိုက် ဆရာတော် ဝိလာသသဂ္ဂကဦးဆောင်၍ ကျေးရွာနေပြည်သူများနှင့်အတူ ယခင်မြေသားလမ်းအား ကိုယ်ထူကိုယ်ထ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## တိုက်ရိုက်ဆက်သွယ်ထား

အဆိုပါ လမ်းမကြီးသည် အလျား ပေ ၁၄၀၀၀၊ အနံ ၁၅ ပေနှင့် ဒု ငါးလက်မရှိ ယခင်မြေသားလမ်းအား ရေငံကွင်းကျေးရွာနှင့် အိမ်မဲမြို့သို့ တိုက်ရိုက်ဆက်သွယ်ထားပြီး အိမ်မဲမြို့မှ ပုသိမ်–ရန်ကုန်ကားလမ်းမကြီးနှင့် ဆက်သွယ်ထားသော လမ်းမကြီးဖြစ်သည်။

ယင်းလမ်းမကြီးကို ညောင်ငူကျေးရွာအုပ်စု၊ ရာဇူရိုးကျေးရွာအုပ်စု၊ ကျုံလဟာကျေးရွာအုပ်စု၊ ရေငံကွင်းကျေးရွာအုပ်စုနှင့် ကျုံခရီးကျေးရွာအုပ်စုတို့မှ ပြည်သူ ၅၀၀၀ ဝန်းကျင်ခန့်နှင့် ကျောင်းသား ကျောင်းသူများနေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသော အဓိက လမ်းမကြီးဖြစ်သည်။

**အေးမြသက်ထား**



# အင်းစိန်မြို့နယ်၌ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် ဗဟိုလမ်း (မင်းကြီးလမ်း) အထက(၁)ရှေ့တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် ဗဟိုလမ်း(မင်းကြီးလမ်း) အထက(၁)ရှေ့ လမ်းမပေါ်တွင် ဖြတ်သန်းသွားလာသည့် ယာဉ်များကို ယာဉ်အန္တရာယ်ကင်းဝေးစေရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ယာဉ်မောင်းနှင်သူတစ်ဦး လိုက်နာရမည့် စည်းကမ်းချက်များနှင့် ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများကို သိရှိလိုက်နာစေရန် စသည့် အသိပညာပေးခြင်းလုပ်ငန်းများကို အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသုခလှိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းယု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန့်ဇင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးညီညီစိုး၊ အမှတ်(၆၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး တင်ကို၊ မြို့နယ်စည်ပင်သာယာ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးကျော်သူဟန်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးရှိန်းမင်းထက်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးနွေမိုးငြိမ်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)မှ ဌာနစိတ်မှူး ဦးဇော်လင်းမောင်နှင့် တာဝန်ရှိသူများက ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၇၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၃၂၅ | ၂၃၅၀ | ၂၃၃၅ | ၂၃၁၀ | ၂၄၁၀ | ၂၄၂၅ | ၂၃၁၅ | ၂၃၂၅ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၉၅ | ၂၉၀၀ |
| 95 Ron | ၂၃၅၅ | ၂၄၀၅ | ၂၄၀၅ | ၂၃၆၅ | ၂၄၀၅ | ၂၄၂၅ | ၂၄၁၀ | ၂၃၉၀ | ၂၄၉၀ | ၂၅၀၅ | ၂၃၉၅ | ၂၄၁၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၆၇၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၅ | ၂၆၄၅ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၁၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၇၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၁၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၅ | ၂၇၂၅ | ၂၇၁၅ | ၂၆၁၀ | ၂၆၂၀ | ၂၆၅၅ | ၂၆၅၅ | ၂၆၆၀ | ၂၈၉၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၇၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၁၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၅ | ၂၇၂၅ | ၂၇၁၅ | ၂၆၁၀ | ၂၆၂၀ | ၂၆၅၅ | ၂၆၅၅ | ၂၆၆၀ | ၂၈၉၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၆၄ | ၂၂၄၁ |
| 95 Ron | ၂၂၄၀ | ၂၃၁၉ |
| HSD (500 ppm) | ၂၃၇၄ | ၂၄၅၁ |
| HSD (50 ppm) | ၂၄၄၇ | ၂၅၂၆ |
| HSD (10 ppm) | ၂၄၄၇ | ၂၅၂၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–


၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ဝတ္ထုတို

## ပိုင်ပိုင်




(၁)

"ဟူး...မောတယ်။ ပျော်တယ်။ ခက်ခက်ရော...ပင်ပန်းတယ်မလား"

"ပင်ပန်းတာပေါ့ မောင်ရဲ့။ တစ်မနက်လုံးပြုံးပြနှုတ်ဆက်ရတာ ပါးတွေလည်း ညောင်းနေရော။ ဆံထုံးနဲ့ မိတ်ကပ်တွေနဲ့။ မင်္ဂလာဆောင်ရတာ မလွယ်ပါ့လား မောင်ရယ်"

မျက်နှာလေးကို မဲ့ကာပြောလိုက်သောခက်ခက်ကို ကြည့်ပြီး မောင် သဘောကျနေ၏။

"ဟား....ဟား...ပုလဲရတုတို့၊ ရွှေရတုတို့ကြရင် မင်္ဂလာညှော်ခံပွဲလုပ်ဦးမယ်နော်"

"တော်ပြီနော်။ ညှော်ခံပွဲတော့ နောက်ထပ်မလုပ်ချင်ဘူး။ ပုလဲရတုအထိမ်းအမှတ်အနေနဲ့ အလှူအတန်းပဲ လုပ်ကြမယ်"

"သဘောပါဗျာ။ ချစ်ခက် သဘော..."

"အဟင်း...ဟင်း..."

ချစ်ခက်သဘောဟု ပြောသောမောင့်စကားကြောင့် သဘောကျစွာ ရယ်မိသည်။

"ဟဲ့...ကြည်နူးနေကြတာ ဟုတ်လား။ ဒီနေ့မှ မင်္ဂလာဆောင်တယ်။ ပုလဲရတုအတွက် ကြိုတင်တွေးနေကြပြီ။ ကောင်းပါလေ့ကွယ်။ ခက်ခက်ရေ...လက်ဖွဲ့ငွေတွေ စစ်ဦး။ ပစ္စည်းတွေရောစစ်။ ဘယ်သူက ဘယ်လောက်လက်ဖွဲ့လဲမှတ်ထားဦး။ မနက်ဖြန်ကြရင် ကြီးစောဆီကို လာခဲ့ဦးနော်။ ပြောစရာ သွန်သင်စရာလေးတွေ ရှိသေးတယ်"

"ဟုတ်ကဲ့ ကြီးကြီးစော"

ခက်ခက်နှင့် မောင်တို့ မင်္ဂလာညှော်ခံပွဲပြီး၍ အိပ်ခန်းတွင်း၌ အဝတ်စားလဲကာ စကားပြောရယ်မောနေခြင်းကို အခန်းပေါက်ဝတွင် လာရပ်ကြည့်ပြီး ကြီးကြီးစောက ပြောပါသည်။ ကြီးကြီးစောက အမေ့ အစ်မအကြီးဆုံးဖြစ်သည်။ ဆွေမျိုးများအားလုံးအပေါ်တွင် သြဇာညောင်းသူ။ ဆွေရေးမျိုးရေးတွင် နေရာတကာပါတတ်သူပင်။ ယခုလည်း ကြီးကြီးစောက အိပ်ခန်းပေါက်ဝမှနေ၍ လာပြောခြင်းကို မောင်က မကြည်သလိုလို။

"ဘယ်သူ ဘယ်လောက်လက်ဖွဲ့လဲ ဘာမှစစ်နေ၊ မှတ်နေစရာမလိုပါဘူးကွာ။ ခင်မင်လို့ မောင်တို့မင်္ဂလာပွဲကိုလာရောက်ပေးကြရုံနဲ့ ကျေးဇူးတင်ဖို့ လုံလောက်နေပြီ။ ခက်ခက်...မင့် ကြီးစောရဲ့ သွန်သွင်မှုတွေကို တရားသေလို့မှတ်မနေနဲ့။ သူတို့လူကြီးအတွေးအခေါ်နဲ့ လူငယ်အယူအဆနေရာတိုင်းတော့ မတူနိုင်ဘူး။ မှတ်သင့်တာမှတ်။ မလိုတာဆိုရင် ပယ်ထား။ ကြားလား"

"ဟုတ်ကဲ့ပါ မောင်ရဲ့။ လာပါ ညှော်ခန်းထဲကလက်ဖွဲ့တွေ သွားသယ်ရအောင်နော်"

ခက်ခက်က ရုံးစာရေးမ။ မောင်က သူ့မိသားစုပိုင်သောကုန်ကားများ မောင်းသူ။ တက္ကသိုလ်တက်ရင်း ဆုံတွေ့ချစ်ကြိုက်ခဲ့ကြသည်။ နှစ်ဖက်မိဘများမှလည်းသဘောတူခဲ့ကြသည်။ ခက်ခက်တို့က ဝန်ထမ်းမျိုးရိုး။ အဖေက ပင်စင်နီးပြီ။ အစ်မကျောင်းဆရာမက နယ်ပြောင်းသွားသည်။ မောင်က လက်ထပ်ပြီးသည်နှင့် အိမ်ခွဲနေချင်သော်လည်း ကျန်းမာရေးမကောင်းသည့်အမေ့ကို ခက်ခက်က မထားခဲ့နိုင်။ ပင်စင်ထိုင်ခါနီးသော အဖေ့ကိုလည်း စိတ်အားမငယ်စေလို။ ခက်ခက်အလိုကျ ဝန်ထမ်းလိုင်းခန်းတွင်သာ လာနေပေးမည်ဟု မောင်ကသဘောတူခဲ့သည်။

လက်ဖွဲ့ပစ္စည်းပုံကြီးနှင့် ငွေဖလားတွင်းမှလက်ဖွဲ့ငွေများကို စာရင်းစာအုပ်နှင့် သေချာတိုက်ပြီး စစ်မနေတော့ပါ။ သို့သော် မောင် ကားမောင်းထွက်သွားသည့်အခါကြမှ ဘယ်သူဘယ်လောက်လက်ဖွဲ့ကြကြောင်းကိုတော့ ခက်ခက်က သေချာသိချင်သေးသည်။

(၂)

"လာ သမီး။ ကြီးစောက ပြောနေတာ။ ခက်ခက်ကတော်တယ်။ ယောကျ်ားကို ကိုယ့်အိမ်အပါခေါ်ထားနိုင်တယ်လို့"

"သူက အိမ်ခွဲနေချင်တာ ကြီးစောရဲ့။ ခက်ခက်က အမေတို့ကိုမထားခဲ့နိုင်ဘူးလေ"

"အေးလေ။ ညည်းအဖေလည်း ပင်စင်နီးပြီ။ မြေကွက်လေးရှိလည်း အိမ်မှ မဆောက်နိုင်ကြသေးတာ။ ညည်းယောကျ်ားကို ကြိုးကိုင်တတ်ရမယ်နော်။ မင်္ဂလာဦးမှာ ကိုယ့်စကားအတည်ဖြစ်နေအောင်ချုပ်ထား ကြားလား။ သူ့အရိပ်အခြေကို အမြဲအကဲခတ်နေနော်။ ကားသမားတွေဆိုတာက အပြင်ထွက်ရင် လူပျိုလုပ်သတဲ့အေ့။ တစ်ရွာတစ်ကျီဆောက်တော့ အဖြစ်မခံနဲ့"

"အို....ကြီးစောကလည်း သူက အဲ့ဒီလို လူမျိုးမဟုတ်ပါဘူး။ သူ့စိတ်ရင်းကို ခက်ခက် သိပါတယ်"

"ဟဲ့...ငါကလူကြီးမို့ဖြစ်နိုင်ခြေကို ကြိုပြောပြတာ။ ညည်း အညံ့ခံလို့မဖြစ်ဘူး"

"ဟုတ်ကဲ့ပါ"

"ညည်းယောကျ်ားက စကားပြောရင် ဂျစ်ကန်ကန်နဲ့ ကိုယ့်ကို စကားနဲ့လည်း အနိုင်မခံနဲ့။ သူရှာသရွေ့ ပိုက်ဆံလည်း အကုန်အပ်ခိုင်းကြားလား။ ကိုယ့်မှာပိုက်ဆံ ဘယ်လောက် စုဆောင်းမိနေပြီဆိုတာလည်း ယောကျ်ားကို အကုန်အသိမပေးနဲ့။ အရေးကြီးဆုံးက သူအပြင်မှာ ခြေမရှုပ်ဖို့ပဲအေ့။ ငါက စေတနာနဲ့ ပြောပြတာ"

ကြီးကြီးစောက ထန်နှင့်မာန်နှင့် မိန်းမတွေအသာစီးရရန် ပြောပြနေခြင်းကြောင့် ခက်ခက်ရင်ထဲသို့ သံသယဆူးလေး စူးသွားသလိုပင်။ မောင့်ကို ခက်ခက်ကယုံကြည်သည်။ ရည်းစားဘဝကတည်းက မောင်၏တည်ကြည်သောစိတ်ထားကို မြင်မိ၏။ တစ်ခါတရံ အသောက်အစားရှိသော်လည်း မောင်က စည်းကမ်းရှိသူ။ မိန်းကလေးများအပေါ်တွင်လည်း အမေ၊ အစ်မလိုစာနာတတ်သူ။

(၃)

"ခက်ခက်ရေ...."

"သြော်...မောင်ဝေမိုး ပြန်လာပြီလား။ ခက်ခက်က ရုံးမှာ လချုပ်တွေလုပ်ရမှာမလို့တဲ့ အိုဗာတိုင်ရှိတယ် ပြောတယ်။ ထမင်းစားမယ်ဆိုရင်ပြောနော် အမေ ထမင်းခူးပေးမယ်"

"ဟုတ်လားအမေ။ ကျွန်တော် ဖုန်းခေါ်တာမကိုင်လို့။ ဘာများဖြစ်လဲထင်မိတာ။ သူအလုပ်များနေလို့ထင်ပါတယ်။ ထမင်းမစားသေးဘူးအမေ။ ကျွန်တော် အပြင်ခဏသွားလိုက်ဦးမယ်"

ဝေမိုးက စိတ်တော့ သိပ်မကြည်ပါ။ ဆယ်ဘီးပါကုန်ကားများကို ခရီးဝေးထိမောင်းရသည်မှာ အန္တရာယ်များသလိုလူလည်းပင်ပန်း၏။ ခရီးမှ အိမ်ပြန်ရောက်သည်နှင့် ချစ်ဇနီးက ဆီးကြိုနေသည်ကိုသာ မက်မောသည်။ ယောက္ခမကြီးကို အပြင်သွားမည်ဟုပြောခဲ့ပြီး ခြေလှမ်းများက လမ်းထိပ်ရှိ အရက်ဆိုင်သို့။

"ဟ...ဝေမိုး...လာကွာ"

ဆိုင်ထောင့်ရှိ စားပွဲတွင်ထိုင်နေသော ဦးမှတ်ဆယ်က လှမ်းခေါ်သည်။ မကြည်လင်သောစိတ် ခရီးမှပင်ပန်းလာသောရုပ်တို့နှင့် ဝေမိုး၏ဟန်ပန်က ညစ်နွမ်းနွမ်း။

"မင့်ကွာ...ကြည့်ရတာ နွမ်းဖတ်ဖတ်နဲ့။ အိမ်ထောင်ရေးရော အဆင်ပြေရဲ့လား"

ဦးမှတ်ဆယ်ဆိုသူက သူ့ကိုယ်သူ ရပ်ကွက်တွင်းတွင် အရေးပါအရာရောက်သူဟု မှတ်ယူထားသူ။ နေ့စဉ်အရက်သောက်နေသူ မဟုတ်သော်လည်း မကြာမကြာတော့ အရက်ဆိုင်ထိုင်တတ်သူ။ ဘယ်သောအခါမှ မူးနေအောင် မသောက်။ အာရွှင်ရုံလောက်သာ သောက်တတ်သူဖြစ်၏။ သူများအရေးကိစ္စများကို စိတ်ဝင်စားတတ်ပြီး သူ့အားမေးမေး၊ မမေးမေး အကြံပေးနေတတ်သူဖြစ်၏။

"အဆင်တော့ပြေပါတယ်ဗျာ...."

"အဲဒါဆို မင်းက ဘာဖြစ်လို့ အရက်ဆိုင်လာသလဲ။ ခက်ခက်က အရက်သောက်ရင်မပြောဘူးလား"

"ခက်ခက်က သိပ်တော့ သဘောထားမသေးပါဘူး။ တစ်ခါတရံသောက်တာကို အပြစ်မပြောပါဘူး။ ခု ကျွန်တော် ခရီးက ပြန်ရောက်တော့ သူရုံးကနေ အိမ်ပြန်မရောက်သေးလို့ အမောမပြေဘူးဗျာ..."

"အင်း...မိန်းမတွေဆိုတာက သူတို့မှာ အလုပ်ရှိတယ် ဝင်ငွေရှိတယ်ဆိုရင် ယောကျ်ားဖြစ်သူကို သိပ်မလေးစားတတ်ဘူးကွ။ မင်း အိမ်ထောင်ဦးမှာကတည်းက မိန်းမကို အပိုးကျိုးအောင်ကိုင်ထား။ မိန်းမလွှမ်းမိုးမှုတော့ မခံနဲ့ဟေ့"

"ခက်ခက်က အဲဒီလိုယောကျ်ားကို မလေးမစားနဲ့ အနိုင်ယူချင် လွှမ်းမိုးချင်တဲ့ မိန်းမမျိုး မဟုတ်ပါဘူးဗျာ။ သူ့ရုံးအလုပ်က အရေးကြီးနေလို့ ရုံးဆင်းနောက်ကျတာပါ"

ဦးမှတ်ဆယ်ကို ခက်ခက်ဘက်မှ နေ၍ပြန်ပြောလိုက်သော်လည်း ဝေမိုးရင်ထဲတွင် သူ့ဖုန်းကို မကိုင်ခြင်းနှင့် မစ်ကောဝင်ထားသည်ကို ဖုန်းပြန်မခေါ်ခြင်းတို့ကြောင့် ရင်ထဲတွင် မကျေနပ်ခြင်းဆူးလေး စူးနေသလိုလို။

"အေးကွာ။ ဘာပဲဖြစ်ဖြစ် မိန်းမကို နေရာတိုင်းတော့ ဦးစားမပေးနဲ့ကွ။ ခုကိုကြည့်လေ။ မင်းက သူ့အိမ်မှာ လာနေနေရတာ။ ယောက္ခမအိမ်တက် သမက်မျက်နှာငယ်မဖြစ်တာက မင်းဝင်ငွေကောင်းနေလို့ပါကွာ။ ယောက္ခမကြီးတွေနဲ့ အတူနေရတော့ ကိုယ်လင်ကိုယ်မယား အပြောအဆိုကအစ ဘယ်လွတ်လပ်တော့မလဲ။ နှစ်ကိုယ်တူ အိမ်ခွဲနေမှ အိမ်ထောင်ရေးသာယာတာ။ ငါကစေတနာနဲ့ပြောတာ"

ဝေမိုးကိုသာ အိမ်ထောင်ရေးသာယာစေရန် အကြံပေးနေသူ ဦးမှတ်ဆယ်က အိမ်ထောင် နှစ်ခါကွဲထားကာ အာပေါင်အာရင်းသန်သန်ဖြင့် အိမ်ခြံမြေပွဲစားလုပ်နေသူလည်းဖြစ်၏။

ဝေမိုးလည်း ဘာစကားမှပြန်ပြောလိုခြင်းမရှိတော့။ အရက်နည်းနည်းသာသောက်ပြီး အိမ်သို့ပြန်လာခဲ့သည်။

"မောင်...အပြင်ထွက်သွားတယ်ဆိုလို့။ ခက်ဖုန်းက ဘာဖြစ်လဲမသိဘူး လော့ကျသွားပြီး စက်ပိတ်သွားတာ။ ခက်လည်း အခုလေးတင် အိမ်ပြန်ရောက်တာ မောင်ရဲ့။ ထမင်းစားရအောင်နော်"

ဝေမိုးကို ခက်ခက်က အိမ်ပေါက်မှ ဆီးကြိုပြီး လေချိုသွေးသည်။

"တော်ပြီ။ ထမင်းမစားချင်တော့ဘူး။ ပင်ပန်းနေလို့ အိပ်တော့မယ်"

"ခက်လည်း စာရင်းတွေအပြီးလုပ်ရတာ ဇက်ကြောတွေတက်ပြီး ပင်ပန်းနေတယ်။ ထမင်းလည်း မစားချင်တော့ပါဘူး"

ထမင်းမစားကြတော့ဘဲအိပ်ရာဝင်ခဲ့သော ဝေမိုးနှင့် ခက်ခက် ရင်တွင်းဆူးလေးများက မျက်နေသလိုပင်။

(၄)

"ဟုတ်ကဲ့ မမ။ စိတ်ချပါ ကျွန်တော်မမေ့ပါဘူး။ ဝယ်ခဲ့မယ် စိတ်ချပါ"

ခြံထဲတွင် လမ်းလျှောက်ရင်း ဖုန်းပြောနေသော မောင့်မျက်နှာက ပြုံးနေသလို၊ အသံကလည်း မြူးနေသလိုလို။ မနက်ဖြန် မောင် ကားပြန်ထွက်ရမည်။ မူဆယ်သို့ သခွားမွှေးသီးများကားအပြည့်သယ်သွားမည်။ မူဆယ်မှ ကုန်သည်များ၏ ကုန်ပစ္စည်းများကို မန္တလေးသို့ ပြန်၍ သယ်လာပေးရမည်။ ယခု မောင် ဖုန်းပြောနေသည့် မမဆိုသည်မှာ မူဆယ်က ကုန်သည်တစ်ဦးဖြစ်မည်။ မောင်နှင့် အတော်ရင်းနှီးသည်ထင်သည်။ ဘာတွေများ ဝယ်လာပေးရန် မှာကြားနေသည်မသိ။ ခက်ခက်ရင်တွင်း၌ မောင့်အပေါ် သံသယဆူးက မသိမသာစူးလျက်။

" ခက်ရေ...နေ့ခင်းကြရင် ကောင်းမှုတော်ဘုရားသွားရအောင်။ သနပ်ခါးတုံးလိုက်ဝယ်ပေးကွာ"

"ဘယ်သူ့အတွက်လဲ။ အရင်က အဲဒီလိုတွေ မောင်မဝယ်ခိုင်းတတ်ပါဘူး"

မျက်မှောင်ကျုံ့ကာ မကြည်ပေါက်နှင့် ခက်ခက်မေးသောစကားကို မောင်က အေးဆေးစွာ ပြန်ရှင်းပြသည်။

"မူဆယ်က မမကွာ။ သူ့နာမည်က မမူယာတဲ့။ သူက မိတ်ဆွေပေါ့တယ်။ မောင်တို့ ကားသမားတွေကို ကုန်သည်တွေနဲ့ သူပဲ ချိတ်ဆက်ပေးနေတာ။ မောင့်ကိုတော့ ဆုံးသွားတဲ့သူ့မောင်လေးနဲ့ ရုပ်ခြင်းတူလို့တဲ့ ခင်မင်တယ်။ ဂရုစိုက်တယ်။ ခုနက သနပ်ခါးတုံးဝယ်လာပေးဖို့ သူ ဖုန်းဆက်တာလေ"

"အင်း...ခင်တော့ခင်ပါ။ မင်မသွားစေနဲ့..."

ခက်ခက်၏ စကားကြောင့် မောင်က မျက်နှာကို ဖြတ်ရိုက်ခံလိုက်ရသလို နာသွားသည့်ပုံ။

"ဟ...ဘာ မင်သွားရမှာတုန်း။ ခက်...မင်းနော်...စကားပြောဆင်ခြင်။ ငါက သံသယကို သိပ်မုန်းတာ"

"သံသယမဟုတ်ဘူး မောင်ရေ။ ယောကျ်ားတွေက အပြင်ထွက်ရင် လူပျိုလုပ်တတ်သတဲ့။ တစ်ရွာတစ်ကျီဆောက်တာမျိုးတော့ ခက်က လက်ခံမှာမဟုတ်ဘူး"

"ဟာ...မင်းစကားက လွန်လှပါလား။ ငါက အဲဒီလိုလူစားလား။ ရည်းစားဘဝက မင်းဒီလိုတွေ မပြောတတ်ပါဘူး"

"မဖြစ်စေချင်တာတွေ ဖြစ်လာမှာစိုးလို့ ကြိုပြောထားရမှာပဲ။ ခက်ခက်တို့က ယောကျ်ားကို မျက်နှာအောက်ချပြီး လိုက်ဆွဲခေါ်နေမဲ့ မိန်းမမျိုး မဟုတ်ဘူး"

"ဘာလဲ မင်းက အလုပ်နဲ့အကိုင်နဲ့ ဆိုပြီးယောကျ်ားကိုအားမကိုးဘူးလို့ဆိုလိုတာလား။ ငါ့ကို လွှမ်းမိုးချင်လို့မရဘူး"

"ဟဲ့..ဟဲ့..ဘာတွေဖြစ်နေကြတာလဲ။ တိုးတိုးပြောကြစမ်း။ ဘေးအခန်းကလူတွေကြားရင် ရှက်စရာအေ့။ ခက်ခက် ဘာလို့ စွပ်စွပ်စွဲစွဲတွေ ပြောနေရတာလဲ။ မောင်ဝေမိုးလည်း စိတ်မတိုပါနဲ့။ တော်ကြတော့"

"မရဘူးအမေ။ ကျွန်တော်က မဟုတ်တာပြောရင် မခံနိုင်ဘူး"

ဒေါသအရှိန်များ တက်လာကြပြီး လေသံမာမာ စကားကျယ်ကျယ်တွေ အော်ဟစ်လာကြတော့ ယောက္ခမကြီးတွေက ဝင်ပြီးဖျန်ဖြေရပြီ။

"ခက်ခက် မင်းအလုပ်က ထွက်လိုက်တော့။ ငါရှာကျွေးမယ်"

"ဟ...အလုပ်ကထွက်လို့ဖြစ်မလားကွ။ ငါ့သမီးကို ပညာတတ်အောင်သင်ပေးထားတာ။ သူ့ခြေထောက်ပေါ် ရပ်နိုင်အောင်လို့ကွ"

ခက်ခက်၏အဖေကလည်း စကားများနေသော လင်မယားကြားသို့ ဝင်ပါလာသည်။

"အဖေနဲ့ အမေ ဝင်မပါကြပါနဲ့။ သူက ကျွန်တော့်ကိုမလေးမစားပြောနေတာလေ"

"အလုပ်ကမထွက်နိုင်ပါဘူး။ ခု သနပ်ခါးတုံးဝယ်ခိုင်းတယ်။ နောက်ဆို ဘာထပ်ဝယ်ခိုင်းမလဲ။ အဲဒီလိုတွေကနေ နောက်...နောက်.. ဘာတွေဆက်ဖြစ်လာမလဲ"

ခက်ခက်၏ အလျှော့မပေး ထင်ရာပြောသောသံသယစကားများက ဝေမိုးကို နားခါးစေပြီ။

"မင်းက အလုပ်မထွက်ဘူး။ ငါ့ကိုအားမကိုးပဲ ခုလို ယုံထင်ကြောင်ထင်စကားတွေပြောနေမှာပဲလား"

"ခက်ခက်... မင်းက ဘာလဲ...ငါက မင်းအိမ်လာနေရတာဆိုပြီး မင်းထင်ရာပြောနေမှာလား။ မင်း..ငါ့ အိမ်လိုက်နေ.. ငါ ဒီအိမ်မှာ မနေနိုင်တော့ဘူး"

လင်မယားကြားသို့ ယောက္ခမများ ဝင်ရောက်ပြောလာကြခြင်းနှင့် ရင်တွင်းဆူးလေးစူးနေမိခြင်းကြောင့် ဝေမိုး၏ ဒေါသများအစွန်းရောက်ခြေပြီ။

"မနေချင်တော့ရင်လဲ သဘောပါ။ ခက်ခက်ကလည်း မလိုက်နိုင်ဘူး"

"ပြီးရောကွာ။ မင်းက မာနသိပ်ကြီးနေတယ်ပေါ့...ငါသွားပြီ"

စိတ်လိုက်မာန်ပါဖြင့် အဝတ်အစားများကို အိတ်ထဲထည့်ပြီး ဝေမိုး အိမ်ပေါ်က ဆင်းသွားသည်။

"နေပါစေ ငါ့သမီး...အိမ်ထောင်ဦးမှာ ကိုယ့်ဘက်ကတင်းထား။ ညည်းယောကျ်ားအချိန်တန်ပြန်လာလိမ့်မယ်"

ခက်ခက်လည်း မျက်ရှုနေသော ရင်တွင်းဆူးနှင့် အနိုင်ယူချင်စိတ်ကသာ လွှမ်းမိုးလျက်။ **စာမျက်နှာ ၂၁ သို့** ○

## မြန်မာ့ထမနဲပွဲ

❂ တပို့တွဲလ သည်ချိန်ခါ
ထူးမြတ်ပွဲတော်မဟာ၊
စုပေါင်းညီညာ တူဆင်နွှဲ
ရိုးရာ ထမနဲပွဲ။

❂ ချေးရွှဲရွှဲနှင့် အပြိုင်ဆိုင်
မွှေကြတက်ကိုကိုင်၊
သူနိုင်ကိုယ်နိုင် ချစ်ခင်မပြတ်
စတုဒိသာမှတ်။

❂ မွန်မြတ်ဒါန အလှူတော်
များလှူသာစုခေါ်၊
နိဗ္ဗာန်ရည်မျှော် လှူဒါန်း
ပြည်မြန်မာအဝှမ်း။

❂ လက်ဆင့်ကမ်းခဲ့ တို့ရိုးရာ
နှစ်စဉ်ကျင်းပလာ၊
ပျော်ရွှင်ကာသာ ကျင်းပမြဲ
မြန်မာ့ထမနဲပွဲ။ ။

ထက်အောင်လူ(နံ့သာမြေ)

---

## မီးဘေးအန္တရာယ် ကြိုကာကွယ်

❂ ဆောင်းကိုကျော်၍ နွေရောက်လျှင်
မီးဘေးကြိုတင်ပြင်
ဆင်ဆင်ခြင်ခြင် မီးသုံးစွဲ
သတိလက်ကိုင်မြဲ။

❂ သဲအိတ် ရေအိုး မီးချိတ်တွေ
အသင့်ရှိပါစေ
ရှက်ခြောက်ကြွေနဲ့ အမှိုက်များ
နေ့စဉ်လှည်းကျင်းထား။

❂ လမ်းလျှောက်သွားရင်း ဆေးလိပ်ကို
မသောက်ကြစေလို
ချက်ပြုတ်ပြီးဆို မီးကျန်ကြွင်း
ငြိမ်းသတ်ကြ ရောင်းရင်း။

❂ ကလေးဖော်သင်း လူမမယ်
မီးမခတ်စေနဲ့ကွယ်
ဝမ်းနည်းဖွယ်ရာ အိမ်ပေါင်းများ
နှစ်စဉ်ဆုံးရှုံးသွား။

❂ ခိုးသားဓားမြထက် ဆိုးသူဟာ
ရန်သူ ထိုမီးပါ။
ထို့ကြောင့်ကာကွယ် ထာဝစဉ်ဗျို့
မလောင်ခင်မှာတားစို့။

အောင်ထိုက်(ရေစကြို)

ဆောင်းပါး

# ကြိုးစားခြင်းဖြင့်သာ ရှေ့သို့သွားရမှာ

မင်းသိန်းထက်(ဇလပ်မြေ)

ဤကမ္ဘာလောကကြီးတွင်ရှိသည့် ကြီးကျယ်မြင့်မြတ်သော အရာမှန်သမျှတို့သည် အသေးအဖွဲလေးများဖြင့် စုပေါင်းတည်ဆောက်ထားခြင်းဖြစ်သည်။ နေ့စဉ်ဘဝတွင် ဖြတ်သန်းလုပ်ကိုင်နေမှုများသည် လူတစ်ယောက်၏ သမိုင်းကြောင်းအတွက် အထောက်အပံ့ဖြစ်စေပါသည်။ ကြီးကျယ်မြင့်မြတ်၍ ကောင်းမွန်သော သမိုင်းကြောင်းတစ်ခုအတွက်လည်း နေ့စဉ်အလုပ်ဟူသော အသေးအဖွဲလေးများဖြင့် တည်ဆောက်နေရပါသည်။ ထို့ကြောင့် အသေးအဖွဲဟူသော စကားလုံးသည် စကားအရ သေးနုပ်သည်ဟု ထင်ရသော်လည်း အမှန်တကယ် မသေးနုပ်ပေ။ ကြီးကျယ်မြင့်မြတ်ခြင်းတို့၏ အခြေခံအုတ်မြစ်ဟုလည်း ဆိုနိုင်ပါသည်။

အောင်မြင်မှုတစ်ခုကို ရရှိရန်အတွက် ကြိုးစားရာတွင်လည်း ထိုအတိုင်းပင်ဖြစ်သည်။ အသေးအဖွဲလေးများဖြင့် နေ့စဉ် တည်ဆောက်ကြရသည်။ တစ်လှမ်းချင်း လှမ်းကြရသည်။ အောင်မြင်မှုရရှိရန်မှာ နေ့ချင်းညချင်း တစ်ခါတည်းဖြင့် အပြင်းအထန် အားထုတ်မှုအပေါ်တွင် မူတည်နေခြင်းမဟုတ်ပေ။ ကောက်ရိုးမီးလို ချက်ချင်းမီးတောက်ပြီး မကြာသေးမီ ချက်ချင်းမီးငြိမ်းတတ်သော ကောက်ရိုးမီးလို စိတ်ဓာတ်မျိုးဖြင့် မရရှိနိုင်ပေ။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ ဖြစ်ရပ်တစ်ခုကို စာချစ်သူများအတွက် မျှဝေပေးလိုက်ပါသည်။

ဘောလုံးအားကစားကို လေ့ကျင့်ပြီး၍ အိမ်ပြန်လာသောလူငယ်လေးက သူ၏ အဖေဖြစ်သူအား ဤသို့ ပြောပြသည်။ ထိုလူငယ်လေးက သူ့အနေဖြင့် နေ့စဉ် ဘောလုံးကန်၍ လေ့ကျင့်နေရသည်ကို အပိုအလုပ်ဟု ထင်မိကြောင်း၊ အချိန်ကုန်ခံပြီး လေ့ကျင့်နေရသည်ကို စိတ်ပျက်မိကြောင်း၊ နောက်ပြီး သူ့အသင်းသည် လေ့ကျင့်မနေလည်း အနိုင်ရမှာပင်ဖြစ်ကြောင်း သူ့အဖေကို ပြောပြသည်။ ထိုအခါ အဖေဖြစ်သူက သူ၏ ကိုယ်ပိုင်အလုပ်ရုံထဲသို့ သူ့သားကို ခေါ်သွားခဲ့သည်။ ထို့နောက် သစ်သားပြားတစ်ချပ်ကို စားပွဲပေါ်သို့ တင်လိုက်သည်။ သူ့သားကို ဓားတစ်ချောင်းပေးလိုက်ပြီး စားပွဲပေါ်တင်ထားသော သစ်သားပြားကို ဓားဖြင့်အလျားလိုက် တစ်ကြိမ်ခြစ်ခိုင်းသည်။ ဘောလုံးလေ့ကျင့်ရာမှ ပြန်ရောက်လာတိုင်း ဓားဖြင့်အလျားလိုက်ခြစ်ရသည်။ တစ်နေ့လျှင် တစ်ကြိမ်သာခြစ်ရ၏။ ထိုသို့ ခြစ်ဆွဲသော အကြိမ်ပေါင်းများလာသောအခါ ဓားအစင်းရာကြီး နက်ရှိုင်းလာခဲ့သည်။

ထိုသို့ ဓားခြစ်ရာမှာ နက်ရှိုင်းလာသော်လည်း သစ်သားပြားမှာ နှစ်ခြမ်းမကွဲသေးပေ။ သို့သော် တစ်နေ့တွင် ဓားဖြင့် ခြစ်လိုက်မှုကြောင့် သစ်သားပြားမှာ နှစ်ခြမ်းကွဲသွားခဲ့သည်။ ဤသို့ နှစ်ခြမ်းကွဲသွားခြင်းမှာ နောက်ဆုံးနေ့၏ ဓားဖြင့် ခြစ်လိုက်မှုကြောင့်လားဟု အဖေက သားဖြစ်သူကို သေချာစွာကြည့်ပြီး မေးလိုက်သည်။ သေးငယ်သော အားစိုက်မှုနှင့် သစ်သားပြားကို နှစ်ခြမ်းကွဲသွားနိုင်မည်ဟု သူ့အနေဖြင့် သတိမမူခဲ့ပေ။ ယခုအခါ သင်ခန်းစာတစ်ခုကို သူရရှိခဲ့ပြီဖြစ်သည်။ သေးငယ်သော အားစိုက်မှုတစ်ခုဖြင့် နေ့ရက်ပေါင်းများစွာ ပြုလုပ်ခြင်း၏ ရလဒ်ကြောင့် သစ်သားပြားကို နှစ်ခြမ်းကွဲသွားစေခဲ့သည်။ အောင်မြင်မှုဟူသည်လည်း ထိုအတိုင်းပင်ဖြစ်သည်။ တစ်ကြိမ်တစ်ခါတည်းဖြင့် အပြင်းအထန် အားထုတ်မှုအပေါ်တွင် မူတည်နေခြင်းမဟုတ်ပေ။ နေ့ရက်ပေါင်းများစွာ အဆက်မပြတ် ကြိုးစားအားထုတ်မှုများအပေါ်တွင် မူတည်နေကြောင်းကို သူ့အတွက် သင်ခန်းစာကောင်းတစ်ခု ရရှိစေခဲ့သည်။

**လူသားတိုင်းတွင် ကိုယ်စီရှိနေကြသော ကိုယ်ပိုင်အရည်အချင်းထဲသို့ ကြိုးစားအားထုတ်မှုနှင့် အဆက်မပြတ်ပြုလုပ်တတ်သောဓဲ့တို့ကို ပေါင်းထည့်ပေးကြရန် လိုအပ်ပါသည်။ ထိုအခါ တိုးတက်လာမှုများမှ အောင်မြင်မှုများဆီသို့ ကူးပြောင်းရရှိနိုင်မည်**

ကျွန်ုပ်တို့လူအများစုသည် ကြိုးစားအားထုတ်မှုကို ပြုလုပ်ကြပါလျက် အောင်မြင်မှုနှင့် ဝေးနေကြရသည်က များလေသည်။ အဓိကအကြောင်းရင်းမှာ တစ်ကြိမ်တစ်ခါတည်းဖြင့် ကြိုးစား၍ မအောင်မြင်ခဲ့လျှင် မရနိုင်လောက်ဘူးထင်၍ အကြိမ်ကြိမ်ကြိုးစားကြည့်ရမည်ကို ဝန်လေးနေကြခြင်းကြောင့်ဖြစ်လေသည်။ သူတို့၏စိတ်တွင် မအောင်မြင်ခဲ့သော အကြိမ်များစွာကို ရှုံးနိမ့်မှုကြီးသဖွယ် ခံယူခြင်းကြောင့်လည်းဖြစ်သည်။ အောင်မြင်မှုဟူသည် တစ်ကြိမ်တစ်ခါတည်း ကြိုးစား၍ ရပ်တန့်နေရမည့်အရာ မဟုတ်ပေ။ စောင့်ဆိုင်းနေရမည့်အရာလည်း မဟုတ်ပေ။ မအောင်မြင်ခဲ့သော အကြိမ်များစွာထဲမှ သင်ခန်းစာယူ၍ အကြိမ်ကြိမ်ကြိုးစားမှသာ အောင်မြင်မှုကို ရရှိပေမည်။

လူသားတို့၏ လက်တွေ့ဘဝ လုပ်ငန်းခွင်တွင်လည်း ဤသို့ပင်ဖြစ်သည်။ အောင်မြင်မှုရရှိရန် စောင့်ဆိုင်းနေ၍မရဘဲ အကြိမ်ကြိမ် ကြိုးစားလုပ်ဆောင်ခြင်းဖြင့်သာ ရရှိနိုင်ပါသည်။ ဤအကြောင်းကို ကမ္ဘာကျော်ဖြစ်ရပ်တစ်ခုဖြင့် လူသားတစ်ဦး၏ အကြောင်း အနည်းငယ်မျှ တင်ပြလိုပါသည်။ ထိုသူကား ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး သောမတ်အယ်လ်ဗာ အယ်ဒီဆင်ပင်ဖြစ်သည်။ ယနေ့ကမ္ဘာတွင် ညအချိန်ကို နေ့အချိန်သဖွယ် လျှပ်စစ်မီးသီးများဖြင့် အလင်းရောင်ပေးနိုင်နေခြင်းမှာ အယ်ဒီဆင်၏ ကြိုးစားမှုများစွာထဲမှ အောင်မြင်မှုတစ်ခုကြောင့်ပင်ဖြစ်သည်။ ယနေ့ ကမ္ဘာကြီး ခေတ်မီတိုးတက်လာခြင်းမှာ လျှပ်စစ်မီးသီးကို အောင်မြင်စွာ တီထွင်ပေးနိုင်ခဲ့ခြင်းကြောင့်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အယ်ဒီဆင်သည် လျှပ်စစ်မီးသီးကို တီထွင်ရာတွင် တစ်ကြိမ်တည်းဖြင့် အောင်မြင်ခဲ့ခြင်းမဟုတ်ပေ။ သူသည် အခက်အခဲအမျိုးမျိုးကို ဖြတ်ကျော်၍ အကြိမ်တစ်ထောင်မက စမ်းသပ်ကြိုးစားခဲ့ခြင်းဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် သူသည် မအောင်မြင်ခဲ့သော စမ်းသပ်မှုများစွာ၊ လုပ်ဆောင်မှုများစွာကို ရှုံးနိမ့်မှုဟု မသတ်မှတ်ခဲ့ပေ။ လျှပ်စစ်မီးသီး တီထွင်ပြုလုပ်ရန် မရနိုင်သောနည်းလမ်းများကို တွေ့ရှိခြင်းဟု သတ်မှတ်ကာ ကြိုးစားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးတွင် သူသည် လျှပ်စစ်မီးသီး တီထွင်ပြုလုပ်ရန်နည်းလမ်းကို အောင်မြင်စွာ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ အသေးအဖွဲဟုထင်ရသော အဆက်မပြတ်အားထုတ်မှုတို့သည် အချိန်တန်လျှင် အောင်မြင်မှုရရှိရန်အတွက် ကြီးမားသော စွမ်းအားတစ်ရပ်ဖြစ်လာပါသည်။ လူများစွာတို့၏ ရည်မှန်းချက်များ မကြာခဏပျက်ရခြင်းမှာ စိတ်ဆုံးဖြတ်ချက်နှင့် အဆက်မပြတ်အားထုတ်မှု မရှိသောကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်တွင် သာမန်အရည်အချင်းရှိပြီး ထူးထူးကဲကဲ အောင်မြင်နေကြသူများလည်း ရှိပါသည်။ ထိုပုဂ္ဂိုလ်များမှာ မည်မျှပင် ခက်ခဲစေကာမူ အောင်မြင်မှုရရှိရန် မလျှော့သောဇွဲနှင့် အဆက်မပြတ်ကြိုးစားလုပ်ကိုင်ကြသူများ ဖြစ်သည်။

လူသားတိုင်းတွင် ကိုယ်စီရှိနေကြသော ကိုယ်ပိုင်အရည်အချင်းထဲသို့ ကြိုးစားအားထုတ်မှုနှင့် အဆက်မပြတ်ပြုလုပ်တတ်သော ဇွဲတို့ကို ပေါင်းထည့်ပေးကြရန် လိုအပ်ပါသည်။ ထိုအခါ တိုးတက်လာမှုများမှ အောင်မြင်မှုများဆီသို့ ကူးပြောင်းရရှိနိုင်မည်ဖြစ်သည်။ ယနေ့ကာလတွင် တိုးတက်နေသော နိုင်ငံများ၊ အောင်မြင်နေသော ပုဂ္ဂိုလ်များသည် အတိတ်ကာလ နေ့ရက်များက ကြိုးစားအားထုတ်ခဲ့ကြသောကြောင့်ဖြစ်သည်။

အောင်မြင်မှုဟူသည် အခက်အခဲများစွာကို ဖြေရှင်းနိုင်ခဲ့ခြင်း၏ သင်္ကေတပင်ဖြစ်သည်။ သဲတစ်ပွင့်ချင်းစီ ပေါင်းလိုက်ခြင်းကြောင့် ကျောက်ဆောင်ကြီးဖြစ်လာရသည်ကို စာချစ်သူများ သတိပြုနိုင်ကြပါစေ။ အဆက်မပြတ်ဘဲ ကြိုးစားကြခြင်းဖြင့် ပန်းတိုင်ရှိရာ ရှေ့သို့သာ အရောက်သွားနိုင်သော လူသားအရင်းအမြစ်များ ဖြစ်ကြပါစေဟု ဆန္ဒပြုရင်း ရေးသားလိုက်ပါသည်။ ။

---

❍ စာမျက်နှာ ၂၀ မှ

(၅)

ညဉ့်က နက်သည်ထက်နက်လာသည်။ စိတ်ကိုလျှော့ပြီး အိပ်ခိုင်းနေသော်လည်း ခက်ခက် အိပ်မရ။ အတွေးများက ကြီးကြီးစောပြောသော စကားများကို ပြန်လည်ကြားယောင်မိသည်။ ထို့နောက် မောင့်ကို ဘာမှမဟုတ်ဘဲ သံသယစကားများနှင့် ထိုးနှက်မိသည်ကို အလွမ်းများစွာဖြင့် နောင်တများရနေမိသည်။ မောင် အိမ်ကဆင်းသွားသည်မှာ တစ်လပြည့်ပြီ။ မောင်ရော ခက်ကို လွမ်းနေပြီလား။ ဘဝနှစ်ခုပေါင်းစည်းကာ ထူထောင်ခဲ့သော အိမ်ထောင်ဦးမှာ သူများ၏စကားများကို နားယောင်ရန် မလိုအပ်သည်ကို ခက်ခက် ပြန်လည်သုံးသပ်လာမိသည်။ မာနများထားကာ မည်သို့သော စကားလုံးများ ပြောခဲ့မိပါစေ၊ သိပ်ချစ်တတ်သော ရင်ဘတ်ကိုတော့ ညာမရပါ။

“ဟား...လွမ်းလိုက်တာ မောင်ရယ်...ခက် သံသယမထားတော့ပါဘူး။ မောင့်ကို အနိုင်မလိုချင်တော့ပါဘူး။ ခက်ကပဲ အလျှော့ပေးပါ့မယ်။ ရင်ထဲဝင်သွားမိတဲ့ သံသယဆူးလေးကို ဆွဲနုတ်လိုက်ပါပြီ မောင်ရယ်”

အိပ်ရာပေါ်မှ အသာအယာထပြီး ဆူးမရှိတော့သော ရင်ဘတ်လေးက တဒိတ်ဒိတ်ခုန်လာပြီး မောင့်ဆီကို ကြည်ကြည်နူးနူးဖြင့် ဖုန်းခေါ်လိုက်တော့သည်။

(၆)

“တောက်...”

အံ့ခဲနေသောခေါင်းကိုဖိထားရင်း ဝေမိုး အိပ်မပျော်ပါ။ အလွမ်းများကို အရက်နှင့်မျှောချပစ်တော့ အလွမ်းမူးက ခံရခက်၏။ ဦးမှတ်ဆယ်၏ စေတနာစကားများကို ပြန်ကြားယောင်မိရင်း ဆင်ခြင်သုံးသပ်ကာ ရင်တွင်းဆူးသွားမိသော ဆူးလေးကို ဆွဲနုတ်ပစ်လိုက်သည်။ ယောကျ်ားရော မိန်းမပါ ကိုယ်စီ အလုပ်များရှိပြီး ဝင်ငွေပိုရှာနိုင်မှ အိမ်ထောင်ပိုတင့်တယ်ပေမည်ဟု ပြန်တွေးမိလာသည်။ ခက်ခက်က သူ့ကို သိပ်ချစ်၍ သဝန်တိုကာ သံသယစကားများပြောခြင်းဟု နားလည်လာသည်။

“ဟား...လွမ်းလိုက်တာ ခက်ရာ။ သာယာတဲ့ဘဝတစ်ခုကို အတူတည်ဆောက်ဖို့ ရင်ဘတ်ထဲမှာ ဆူးတွေမရှိစေရဘူးကွာ။ ခက်က မောင့်ကို အနိုင်ယူလွမ်းမိုးချင်တယ်ဆိုရင်လည်း မောင်အလျှော့ပေးပါ့မယ်”

ပြန်လည်ဆန်းသစ်လာသော ဆူးမရှိသည့် ရင်ခုန်သံများဖြင့် ချစ်သော ခက်ဆီကို ဖုန်းခေါ်လိုက်တော့သည်။

(၇)

ခက်ခက်က မောင့်ဆီဖုန်းခေါ်ရန် ဖုန်းလေးကို ကိုင်လိုက်စဉ် မောင့်ထံမှ ဖုန်းဝင်လာသည်။ ရင်ခုန်ကြည်နူးစွာဖြင့်...

“ဟယ်လို...မောင်..”

“ဟယ်လို...ချစ်ခက်..”

စကားတွေအများကြီး ပြောနေစရာမလိုတော့ပါ။ ရင်တွင်း၌ အလိုလိုသိနေကြသည်က သာယာသော အနာဂတ်ကို ပိုင်ဆိုင်ရတော့မည်ဟု နံနက်မိုးသောက် အမြန်ရောက်ရှိလာရေးကို ဆန္ဒပြုနေကြလျက်။ ။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မြောင်းမြမြို့နယ် စကားမြားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် မြောင်းမြမြို့နယ် စကားမြားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၁၉၇ ဦးကို ၎င်းကျေးရွာရှိ မဟာရုံကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၄၁၉ ဦး၊ ခွဲစိတ်ရောဂါ ၆၉ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၅၆ ဦး၊ ကလေးရောဂါ ၄၅ ဦး၊ အရိုးရောဂါ ၂၈၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၄၉ ဦး၊ မျက်စိရောဂါ ၉၈ ဦးနှင့် သွားရောဂါ ၇၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၄၃ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၈ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် ဓာတ်မှန်ရိုက် လူနာခြောက်ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၇၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၉၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၄၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်နှင့် တာဝန်ရှိသူများက မြောင်းမြမြို့နယ် စကားမြားကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ပဉ္စမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၈**

စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ပဉ္စမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**မှန်ကန်တိကျစွာ ဝန်ဆောင်မှုပေးရန်လို**

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက "စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် တည်ဆဲဥပဒေများအရ စာချုပ်စာတမ်းများ တရားဝင်ဖြစ်စေရေး၊ ပြည်သူလူထု၏ပစ္စည်းလွှဲပြောင်းမှုများ တရားဝင်ဖြစ်စေရေးနှင့် ပြည်သူလူထုအား လိမ်လည်မှုမှ အကာအကွယ်ပေးနိုင်ရေး လုပ်ငန်းရပ်များကို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အဖြစ် ဥပဒေနှင့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မှန်ကန်တိကျစွာ ဝန်ဆောင်မှုပေးရန်လိုကြောင်း၊ အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းများသည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုနှင့် အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးနေခြင်းဖြစ်ကြောင်း။



စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းအား ခေတ်နှင့်လျော်ညီစွာ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးနိုင်ရေးအတွက် DDMS (Digital Deed Management System) စနစ်ကို အသုံးပြုဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လယ်ယာမြေနှင့်ပတ်သက်သော စာချုပ်စာတမ်းများကိုလည်း ဥပဒေနှင့်အညီ မှတ်ပုံတင်ပေးရာ၌ FDMS (Farm Land Deed Management System) စနစ်ကို အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ အွန်လိုင်းမှစာချုပ်စာတမ်း မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်နိုင်ရေး၊ မူပိုင်ခွင့်နှင့်အရည်အသွေးဆိုင်ရာ ပိုင်ဆိုင်ခွင့်ကို ပြည်သူများ တစ်ပါတည်း ရယူခံစားနိုင်ကြစေရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်း၏ ရည်ရွယ်ချက်၊ နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများ ရရှိရန်ဆောင်ရွက်ချက်များ၊ ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ကျင့်သုံးဆောင်ရွက်ရာတွင် သတိပြုဆောင်ရွက်ရမည့် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနအနေဖြင့် ပဉ္စမအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို တစ်နိုင်ငံလုံးတွင် ဇုန်နယ်မြေငါးခုခွဲခြားသတ်မှတ်၍ ကျင်းပသွားရန် စီစဉ်ထားရှိရာ ဇန်နဝါရီ ၇ ရက်က ပထမဇုန်ဖြစ်သည့် နေပြည်တော်၌ လည်းကောင်း၊ ဇန်နဝါရီ ၁၄ ရက်က ဒုတိယဇုန်အဖြစ် မန္တလေးမြို့၌ လည်းကောင်း ကျင်းပခဲ့ပြီး ယနေ့ ရန်ကုန်မြို့၌ ကျင်းပသောအလုပ်ရုံဆွေးနွေးပွဲသည် တတိယဇုန်ဖြစ်ပြီး ဇန်နဝါရီ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဟိုပန်မြို့နယ်ရှိ မန်မိုင်ဘုန်းတော်ကြီးကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**ဟိုပန် ဇန်နဝါရီ ၂၈**

"ဝ"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်နှင့်အဖွဲ့သည် ယမန်နေ့နံနက် ၇ နာရီက ဟိုပန်မြို့နယ်ရှိ မန်မိုင်ဘုန်းတော်ကြီးကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးသည်။

"ဝ"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်၊ အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များသည် မန်မိုင်ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း/အပြင်ရှိ အမှိုက်သရိုက်များ လှည်းကျင်းခြင်း၊ ချုံနွယ်များအား ခုတ်ထွင်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ စေတီပုထိုးများအား ထုံးသင်္ကန်းများကပ်လှူခြင်းနှင့် မန်မိုင်ဒေသခံ ရှမ်းတိုင်းရင်းသားများက ရှမ်းရိုးရာဓလေ့ထုံးတမ်းအရ တပို့တွဲလပြည့်ညတွင် ဘုရားဆီမီး ကပ်လှူပူဇော်မည့် ထင်းဖြူပင်များ ပြုလုပ်ပြင်ဆင်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ မြို့ရွာသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်းကာ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှာငံမြို့ ကရင်တောင်တောရကျောင်းဝင်းတွင် ပရိတ်တရားများ ရွတ်ဖတ်ပူဇော်

**ရှာငံ ဇန်နဝါရီ ၂၈**

ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့၌ အပြင်အောင်ခြင်းရှစ်ပါး အလင်္ကာ၊ ပရိတ်ကြီး ၁၁ သုတ်နှင့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက မြို့ကုန်းရပ်ကွက်ရှိ ကရင်တောင်တောရဘုန်းတော်ကြီး စာသင်တိုက်၌ ပြုလုပ်ခဲ့သည်။

ရွတ်ဖတ်ပူဇော်ခြင်း အခမ်းအနားကို ရှာငံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက ဦးဆောင်ကာ သိဒ္ဓိရှင်ကိုးနဝင်း အဓိဋ္ဌာန်ပြည့် စေတီတော်ရင်ပြင်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝတ်ရွတ်အဖွဲ့များက သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသောသီလတော်မြတ်တို့ကို ခံယူကာ ဆွမ်း၊ ပန်း၊ သောက်တော်ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းပြီး စိန်ရောင်ခြည်ဂါထာဖြင့် ဘုရားပင့်ပူဇော်ခဲ့ကြသည်။

**မေတ္တာပို့ အမျှပေးဝေ**

ဆက်လက်၍ ဝတ်ရွတ်အဖွဲ့များက အပြင်အောင်ခြင်းရှစ်ပါး အလင်္ကာ၊ ပရိတ်ကြီး ၁၁ သုတ်ပါ ခဓဂ္ဂသုတ်၊ မေတ္တာသုတ်၊ ရတနသုတ်၊ အာဋာနာဋိယသုတ် ပရိတ်တော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး နတ်ပြဟ္မာအပေါင်းနှင့် ၃၁ ဘုံမှ ဝေနေယျ သတ္တဝါအပေါင်းတို့အား မေတ္တာပို့ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် ဝတ်ရွတ်အဖွဲ့များ၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ တာဝန်ရှိသူများက စေတီတော်ရင်ပြင်တစ်ဝိုက်နှင့် ကျောင်းတိုက်ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျိုင်းတုံမြို့နယ်၌ အကြိမ်(၄၀)မြောက် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

အကြိမ်(၄၀)မြောက် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်လီကျေးရွာ၌ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတို့က နှစ်သစ်ကူးအမှာစကား ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးက အကြိမ် (၄၀)မြောက် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်အတွက် ထောက်ပံ့ငွေများပေးအပ်ရာ လားဟူတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လားဟူရိုးရာ လက်ဆေးခြင်း မင်္ဂလာအခမ်းအနားကို ပြုလုပ်ကြပြီး ဒေသခံလားဟူတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုမြေဝိုင်းအကဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





# ဂွမြို့နယ် ညောင်ချောင်းကျေးရွာ၌ မူကြိုကျောင်းဆောင်ပြုပြင်ခြင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ကွင်းဆင်းစစ်ဆေး

**ဂွ ဇန်နဝါရီ ၂၈**

ရခိုင်ပြည်နယ် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူထုဗဟိုပြုစီမံကိန်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ညောင်ချောင်းကျေးရွာရှိ မူကြိုကျောင်းဆောင်ပြုပြင်ခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နိုင်ငံတော်ထောက်ပံ့ ရန်ပုံငွေကျပ် ၆ ဒသမ ၈၆ သန်းဖြင့် ညောင်ချောင်းကျေးရွာတွင် ကျေးရွာကော်မတီမှဆောင်ရွက်သည့် (၂၇x၂၀x၁၂) ပေရှိသည့် မူကြိုကျောင်းဆောင် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် ဝန်ထမ်းများက စစ်ဆေးခဲ့ပြီး ကျေးရွာကော်မတီများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပေါက်တောမြို့နယ်တွင် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျှော့ချနိုင်ရေး စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**ပေါက်တော ဇန်နဝါရီ ၂၈**

ပေါက်တောမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်ရေးအတွက် 33 KV၊ 11 KV၊ 0.4 KV ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း ၊ 11/0.4 KV ထရန်စဖော်မာများကို ဝန်အားမျှခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်မှူး ဦးကျော်မျိုးဝင်း၊ ဓာတ်အားခွဲရုံမှူး ဦးအောင်မျိုးနှင့် ဝန်ထမ်းများက ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းများအား ပေါက်တောမြို့နယ်အတွင်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မှူး ဦးကျော်မျိုးဝင်းက ပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

# ချင်းပြည်နယ် တွန်းဇံမြို့၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**တွန်းဇံ ဇန်နဝါရီ ၂၈**

ချင်းပြည်နယ် တွန်းဇံမြို့၌ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ခေါဝုန်လေးဆန်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခမ်ဒိုက်မန်က အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ကလေးလုပ်သားအဓိပ္ပာယ်သတ်မှတ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြစိုးက ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပုဒ်မများနှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးဇော်ဖြိုးအောင်က ကလေးသူငယ်များ လိုက်နာရမည့်တာဝန်နှင့် ကျင့်ဝတ်များကိုလည်းကောင်း ဟောပြောသည်။

ယင်းဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြစိုးနှင့် တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သပိတ်ကျင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးစုဖွဲ့လေ့ကျင့်ဇာတ်တိုက်နေမှုကို ကြည့်ရှုအားပေး

**သပိတ်ကျင်း ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ မီးသတ်ဦးစီးဌာနတွင် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ကူညီဆောင်ရွက်နိုင်ရန်အတွက် ကူညီကယ်ဆယ်ရှာဖွေရေးဇာတ်တိုက်လေ့ကျင့်နေမှုကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က



သပိတ်ကျင်းမြို့သည် စစ်ကိုင်းလျှောင်ပြတ်ရွေ့ကျောပေါ်တွင်ရှိသောကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်များ စဉ်ဆက်မပြတ်ဇာတ်တိုက်လေ့ကျင့်ထားရန်မှာကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ကူညီကယ်ဆယ်ရေးတွင်အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများကို လေ့လာကြည့်ရှုခဲ့သည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနိုင်ဦးက ခေတ်မီစက်ကိရိယာများသုံးစွဲမှုကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်းပြီး ရှာဖွေကူညီကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်မှုများ ပူးပေါင်းဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

အဆိုပါ စုဖွဲ့ဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆုလှိုင်တင့်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ရပ်စောက်မြို့နယ်၌ လုပ်ငန်းလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချ

**ရပ်စောက် ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် စည်ပင်သာယာရေးဌာနနှင့် အင်တောမြို့နယ်ခွဲ စည်ပင်သာယာရေးဌာနတို့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များနှင့် သားသတ်လုပ်ငန်းလိုင်စင်များကို ဈေးပြိုင်စနစ်ဖြင့် စိစစ်ရောင်းချခြင်းကို ယမန်နေ့နံနက် ၉ နာရီက ဇော်ဂျီရပ်ကွက်ရှိ ရသဿဝတီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးဌာန၊ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်က အရပ်ရပ်အခွင့်အရေးလုပ်ငန်း လိုင်စင်များနှင့် သားသတ်လုပ်ငန်းလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် စိစစ်ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များနှင့် သားသတ်လုပ်ငန်းလိုင်စင်များကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာ အရပ်ရပ်အခွင့်အရေးလိုင်စင် ၂၈ ခု အနက် ၂၄ ခုကို ကြမ်းခင်းဈေး ငွေကျပ် ၁၀၃၅ ဒသမ ၁၀ သိန်းအပေါ်တွင် လိုင်စင်ကြေးငွေကျပ် ၁၂၀၂ သိန်း ဖြင့်လည်းကောင်း၊ သားသတ်လုပ်ငန်းလိုင်စင် ၂၁ ခုအနက် ၁၇ ခုကို ကြမ်းခင်းဈေးငွေကျပ် ၂၁၈၄ သိန်း အပေါ်တွင် လိုင်စင်ကြေးငွေကျပ် ၂၆၈၆ ဒသမ ၅၀ သိန်းဖြင့်လည်းကောင်း ရောင်းချခဲ့ရပြီး ကျန်ရှိသည့် အရပ်ရပ်အခွင့်အရေးလိုင်စင် လေးခုနှင့် သားသတ်လုပ်ငန်းလိုင်စင် လေးခုကို ဒုတိယအကြိမ်ထပ်မံလေလံတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများ၊ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဦးစီးဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းအိမ်ရာများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နမ့်စန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လင်းခေးမြို့ ဒါးဆိပ်ကျေးရွာ၌ ဆိုလာစွမ်းအင်သုံး စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ သောက်သုံးရေရရှိရေး ပေ ၂၀၀ တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ပန်ကျိုင်းကျေးရွာနှင့် ဝမ်ကွန်ကျေးရွာ စိုက်ခင်းများအတွက် ရေရဟတ်များဖြင့် ချောင်းရေတင်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ကြည့်ရှုစစ်ဆေး

**တောင်ကြီး ဇန်နဝါရီ ၂၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၂၀ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်နှင့် ပြည်သူများအတွက် တည်ငြိမ်၍ အရည်အသွေးပြည့်ဝသော လျှပ်စစ်ဓာတ်အားများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

စက်ရုံတွင် စက်ရုံမှူး ဦးနေဇော်လတ်က ဓာတ်အားထုတ်လုပ်မှု၊ Energy Meter များတပ်ဆင်ထားမှု၊ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို တင်ပြပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဒေါက်တာကျော်စွာစိုးနိုင်က နှစ်အလိုက် ကျောက်မီးသွေးသုံးစွဲမှုနှင့် ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်အားစနစ်နှင့် ချိတ်ဆက်ထားမှုကို




ဖြည့်စွက်တင်ပြရာ ဒုတိယဝန်ကြီးက ဤစက်ရုံသည် နိုင်ငံတော် Generation Mix အတွင်း Grid Reliability အတွက် အရေးပါသော Base Load Power Plant ဖြစ်သဖြင့် နိုင်ငံတော်ဓာတ်အားစနစ် ထိခိုက်မှုမရှိစေရေး၊ စက်ရုံကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် စက်စွမ်းရည်ပြည့် လည်ပတ်စေရေး အလေးထားဆောင်ရွက်ရန်၊ Control Panel များရှိ မီတာ၊ Relay နှင့် ဆက်စပ်ပစ္စည်းများအား ပုံမှန်ကြည့်ရှုစစ်ဆေး၍ ပြုပြင်ထိန်းသိမ်းသွားရန် မှာကြားပြီး စက်ရုံအတွင်း စက်များမောင်းနှင်နေမှုနှင့် Switchyard အတွင်းရှိ ထရန်စဖော်မာများနှင့် Switchgear များ၊ တီကျစ်ကျောက်မီးသွေးမိုင်း၊ စက်ရုံရှိ ရေသန့်စနစ်နှင့် ကျောက်မီးသွေး ဓာတ်ခွဲစမ်းသပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်ရုံဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဝန်ထမ်းများအားလုံး စည်းလုံးစွာ ပူးပေါင်းဆောင်ရွက်နေကြသည်ကိုမြင်တွေ့ရ၍ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ လုံခြုံရေး၊ ကျန်းမာရေးတို့ကို အထူးဂရုစိုက်ကြရန်၊ လုပ်ငန်းခွင်အတွင်း အစဉ်တိုးတက်အောင်ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များမှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီး ဒုတိယဝန်ကြီးက အမှတ်တရသစ်သီးခြင်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သံတွဲမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**သံတွဲ ဇန်နဝါရီ ၂၈**

သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အထက(ခွဲ) မြို့မကျောင်း ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို



ရှင်းလင်းပြောကြားခြင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စိုးက ကျောင်းသား ကျောင်းသူများအား မိုဘိုင်းလ်ဖုန်းသုံးစွဲမှု၏ ကောင်းကျိုးနှင့် ဆိုးကျိုးဆိုင်ရာများကို အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ အထက(ခွဲ)မြို့မကျောင်း Grad-11 မှ ကျောင်းသားကျောင်းသူ ရှစ်ဦးက မိုဘိုင်းလ်ဖုန်းသုံးစွဲခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးမှုများအပေါ် အပြန်အလှန်ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

နွေရာသီ ကျောင်းပိတ်ရက်များတွင်လည်း ကျောင်းသားကျောင်းသူများနှင့် ပြည်သူများအတွက် အကျိုးပြုသင်တန်းများကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဖျာပုံမြို့ အထက(၁) ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**ဖျာပုံ ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှိ "ရာပြည့်ခန်းမ"၌ ကျင်းပသည်။ အခမ်းအနားတွင် Grade-10 ကျောင်းသား ကျောင်းသူလေးများက "မြန်မာ့ကျောင်း" သီချင်းသီဆိုကပြဖွင့်လှစ်ခဲ့ပြီး ဖျာပုံခရိုင် ပညာရေးမှူး ဆရာမကြီး ဒေါ်အေးမြင့်က အဖွင့်စကားပြောကြားသည်။

ယင်းနောက် ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ အထက(၁) ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုပေါင်း ၂၉၇ ဆုအား ထူးချွန်ဆရာ ဆရာမများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**၂၀၇**




# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအကြောင်း အသိပညာပေးဟောပြော

**ပြည် ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်နှင့်မြို့နယ်များတွင် "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေများအကြောင်း"ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခြင်းကို ယမန်နေ့က ပြည်ခရိုင် လူမှုဝန်ထမ်းရုံးခန်းမ၊ ဇန်နဝါရီ ၁၈ ရက်တွင် သဲကုန်းမြို့နယ် မူလတန်းကြိုကျောင်းနှင့် ဇန်နဝါရီ ၂၀ ရက်တွင် ပေါင်းတည်မြို့ Best Future Leader Preschool ပုဂ္ဂလိက မူလတန်းကြိုကျောင်းတို့၌ ဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောရာတွင် လူမှုဝန်ထမ်းဦးစီးဌာန ပြည်ခရိုင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးက "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါအခွင့်အရေးများ၊ ကလေးသူငယ်ဥပဒေပေါ်ပေါက်လာပုံသမိုင်းကြောင်းနှင့်ရည်ရွယ်ချက်၊ UNCRC ကို အစီရင်ခံစာတင်သွင်းမှုနှင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်မှုများ၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပုံစံအမျိုးမျိုးနှင့် ကလေးငယ်များကိုမွေးစားခြင်း"နှင့် ဦးစီးမှူး ဒေါ်ခင်နှင်းနှင်းယုက "မသန်စွမ်းကလေးများအားကာကွယ်စောင့်ရှောက်ခြင်း၊ အခြားနည်းလမ်းများဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း၊ ကလေးမှုခင်းများ ကြားနာစစ်ဆေးခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း"တို့ကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အနုပညာ

# ၂၀၂၂ ခုနှစ်အတွင်း အများဆုံးထုတ်လွှင့်ခဲ့ရတဲ့ ရုပ်သံအစီအစဉ်ဖြစ်လာတဲ့ Stranger Things



ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ Stranger Things ဟာ ၂၀၂၂ ခုနှစ်အတွင်း အများဆုံး ထုတ်လွှင့်ခဲ့ရတဲ့ ဇာတ်လမ်းတွဲနဲ့ ရုပ်သံအစီအစဉ်ဖြစ်ကြောင်း လတ်တလောမှာ နယ်လ်ဆန်က ထုတ်ပြန်ခဲ့တဲ့ အချက်အလက်တွေကိုကိုးကားကာ အေးရှားဝမ်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

**မိနစ်ပေါင်း ၅၂ ဘီလီယံ ကြည့်ရှုမှုရှိ**

နက်ဖ်လစ်ဇ်က ထုတ်လွှင့်ပြီး သဘာဝလွန် ဖြစ်ရပ်တွေအကြောင်း ပုံဖော်ထားတဲ့ အဆိုပါ ဇာတ်လမ်းတွဲမှာ မင်းသမီး မီလီဘော်ဘီဘရောင်းက အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားတာပါ။ အဆိုပါဇာတ်လမ်းတွဲဟာ နယ်လ်ဆန်က ထုတ်ပြန်ခဲ့တဲ့ နှစ်ကုန်စာရင်းမှာ မိနစ်ပေါင်း ၅၂ ဘီလီယံ ကြည့်ရှုမှုရှိခဲ့ပြီး အချိန်အများဆုံး ထုတ်လွှင့်ခဲ့ရတဲ့ ဇာတ်လမ်းတွဲနဲ့ ရုပ်သံ အစီအစဉ်အဖြစ် မှတ်တမ်းဝင်ထားတာလည်း ဖြစ်ပါတယ်။

**အေးပြည့် – စုစည်းသည်**



# ရုပ်သံဇာတ်လမ်းတွဲသစ်တွင် အိုင်ယူနှင့် ပတ်ဘိုဂန်းတို့ တွဲဖက်ပါဝင်မည်

တောင်ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲသစ်မှာ မင်းသား ပတ်ဘိုဂန်းနဲ့ မင်းသမီး အိုင်ယူတို့ တွဲဖက်ပါဝင်မှာဖြစ်ကြောင်း လတ်တလောမှာ အေဂျင်စီဘက်က ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇန်နဝါရီ ၂၇ ရက်မှာ ပန်းအင်တာတိန်းမန့်က ပတ်ဘိုဂန်းနဲ့ အိုင်ယူတို့ ရုပ်သံဇာတ်လမ်းတွဲသစ် တွဲဖက်သရုပ်ဆောင်မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဆိုပါဇာတ်လမ်းတွဲကိုတော့ You Did Good လို့ ယာယီအမည်ပေးထားကြောင်းလည်း သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲမှာ အဓိကဇာတ်ကောင်တွေဟာ ဂျယ်ဂျူကျွန်းမှာ မွေးဖွားခဲ့ကြတာဖြစ်ပြီး ၁၉၅၀ ပြည့်နှစ်ကာလတွေက ဂျယ်ဂျူကျွန်းကို နောက်ခံထားကာ ဇာတ်ကောင်တွေရဲ့ ဘဝကို ပုံဖော်မှာဖြစ်တယ်လို့လည်း သိရပါတယ်။ အဆိုပါဇာတ်လမ်းတွဲကို ယခုနှစ် နှစ်ကုန်ပိုင်းမှာ ထုတ်လွှင့်ဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# ဟသ်ာတမြို့နယ်၌ ထရန်စဖော်မာနှင့် ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဟသ်ာတ ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့တွင် ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်စေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက် ၈ နာရီတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ဦးဆောင်၍ ဝန်ထမ်းများနှင့်အတူ ကွင်းဆင်းဆောင်ရွက်သည်။

**စနစ်တကျဆောင်ရွက်**

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထရန်စဖော်မာများ ဝန်အားမျှခြင်းလုပ်ငန်းများနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေးအတွက် ရပ်ကွက်နှင့်ကျေးရွာများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော မီတာများ ရုပ်/ပျက်/နှေးဖြစ်ပေါ်မှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်းနှင့် ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**❂ အာရှဖလားမှ**

မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် မေလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး စက်တင်ဘာလတွင် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ၊ အောက်တိုဘာလတွင် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ ဒီဇင်ဘာလတွင် အာဆီယံ ယူ-၂၂ ချန်ပီယံရှစ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှဖလား ယူ-၂၃ ပြိုင်ပွဲ (ယခင် အာရှ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ) ကို ၂၀၁၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာအသင်းအနေဖြင့် ၂၀၁၄ ပြိုင်ပွဲ တစ်ကြိမ်သာ ခြေစစ်ပွဲအောင်မြင်ခဲ့ကာ နောက်ပိုင်းကျင်းပသည့် ၂၀၁၆၊ ၂၀၁၈၊ ၂၀၂၀၊ ၂၀၂၂ ပြိုင်ပွဲတို့တွင် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း မရှိပေ။

မြန်မာအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲအားလုံးအတွက် တပေါင်းတည်း လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်ပြီး နည်းပြသစ် ခန့်အပ်ပြီးပါက ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်း၏ ယခင်နည်းပြချုပ်ဖြစ်သူ ဘူလ်ဂေးရီးယားနိုင်ငံသား ပိုပေ့ါဗ်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းတွင် ရာထူးမှနုတ်ထွက်သွားသဖြင့် နည်းပြသစ်ခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

**❖ ကျောဖုံးမှ**

ဆက်တိုက်ဗိုလ်စွဲရာတွင် တစ်ရာသီလုံး ရှုံးပွဲမရှိဘဲ ချန်ပီယံဆုရရှိသည့်အကြိမ်က နှစ်ကြိမ်အထိပါဝင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအနေဖြင့် လာမည့်ရာသီတွင် ထပ်မံဗိုလ်စွဲပါက MNL ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် လေးရာသီဆက်တိုက် ချန်ပီယံဆုရသည့်အသင်းအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သလို အအောင်မြင်ဆုံးအသင်းဖြစ်သည့် ရန်ကုန်အသင်း၏ ချန်ပီယံဆုအရေအတွက်ကိုလည်း လိုက်မီသွားမည်ဖြစ်သည်။

**ပြည်တွင်းကစားသမား ရှစ်ဦး ခေါ်ယူထား**

ရှမ်းယူနိုက်တက်အသင်းသည် ရာသီကြိုပြင်ဆင်မှုများ ဆက်တိုက်ပြုလုပ်လျက်ရှိပြီး ဇန်နဝါရီ ၂၇ ရက်အထိ ပြည်တွင်းကစားသမား ရှစ်ဦးအထိ ခေါ်ယူထားပြီးဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်း ခေါ်ယူထားသည့်ကစားသမားများတွင် ဝါရင့်တိုက်စစ်မှူး ကျော်ကိုကို၊ ကွင်းလယ်ကစားသမား မျိုးကိုထွန်း၊ ရဲရင့်အောင်၊ အောင်ဝဏ္ဏစိုး(ရတနာပုံ)၊ လင်းထက်စိုး၊ ခင်ကျော်ဝင်း(အား/ကာသိပ္ပံ)၊ ထက်ဖြိုးဝေ၊ ဒေါင်ခေါင် တို့ကို ခေါ်ယူထားသည်။

ရှမ်းယူနိုက်တက်အသင်း၏ ရာသီကြိုပြင်ဆင်မှုနှင့် ပတ်သက်၍ အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက "လာမယ့်ရာသီအတွက် ကျွန်တော်တို့အသင်းအနေနဲ့ ပြင်ဆင်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းက MNL အမှတ်ပေးချန်ပီယံဆု ကာကွယ်နိုင်ဖို့အပြင် နိုင်ငံတကာပြိုင်ပွဲဖြစ်တဲ့ AFC Cup ပြိုင်ပွဲလည်း ယှဉ်ပြိုင်ဖို့ရှိတာကြောင့် ပြင်ဆင်မှုအပိုင်းကို ပြီးခဲ့တဲ့ရာသီထက် ပိုပြီးလုပ်ဆောင်နေပါတယ်။ တစ်ခြားအသင်းတွေလည်း ပြင်ဆင်မှုတွေပြုလုပ်နေတာကြောင့် လာမယ့်ရာသီ MNL ပြိုင်ပွဲက ပိုပြီးပြိုင်ဆိုင်မှုပြင်းထန်မယ်လို့ ထင်ပါတယ်။ ၂၀၂၃ ခုနှစ်မှာ ကျွန်တော်တို့အသင်းရဲ့ ရည်မှန်းချက်ကတော့ ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်တဲ့ MNL အမှတ်ပေးပြိုင်ပွဲမှာ လေးရာသီဆက်တိုက် ရယူနိုင်ဖို့နဲ့ နိုင်ငံတကာပြိုင်ပွဲဖြစ်တဲ့ AFC Cup ပြိုင်ပွဲမှာ ရလဒ်ကောင်းတွေရယူပြီး မှတ်ကျောက်တင်ခံရဖို့ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်း အမှုဆောင်အရာရှိချုပ် ဦးရဲမျိုးထွန်းက "ရာသီသစ်အတွက် ပြင်ဆင်မှုအပိုင်းနဲ့ပတ်သက်ပြီး အားရကျေနပ်ပါတယ်။ နိုင်ငံခြားသား ကစားသမားလည်း သုံးဦးခေါ်ယူအသုံးပြုမှာဖြစ်ပြီး ပြည်တွင်းကစားသမားတွေကိုလည်း လိုအပ်တဲ့နေရာတွေအတွက် အင်အားဖြည့်တင်းနိုင်ခဲ့ပါတယ်။ ကစားသမားတချို့ ပြည်ပထွက်ကစားရင်လည်း အသင်းအင်အားလုံလောက်မှုရှိအောင် ကစားသမားတွေ ဖြည့်တင်းထားပါတယ်။ ကျွန်တော်တို့အသင်းရဲ့ ရည်မှန်းချက်ကတော့ လာမယ့်ရာသီမှာ လေးရာသီဆက် MNL အမှတ်ပေးချန်ပီယံဖြစ်ဖို့ပါ။ ပြိုင်ပွဲသမိုင်းမှာ ပထမဆုံး လေးရာသီဆက် ဗိုလ်စွဲတဲ့အသင်းအဖြစ် မှတ်တမ်းဝင်အောင် ကြိုးစားမှာပါ။ ကျွန်တော်တို့အသင်းက တစ်ရာသီလုံး ရှုံးပွဲမရှိချန်ပီယံဆုကိုလည်း နှစ်ကြိမ်တောင်ရထားပြီးဖြစ်တာကြောင့် နောက်ထပ်စံချိန်သစ်တွေရယူနိုင်ဖို့ ကြိုးစားမှာပါ။ AFC Cup မှာလည်း ရလဒ်ကောင်းတွေရဖို့ ကြိုးစားမှာပါ"ဟု ပြောသည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – သော်ကြီး**

**❍ အက်ဖ်အေဖလားမှ**

လက်ရှိပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းနဲ့ လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းတို့ဟာ အခုဘောလုံးရာသီမှာ ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေး အပြိုင်ကြိုးပမ်းနေကြတာဖြစ်ပြီး ဖေဖော်ဝါရီ ၁၅ ရက်မှာ အမ်းမရိတ်ကွင်း၌ အာဆင်နယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် တွေ့ဆုံရဦးမှာ ဖြစ်ပါတယ်။

**ငွေကြယ်**

## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင် မူးယစ်ဆေး


**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၄၀၆)၊ ဧရိယာ(၀.၀၅၅ဧကေ)၊ အကျယ်အဝန်း (၂၄၀၀ စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၀၆)၊ ဘိုးဝဇီရာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ကြောင်း ဖွင့်ဟပြောဆိုဝန်ခံသူ ဒေါ်သဥ္ဇာငြိမ်းဟန်[၁၂/တမန(နိုင်)၁၀၃၅၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၁၆၃၄၀၅**



**ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်–၁၁၆၊ (၆–လွှာ/ဘီ)၊ တိုက်ခန်းအရောင်းအဝယ်အတွက် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

၁။ အထက်ခေါင်းစီးပါ တိုက်ခန်းကို တရားဝင်ဝယ်ယူ/လက်ရှိနေထိုင်ကြသူ ဒေါ်မေမျိုးဟန်[၁၂/မဂတ(နိုင်)၀၈၀၈၇၈] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖူးဝေမျိုး[၁၀/ရမန(နိုင်)၁၁၅၉၂၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဤကြေညာစာ သတင်းစာတွင် ဖော်ပြပါရှိသည့်နေ့မှ (၇)ရက်အတွင်း မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ကန့်ကွက်မှုပြုနိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်ဖူးဝေမျိုး**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိုးမြင့်**
**B.Sc(Geol): H.G.P,R.L, D.B.L, D.M.L, D.I.L, D.APsy, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၃၉၉/၃–၄–၁၉၉၇)**
**အမှတ်–၅၁/ဘီ–၁၊ ရုံးခန်းအမှတ်–၆(ပထမထပ်)၊ စကိုင်းစတားဟိုတယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၇၉၄၈၆**

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (**အပျို**)ဖြစ်ရမည်။

(ခ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈** ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၂၆ ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## မင်းကွန်းတိပိဋက-နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကရေ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြုံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၁၀၀၀၀ဝိ/- | ပိတ်ရက် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၂၀၀၀ဝိ/- | မရှိ |
| ၃။ | ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ဝိ/- | လှူဒါန်း |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ဝိ/- | နိုင် |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်-၇၅၀၀ဝိ/- | ပါသည် |
| ၆။ | ကျောင်းရှိသံဃာအကုန် နေ့ဆွမ်း | ကျပ်-၁၅၀၀၀ဝိ/- | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

မှတ်ချက်။ ။အရုဏ်ဆွမ်းနှင့်နေ့ဆွမ်းနှုန်းထားကို (၆-၈-၂၀၂၀)မှ စတင်၍ ပြောင်းလဲသတ်မှတ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ-နိ ရန်ကုန် တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
- မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
- KBZ BAHOSI BR Yangon. A/C No.061-301-06100094501 -ဦးသိန်းလှိုင်
- AGD Bank(MGTN), A/C 3240301000254013
- CB Bank A/C 0002600 1000 28851

AYA Bank A/C 40020682989

A Bank A/C-0014010200009553

ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉-၄၄၃၁၉၇၉၉၅

၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၁၃၁၀၂၃-ဦးဝင်းဆွေ

၃။ တိပိဋက-နိကာယ မော်လမြိုင်ကျောင်းတိုက်၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမ၊ ရန်ကုန်။ ဖုန်း-၀၉-၄၄၃၁၉၇၉၉၅၊ ၀၉-၇၉၅၇၉၅၇၉၀

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ(၁၆)လမ်းအနောက်၊ တိုက်အမှတ်(၃)၊ မြေကွက်အမှတ်-၉၀၂(က) ဟုခေါ်တွင်သော မြေပေါ်တွင်တည်ဆောက်ထားသည့် ၁ ခန်းတည်း ၅ထပ်အဆောက်အဦ၏မြေညီထပ်၊ အကျယ်အဝန်း(၁၈ပေ x ၅၅ပေ)ရှိသောတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဦးမြင့်သန်း(ခ) ဦးတိုးဖြူ[၁၂/မဂတ(နိုင်)၀၄၆၃၈၉]မှ လက်ဝယ်ထားပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်မင်းခေါင်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၃၄)**

**အမှတ်(၆)၊ (၆)လွှာ၊ ရန်ပြေ(၁၈)လမ်း၊ အနောက်(၃)ရပ်ကွက်၊ ရန်ပြေ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၁၅၃၂**

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ တိုက်(၂)၊ အခန်းအမှတ်(B 4)(၄ လွှာ၊ ဝဲဘက်) ဟုခေါ်တွင်သော (အလျား ၁၁ ၁/၂ x အနံ ၄၇)ပေရှိ၊ ရေ မီးအစုံ တိုက်ခန်းနှင့် ယင်း၏အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နီလာ[၁၄/ညတန(နိုင်)၀၀၀၇၃၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အား ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ဦးမင်းဆွေ [၈/ထလန(နိုင်)၀၀၀၅၂၃]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဟိဏ်းနေစိုး LL.B, MA(Business Law), MBA(Candidate), DBL, DLS, ADHNA (India), HLS2SX (Harvard University), DL-101, DL-117, PCT-101E22 (WIPO, Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၇၈)**

**အမှတ်(၇၈၇/၁၀)၊ ကျောင်းကုန်း(၃)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၆၉၈၂၀၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၄၀၂၊ သန္တာ(၆)လမ်း၊ အကျယ်အဝန်း(၄၀x၆၀)ပေ ဦးစိုးတင့် (CG -၀၆၇၇၅၁) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော ခြေရင်းပိုင်း (အလျား၁၀ပေxအနံ ၆၀ပေ) အကျယ်အဝန်းရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူဦးပြည့်စုံ[၁၂/ဥကမ(နိုင်)၁၉၇၇၁၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေတို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိအိအောင်(LL.B,WIPO)**

**အထက်တန်းရှေ့နေ(စဉ်-၅၄၂၈၂)**

**အမှတ်(၉၄)၊ ပါရမီလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၄၂၃၄၃၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ တောင်တွင်းကြီးလမ်း၊ အမှတ်-၁၅၂၇ (က)၊ အကျယ်အဝန်း(၁၉.၆ပေx၆၀ပေ)ရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် လက်ရှိထား ပိုင်ဆိုင်သူ ဦးထိန်လင်းဦး [၁၂/ကမတ(နိုင်)၀၀၅၄၃၉]မှ ၎င်းအမည်ပေါက် ပိုင်ဆိုင်လက်ရှိဖြစ်ကြောင်း ဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးစိုးပြည့်အောင်[၁၂/အစန(နိုင်)၁၉၅၇၄၀]၊ မသဲစုဝင်း[၁၂/လသယ(ပြု)၀၀၀ ၉၉၉]တို့အား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီခဲ့ပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍(၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဇင်မောင်မောင် | ဒေါ်ငြိမ်းဆုလှိုင် | ဦးကျော်မင်းထိုက် |
|---|---|---|
| (စဉ်-၁၃၀၁၁) | (စဉ်-၁၂၉၉၈) | (စဉ်-၅၄၂၆၀) |
| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |

**အမှတ်-၂၈၊ မင်းရဲကျော်စွာ(၁၈)လမ်း၊ (၃/၅)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**

## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၁၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည် -

**ဘွဲ့နှင်းသဘင်(ပထမနေ့) ၂၅-၂-၂၀၂၃ ရက်(စနေနေ့)**
**နံနက်ပိုင်း (နံနက် ၉:၀၀)နာရီ**

| စဉ် | ဘွဲ့အမည် | အထူးပြု |
|---|---|---|
| က။ | မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့<br>ဂုဏ်ထူးဘွဲ့<br>ရိုးရိုးဘွဲ့ | မြန်မာစာ၊ ဒဿနိကဗေဒ၊<br>ရူပဗေဒ၊သတ္တဗေဒ၊ဘီတီ |

**ဘွဲ့နှင်းသဘင်(ပထမနေ့) ၂၅-၂-၂၀၂၃ ရက် (စနေနေ့)**
**မွန်းလွဲပိုင်း( မွန်းလွဲ ၂:၀၀)နာရီ**

| စဉ် | ဘွဲ့အမည် | အထူးပြု |
|---|---|---|
| ခ။ | မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့<br>ဂုဏ်ထူးဘွဲ့<br>ရိုးရိုးဘွဲ့ | အင်္ဂလိပ်စာ၊ သမိုင်း၊ သင်္ချာ၊<br>ရုက္ခဗေဒ၊အီးအက်စ် |

**ဘွဲ့နှင်းသဘင်(ဒုတိယနေ့) ၂၆-၂-၂၀၂၃ ရက် (တနင်္ဂနွေနေ့)**
**နံနက်ပိုင်း(နံနက်၉:၀၀)နာရီ**

| စဉ် | ဘွဲ့အမည် | အထူးပြု |
|---|---|---|
| ဂ။ | မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့<br>ဂုဏ်ထူးဘွဲ့<br>ရိုးရိုးဘွဲ့ | ပထဝီဝင်၊ ဓာတုဗေဒ၊<br>ဘူမိဗေဒ၊ ကုန်ထုတ်<br>ဓာတုဗေဒ |

**ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

၂။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို (၂၀၁၉-၂၀၂၀ ပညာသင်နှစ်) ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာဘွဲ့ /မဟာသိပ္ပံဘွဲ့၊ ၂၀၂၀ ခုနှစ်၊ မတ်လနှင့် ၂၀၂၁ခုနှစ်၊ ဇွန်လတွင် ကျင်းပခဲ့သော ဝိဇ္ဇာဂုဏ်ထူးဘွဲ့/ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲ ၊ (၂၀၂၁-၂၀၂၂ ပညာသင်နှစ်) ၂၀၂၂ခုနှစ်၊ မတ်လ/ဧပြီလနှင့် ဩဂုတ်လတွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့ စာမေးပွဲဖြေဆို အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင် တက်ရောက်/အဝေးရောက် လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း+မိတ္တူ)နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား(မူရင်း+မိတ္တူ)၊ လွန်ခဲ့သော(၃)လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ (၂ "x ၁ ၁/၂ ") အရွယ် (၃)ပုံ နှင့်အတူ လျှောက်ထားရမည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် (၁၅၀၀/-) (တစ်ထောင့်ငါးရာကျပ်တိတိ) နှင့် အဝေးရောက် ဘွဲ့ယူမည့်သူများသည် (၁၀၀၀/-)(တစ်ထောင်ကျပ်တိတိ) ကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ငွေလက်ခံဌာနသို့ ပေးသွင်းရမည်။

၄။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးများကို ငွေလက်ခံဌာနစိတ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ထန်းတပင်မြို့နယ်သို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့်ပေးပို့ပြီး အောက်ခြေတွင် လျှောက်လွှာရှင်အမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊ ဘွဲ့ရစာမေးပွဲအောင်မြင်သည့် ခုနှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။ (သို့မဟုတ်) ကိုယ်တိုင် လာရောက်ပေးသွင်းနိုင်ပါသည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို (၂၈-၁-၂၀၂၃) ရက်နေ့မှ (၂၀-၂-၂၀၂၃)ရက်နေ့ထိ (စနေ၊ တနင်္ဂနွေရက် အပါအဝင်) ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့တက်ရောက်ရန် လျှောက်ထားပြီး ပျက်ကွက်သူများ၏ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ပွဲ ဝင်ခွင့်လက်မှတ်နှင့် ဘွဲ့ဝတ်စုံ ငှားရမ်းခွင့်ထောက်ခံစာကို (၂၂-၂-၂၀၂၃)ရက် (ဗုဒ္ဓဟူးနေ့) မှ စတင်၍ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနခွဲတွင် ထုတ်ပေးပါမည်။

၈။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)တို့မှ မိမိကြိုက်နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရပါမည်။ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သော ဝတ်စားဆင်ယင်မှုဖြင့် ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၉။ အသေးစိတ်သိလိုသော အချက်အလက်များရှိပါက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနခွဲ ဖုန်းနံပါတ် (၀၉-၂၅၈၈၃၂၀၉၂) နှင့် (၀၉-၄၂၀၁၄၇၃၇၉)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁၀။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့လျှောက်ထားရန် ပျက်ကွက်ခဲ့သူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားနိုင်ပါသည်။

**အမာရင်**

**ဌာနမှူး၊ သင်တန်းရေးရာဌာန**

## အမြန်ရောင်းမည်

လူစည်ကားပြီး စီးပွားရေး အချက်အချာကျတဲ့နေရာ ဒေါပုံမြို့နယ်၊ ယမုံနာလမ်း(၂၅x၅၀)ပေ (၇)ထပ်တိုက်လုံးချင်း ပြင်ဆင်ပြီး၊ အရှုပ်အရှင်းမရှိတစ်ဦးတည်းပိုင်။

**ဆက်သွယ်ရန်- ၀၉-၄၀၀၅၅၃၇၅၅**

**အသိပေးကြေညာခြင်း**

Yangon Petrol Co.,Ltd အနေဖြင့် စက်သုံးဆီအရောင်းဆိုင် များ ဖွင့်လှစ်ရောင်းချရန်အတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နှင့် ဒလမြို့နယ်များရှိ မြေနေရာများအား ဌာနမှ နှစ်(၆၀)မြေငှား စာချုပ်(ဂရန်)များထုတ်ပေးထားမှုနှင့်ပတ်သက်၍အောက်ဖော်ပြပါ မြေနေရာများအားထုတ်ပေးထားသည့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)များအား လုပ်ထုံးလုပ်နည်းနှင့်အညီပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၆၂)၊ မြေကွက်အမှတ်(၁)၊ဂရန်စာအုပ်အမှတ်- A 0037058 A၊ ဧရိယာ(၆၃.၈၉၅) ဧက၊ အမည်ပေါက် Golden Star Co.,Ltd

(ခ) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်(၁/တိုးချဲ့)၊ မြေကွက်အမှတ် (၆၁၃)၊ ဂရန်စာအုပ်အမှတ်- A 0038147 A၊ ဧရိယာ(၄.၉၄၁)ဧက၊ အမည်ပေါက် Yangon Petrol Co.,Ltd

(ဂ) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၇)၊ မြေကွက်အမှတ် (၁/က)၊ဂရန်စာအုပ်အမှတ်- A 0039600 A ၊ဧရိယာ(၀.၇၅၂) ဧက၊ အမည်ပေါက် Yangon Petrol Co.,Ltd

(ဃ) ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃)၊ မြေကွက်အမှတ် (၁၄၂၄)၊ ဂရန်စာအုပ်အမှတ်- A 0041013 A၊ ဧရိယာ(၁.၄၁၅)ဧက၊ အမည်ပေါက် Yangon Petrol Co.,Ltd

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှူထမ်းရပ်ကွက်၊ ကွင်းအမှတ်(၂၇)၊ ကျိုက်ဖောခိတောင်ကွက်၊ ဦးပိုင်အမှတ်(၂၂)အတွင်း၊ လက်ရှိအခေါ် အမှတ်(၂၀)၊ မြတ်လေးလမ်း၊ အမှူထမ်းရပ်ကွက်၊ သန်လျင်မြို့ မှ ဧရိယာ(၄၀x၅၅) ပေအကျယ်ရှိ မြေကွက်၏ခြေရင်း(အနောက်ဘက်)ခြမ်း(၂၀x၅၅)ပေအကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားအရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်ထားသူ ဒေါ်ခင်ဦးလှိုင်[၁၂/ခရန(နိုင်)၀၉၈၁၁၃]၊ အမှတ်(၁)အေးမေတ္တာလမ်း၊ အမှူထမ်းရပ်ကွက်၊ သန်လျင်မြို့နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းဖော်ပြပါ အိမ်ခြံမြေ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အပြီးသတ်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းထွန်းစိုး(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၂၃၂၈၅) (၈-၃-၂၀၀၄)**

**အမှတ်-၁၃/၉၊ ကျောင်းလမ်း၊ ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့၊**

**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၅၈၄၅၈၄၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ အရှေ့ပိုင်း နယ်မြေ(၁)၊ ဗိုလ်ချုပ်ရွာမလမ်း၊ အမှတ်(၁/၅၀)၊ (၁/၅၀-ခ)ဟုခေါ်တွင်သော စုစုပေါင်းဧရိယာ အလျား x အနံ(၃၆ x ၅၀)ပေအကျယ်ရှိ မြေကွက်နှင့် ၎င်းမြေကွက် ပေါ်ရှိ လူနေအိမ်နှစ်လုံး၊ လျှပ်စစ်မီတာနှစ်လုံး၊ ဆိုင်ခန်းတစ်ခန်း၊ ဂိုဒေါင်တစ်လုံး၊ ရေစင်၊ ရေစက်၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်း အဆိုပြုသူ ဦးထွန်းထွန်းနိုင်[၁၂/သလန(နိုင်)၀၆၃၀၂၂]၊ အထက်လိပ်စာနေသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းဖော်ပြပါ အိမ်ခြံမြေအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အပြီးသတ်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းထွန်းစိုး(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၂၃၂၈၅) (၈-၃-၂၀၀၄)**

**အမှတ်-၁၃/၉၊ ကျောင်းလမ်း၊ ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့၊**

**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၅၈၄၅၈၄၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/၁)၊ လူနေရပ်ကွက်အမှတ်- မြင်သာစုပေါင်း အိမ်ရာ၊ မြေကွက်အမှတ် (၉/၂)၊ အကျယ်အဝန်း (၁၆၈၀) စတုရန်းပေရှိ နှစ် (၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၉/၂)ဟုခေါ်တွင်သော နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဂရန်အမည်ပေါက် ဒေါ်တင်တင်အေး (BV-၀၃၂၈၇၁)၊ [၁၂/ဥကတ(နိုင်)၁၀၂၅၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စိုးစိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၉၃)**

**အမှတ်(၃၃/၂)၊ (၃)လမ်း၊ (၁၄/၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၄၃၆၈၈၊ ၀၉-၄၄၃၀၀၈၂၇၉**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး
## ဦးထိန်နန်းမြင့်
## ရွှေကုက္ကိုလ်ယာဉ်မောင်းသင်တန်းကျောင်း၏ ကျောင်းအုပ်ကြီး
## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ လှိုင်ကော်လမ်း၊ အမှတ်(၂၀၈/က)နေ (ဦးချစ်သောင်း-ဒေါ်ခင်စု)တို့၏သား၊ ဦးစစ်မောင်-(ဒေါ်မြင့်)တို့၏သားသမက်၊ ဒေါ်သန်းသန်း၊ ဦးအောင်ခိုင်မင်း-(ဒေါ်ညိုညို)၊ (ဦးကံထက်)-ဒေါ်ကြူကြူတင်၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းမြင့်၊ (ဦးငွေးမြင့်)တို့၏ ညီ/မောင်၊ ဦးဆန်းမြင့်-ဒေါ်အေးမြချို၊ ဦးအောင်မိုးမြင့်၊ ဒေါ်စိုးစိုးမြင့်၊ ဦးတင်မောင်တိုးမြင့်-ဒေါ်လဲ့လဲ့ဝင်း၊ ဦးထွန်းနေမျိုး-ဒေါ်စိုးမမ၊ ဦးမိုးကျော်ကျော်-ဒေါ်မေနှင်းမောင်၊ ဦးအောင်နိုင်ထွန်းတို့၏ အစ်ကို၊ ဒေါ်မြင့်မြင့်ဦး၏မောင်၊ ဒေါ်ခင်မေသန်း၏အစ်ကို၊ မကေခင်ခင်(Telecom International Myanmar Co.,Ltd)၊ မောင်ထက်အောင်လွင်(TUမှော်ဘီ)တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်မြင့်မြင့်ဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၇-၁-၂၀၂၃ (သောကြာနေ့) ည ၉:၁၅ နာရီတွင် ၇၆ ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၉-၁-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၂၃ (ကြာသပတေးနေ့)တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)
## ဂုဏ်ထူးဆောင် ဦးစီးနာယက
## ဦးစစ်ရွှေ
## အသက်(၉၁)နှစ်

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင် ဦးစီးနာယက ဦးစစ်ရွှေသည် ၂၇-၁-၂၀၂၃ (သောကြာနေ့)တွင် အမှတ်(၅၅)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၂၃(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## ဦးစစ်ရွှေ(မြောင်းမြ)
## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၅)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်နေ (ဦးကျင်ဟုံ-ဒေါ်စောမယ်)တို့၏သား၊ (ဦးကေဘကြီး-ဒေါ်စန်းကြည်)တို့၏သားသမက်၊ (ဒေါ်ခင်သန်း)၏ခင်ပွန်း၊ ဦးဆန်နီ-ဒေါ်တင်တင်၊ Dr-သန့်ဇင်- Dr-သန္တာတင်မြင့်၊ (မနွယ်နီ)၊ မချယ်ရီ(စာရင်းစစ်ချုပ်ရုံး-ငြိမ်း)၊ ဦးအောင်ဇင်၊ ဒေါ်မြတ်မြတ်ထွေးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဝင်းထွဋ်အောင်-မကြည်သာ၊ မစန္ဒီ၊ မအင်ကြင်းတို့၏ ဘိုးဘိုးကြီးသည် ၂၇-၁-၂၀၂၃ (သောကြာနေ့) ညနေ ၄:၁၃ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃၁-၁-၂၀၂၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။
(နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

သင့် သွေး ဖြင့် အသက် ကယ် ပါ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၃/စက်မှုဇုန်၊ မြေကွက်အမှတ်-၈၄၁၊ မြေကွက်တည်နေရာအမှတ်-၈၄၁၊ ပန်းခြံလမ်း၊ ၆၃ (စက်မှုလက်မှု)၊ ဒဂုံတောင် ဦးလှဌေး(TGA-013048) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးလှဌေး(ခင်ပွန်း)ဖြစ်သူသည် (၂၅-၄-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်ပြီး ဇနီးဖြစ်သူ ဒေါ်ကြည်[၁၂/သဃက(နိုင်)၀၁၁၄၅၄]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၈၅၆၄/၂၀၀၉(၂၄-၉-၂၀၀၉) ရရှိသူ ဒေါ်နီနီဦး [၁၂/ဒဂတ(နိုင်)၀၃၆၆၁၇]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်ကြောင်း အခြားတစ်ဦးတစ်ယောက်မျှ အမွေဆက်ခံခွင့်မရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်-၁၄၃၇/၂၀၂၂ (၂၂-၈-၂၀၂၂)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ- ၈၅၆၄/၂၀၀၉ (၂၄-၉-၂၀၀၉)ဖြင့် ကိုယ်စားလှယ်လွှဲသူသက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၄၃၉/၂၀၂၂ (၂၂-၈-၂၀၂၂)၊ နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်/အပိုင်ပေးမြေပုံကူး လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်သွပ်မိုးအုတ်သွပ်ကာ(၁)လုံးရှိပြီး မြေကွက်အမှတ်-၈၄၂နှင့်တစ်ဆက်တည်း ဆောက်လုပ်ထားပြီး လူမနေ ကိုယ်တိုင်လုပ်ငန်းလုပ်ကိုင်ပြီး ဒေါ်နီနီဦးမှ သိရှိသဘောတူ လက်မှတ်ရေးထိုးပေးပါသဖြင့် GP ဒေါ်နီနီဦး၏ ပိုင်ဆိုင်/အပိုင်ပေးမြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၄၉၂)၊ မြေကွက်တည်နေရာအမှတ်(၄၉၂)၊ (၉)ရပ်ကွက်၊ ဒဂုံအရှေ့၊ ဦးဖေကြည်(MMN-၅၂၉၇၈၆)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးဖေကြည်(MMN-၅၂၉၇၈၆)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မေရီညွန့် [၁၂/သကတ(နိုင်)၀၃၅၇၇၃]မှ တဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ နိုင်ကတ်မူရင်း၊ ဂရန်မူရင်း၊ သေစာရင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား မြို့မြေစာရင်းတွင် ဂရန်ထုတ်ပေးရက်စွဲမှားယွင်းနေခြင်းအား တင်ပြဂရန်အား အထောက်အထားပြု၍ ရုံးမိန့်ဖြင့်ပြင်ဆင်မှတ်သားပြီး၊ တင်ပြကျမ်းကျိန်များတွင် မြို့နယ်မှားနေခြင်းအား အကြောင်းကြားခဲ့ရာ လာရောက်တင်ပြပြီးဖြစ်ပါသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် တစ်ထပ်သွပ်မိုး(၁)လုံးရှိပြီး လျှောက်ထားသူ၏တူမနေထိုင်ပြီး (၂၀'x ၆၀')အား ရောင်းချထားပါသည်။ (၂၀'x၆၀')တစ်ဝက်ရောင်းချထားခြင်းနှင့်ပတ်သက်၍ ပြဿနာတစုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း ဝင်စာအမှတ်(၁၂၂/၅-၁-၂၀၂၃)ဖြင့် ဝန်ခံကတိပြုတင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မေရီညွန့် [၁၂/သကတ(နိုင်)၀၃၅၇၇၃] မှ ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်၊ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

စာအုပ်စာပေ လူ့မိတ်ဆွေ

### ခရစ်တော်၌အိပ်ပျော်ခြင်း
### ဦးအက်(စ်)နော်ထိုး(S.Nawl Hto)
### ညွှန်ကြားရေးမှူး(မြို့ပြ)ငြိမ်း
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### လမ်းဦးစီးဌာန
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးဘအိုလမ်း၊ အမှတ်(၁၀) နေ ဒေါ်စိန်ထွေး(Sei Htwe)၏ချစ်လှစွာသောခင်ပွန်း၊ (U Hrang Hmung–Daw Kap Leng) တို့၏သား၊ (U Van Luai)၊ (U No Ling)၊ (Daw Fung Tial)၊ (Daw Cuai Dong)၊ (Daw Sia Vang) တို့၏ ညီ/မောင်၊ ဦးအက်(စ်)နော်ထိုးသည် ၂၈-၁-၂၀၂၃(စနေနေ့) နံနက် ၇:၃၃ နာရီတွင် နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၁-၂၀၂၃(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံခန်းမ၌ ဝတ်ပြုစည်းဝေးပြုလုပ်ပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးများနှင့် မိတ်ဆွေသင်္ဂဟများကို အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃/ကံဆွယ်မြောက်ရပ်)၊ ဦးပိုင်အမှတ်(၃၁)၊ မြေရိယာ (၀.၁၁၃)ဧကရှိ အစိုးရမြို့မြေကွက်အား ဒေါ်သီသီဦး(ဘ) ဦးအောင်စိန်[၉/လဝန(နိုင်)၁၅၁၇၇၅]မှ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြပြီး အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့်တင်ရန်မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ အမှတ်(K-၁၃၂)+(K-၁၅၁)ဟုခေါ်တွင်သော (အလျား၆၀ပေxအနံ ၄၀ပေ) ရှိ မြေကွက်(၂)ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ဝယ်ရှိပိုင်ဆိုင်သူ ဒေါ်အေး[၁၂/သလန(နိုင်)၀၇၆၉၅၉]ထံမှ မြေကွက်တန်ဖိုး၏စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွေးမင်းလတ် [၁၂/စခန(နိုင်)၀၁၉၅၃၈]**
**အမှတ်(၈၈)၊ မြေညီထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၆၇၆၅**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အောင်မေလှ
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောင်းလမ်း၊ အမှတ်(၃)နေ (ဦးမောင်မောင်ဆက်)၏ဇနီး၊ ဦးကျော်နိုင်စိုး-(ဒေါ်သင်းသင်းဆက်)၊ ဒေါ်စန္ဒာအောင်၊ ဦးစိုးမင်းဆက်-ဒေါက်တာဒေါ်စိမ်းလဲ့လဲ့ချို၊ ဦးထွန်းမင်းဆက်-ဒေါ်ကေခိုင်မျိုး တို့၏ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ အမရာကျော်ဆက်၊ ဒီပါကျော်ဆက်၊ သာရာချိုဆက်၊ မျိုးမောင်ဆက်၊ စန္ဒြာချိုဆက်၊ အေးမောင်ဆက်တို့၏ ဘွားဘွားကြီး ဒေါ်အောင်မေလှသည် ၂၈-၁-၂၀၂၃ ရက် နံနက် ၁၀:၅၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၃ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
(ကျောင်းလမ်းနေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၂၃ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

MOEE YESC

Hot Plate သုံး၍ ရေနွေးအိုးတည်ပါက ရေနွေးဆူမှတ်ထက် အချိန်ကျော်လွန်မှလူက မီးခလုတ်ကိုပိတ်ကြရသဖြင့် လျှပ်စစ်အသုံးပိုစေပါသည်။ ထို့ကြောင့် ရေဆူအမှတ်ရောက်သည်နှင့် အလိုအလျောက်ခလုတ်ပိတ်သော အီလက်ထရောနစ် ရေနွေးအိုးကို အသုံးပြုသင့်ပါသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ **MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ ပြည်တွင်းစီးပွားရေးဖြစ်သည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်များ ရရှိနိုင်စေရန်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်တွင် မန်စီးတီးက အာဆင်နယ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ

မန်စီးတီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ ဇန်နဝါရီ ၂၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်မှာ မန်စီးတီးအသင်းက အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် မန်စီးတီးအသင်းဟာ နောက်တစ်ဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်း ပွဲကစားချိန် ၆၄ မိနစ်မှာ မန်စီးတီးအသင်းက နက်သန်အကဲရဲ့ သွင်းဂိုးရရှိခဲ့လို့ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၅ ကော်လံ ၅ သို့ ○





၂၀၂၂ ခုနှစ်က ဖွဲ့စည်းခဲ့သည့် မြန်မာ ယူ-၂၂ အသင်း ကစားသမားများကို တွေ့ရစဉ်။

## အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကျင်းပမည့်ရက် သတ်မှတ်

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၄ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကျင်းပမည့်ရက် သတ်မှတ်ခဲ့ပြီး စက်တင်ဘာလတွင် ကျင်းပသွားမည်ဖြစ်သည်။

ယင်းခြေစစ်ပွဲကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံ ၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာရှဖလား ယူ-၂၃ ခြေစစ်ပွဲမှာ ၂၀၂၃ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအနက် တစ်ခုအပါအဝင်ဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၅ သို့ ✪

**ယနေ့ ဖတ်စရာ**


**တရုတ်နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးကဏ္ဍသည် ကမ္ဘာတစ်ဝန်းရှိ သင်္ဘောတည်ဆောက်ရေးဈေးကွက်ကို ဆက်လက်ဦးဆောင်လျက်ရှိ** စာမျက်နှာ » ၁၃

**စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သလဲဘာကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးပြီး ကျေးရွာအတွင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်မှုကြောင့် ဘုန်းတော်ကြီးတစ်ပါး ပျံလွန်တော်မူ၊ ကျေးရွာနေ အပြစ်မဲ့အမျိုးသား ငါးဦးနှင့် အမျိုးသမီး သုံးဦး သေဆုံး၊ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ** စာမျက်နှာ » ၁၅


## လေးရာသီဆက် MNL အမှတ်ပေးချန်ပီယံဆုအတွက် ရှမ်းယူနိုက်တက်အသင်း ပြင်ဆင်



ရန်ကုန် ဇန်နဝါရီ ၂၈

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဖေဖော်ဝါရီလ တတိယပတ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများမှာ ရည်မှန်းချက်ကိုယ်စီ၊ ရည်ရွယ်ချက်ကိုယ်စီဖြင့် ရာသီကြိုပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ MNL အမှတ်ပေးပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းလည်းဖြစ်၊ သုံးရာသီဆက် ဗိုလ်စွဲထားသည့်အသင်းလည်းဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းမှာမူ လာမည့်ရာသီတွင် စံချိန်တင် လေးရာသီဆက် ချန်ပီယံအိပ်မက်ကို အသက်သွင်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးငါးရာသီတွင် အမှတ်ပေးချန်ပီယံဆု လေးကြိမ်အထိ ရရှိထားသည့်အသင်းဖြစ်ပြီး သုံးရာသီ

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖